# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်    ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၉ ရက်၊ ကြာသပတေးနေ့    အတွဲ (၅၉)၊ အမှတ် (၂၈၀)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ကော်မရှင်အဖွဲ့ဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ကော်မရှင်အဖွဲ့ဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး လာမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင်၊ ဒေါက်တာ ဖေမြင့်၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❇

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ကမ္ဘာ့အလုပ်အကိုင် ကဏ္ဍဆိုင်ရာ ILO ကမ္ဘာ့ထိပ်သီးအစည်းအဝေး ကာလအတွင်း ကျင်းပသည့် ကမ္ဘာ့ခေါင်းဆောင်များနေ့ အခမ်းအနားတွင် ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ကမ္ဘာ့အလုပ်အကိုင် ကဏ္ဍဆိုင်ရာ ILO ကမ္ဘာ့ထိပ်သီးအစည်းအဝေး ကာလအတွင်း ကျင်းပသည့် ကမ္ဘာ့ခေါင်းဆောင်များနေ့ အခမ်းအနားတွင် ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ COVID-19 ကူးစက်ရောဂါနှင့် ကမ္ဘာ့အလုပ်အကိုင် ကဏ္ဍဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေးကာလအတွင်း ကျင်းပသည့် ကမ္ဘာ့ခေါင်းဆောင်များနေ့ အခမ်းအနားတွင် ဗီဒီယိုဖြင့် မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့သည်။

အဆိုပါ ကမ္ဘာ့ခေါင်းဆောင်များနေ့ အခမ်းအနားတွင် ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder က သဘာပတိအဖြစ် ဆောင်ရွက်လျက် အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ILO အဖွဲ့ဝင်နိုင်ငံ ၅၅ နိုင်ငံမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဗီဒီယိုဖြင့် မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❑


**ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ**

**ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# စည်းလုံးညီညွတ်ခြင်းဖြင့် ရာဇဝင်ကို စာတင်

ဒုတိယကမ္ဘာစစ်ကြီးပြီးချိန်တွင် မြန်မာနိုင်ငံမှာ ပြာပုံသာသာဘဝသို့ ကျရောက်ခဲ့ရသည်။ အဓိကအကြောင်းရင်းမှာ ကိုလိုနီနယ်ချဲ့အစိုးရဖြစ်သည့် ဗြိတိသျှတို့ ၁၉၄၂ ခုနှစ်တွင် ထွက်ပြေးခါနီးအချိန် မြေလှန်စနစ်ဖြင့် စီးပွားရေးအရင်းအမြစ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းနှင့် ဒုတိယကမ္ဘာစစ်ကာလ မြန်မာနိုင်ငံ စစ်မြေပြင်ဖြစ်လာသောအခါ ဗုံးကြဲဖျက်ဆီးခံရခြင်းတို့ကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ၁၉၄၇ ခုနှစ် ဧပြီလ အထွေထွေ တိုင်းပြု ပြည်ပြု ရွေးကောက်ပွဲကြီး၌ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဖဆပလအဖွဲ့ချုပ်၏ ကိုယ်စားလှယ်များ တစ်ခဲနက်ရွေးချယ်ခံရပြီးနောက် အမျိုးသားအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည့်အခါ နိုင်ငံလွတ်လပ်ရေးနှင့် လွတ်လပ်ပြီးနောက် တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် ပြည်သူလူထုကို ဦးဆောင်စည်းရုံးခဲ့ရသည်။ လှုံ့ဆော်တိုက်တွန်းခဲ့ရသည်။

ထိုစဉ်က မလွတ်လပ်သေးသည့် မြန်မာနိုင်ငံအနေဖြင့်လည်းကောင်း၊ အနာဂတ်တွင် လွတ်လပ်လာမည့် မြန်မာနိုင်ငံအနေဖြင့်လည်းကောင်း အသက်တမျှ အရေးကြီးသည်မှာ စည်းလုံးညီညွတ်ရေးဖြစ်သည်ဟု မျှော်တွေးကာ ပြည်သူလူထုအတွင်း ညီညွတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ဆောင်ရွက်ရန်၊ ကြီးမားသည်ထက် ကြီးမားအောင် ကြိုးစားကြရန် နှိုးဆော်ခဲ့သည်။ ထို့အပြင် အရှေ့တောင်အာရှဒေသ နိုင်ငံများအားလုံး သွေးစည်းညီညွတ်ရေးကို ပြုစုပျိုးထောင်ပြီး ပြည်ထောင်စုကြီးတစ်ခု နောက်ဆုံးတွင် ဖြစ်သွားအောင် လုပ်ငန်းများစတင်ရန် ထိုစဉ်ကပင် မိန့်ကြားခဲ့ရာ မျက်မှောက်ကာလ အရှေ့တောင်အာရှနိုင်ငံများ အသင်းကြီးကဲ့သို့သော စိတ်ကူးမျိုးကို ထိုစဉ်ကပင် ဗိုလ်ချုပ်က စိတ်ကူးမျှော်မှန်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယ၊ တရုတ်တို့နှင့် မိတ်ဆွေဖြစ်ရေး ကြိုးစားရန်အတွက်လည်း တိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံသည် အာရှ၏အင်အားကြီး နိုင်ငံကြီးနှစ်နိုင်ငံ၏ကြားတွင် ပေါင်းကူးတံတားသဖွယ် တည်ရှိနေပြီး တောင်အာရှနှင့် အရှေ့တောင်အာရှတို့အကြားတွင် ပထဝီနိုင်ငံရေးအရ အရေးပါသည့်နေရာ၌ တည်ရှိနေသည့်အလျောက် စည်းလုံးညီညွတ်ရေးက နိုင်ငံနယ်နိမိတ်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံလွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးတို့အတွက် မရှိမဖြစ်သည့် အသက်သွေးသဖွယ်ပင်ဖြစ်သည်။ ပြည်သူလူထုအတွင်း စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားများအချင်းချင်း စည်းလုံးညီညွတ်ရေးတို့ကို သွေးခွဲသပ်လျှိုဖြိုခွင်းမှုများက နိုင်ငံမတည်တံ့ မခိုင်မြဲအောင် ၊ နိုင်ငံ့လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးသွားအောင် ကြိုးပမ်းခြင်းဖြစ်သည်ကို သိရှိနားလည်ကြရမည်ဖြစ်သည်။ နိုင်ငံ၏ အင်အားသည် နိုင်ငံအတွင်းမှာသာ ရှိသည်ကို သိနားလည်ကြရန် ဗိုလ်ချုပ်က မိန့်ကြားခဲ့ရာ ယင်းအဆိုအမိန့်က ယနေ့တိုင်ခေတ်မီနေဆဲ၊ မှန်ကန်နေဆဲဖြစ်ပြီး အနာဂတ်ထိအောင်လည်း မှန်ကန်နေလိမ့်မည်ဖြစ်သည်။

"ကျွန်ုပ်တို့၏ ကံကြမ္မာကို ကျွန်ုပ်တို့ ဖန်တီးဖို့အရေးသည် ကျွန်ုပ်တို့၏ လက်တွင်းမှာပင်ရှိ၏။ ကျွန်ုပ်တို့အင်အားကို ကျွန်ုပ်တို့ ယုံကြည်လျှင် ကောင်းကင်တမွတ် ကြယ်ကိုပင် ဆွတ်နိုင်ကြပေမည်" ဟူ၍ ဗိုလ်ချုပ်ကမိန့်ဆိုကာ နိုင်ငံအတွက် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ရန် သွေးစည်းညီညွတ်ကြဖို့ နှိုးဆော်ခဲ့သည်။ "ကျွန်ုပ်တို့သည် ညီညွတ်စွာ ကျွန်ုပ်တို့၏ ကာယဗလ၊ ဉာဏဗလ၊ သတ္တိဗျတ္တိနှင့် ကျွန်ုပ်တို့၏ ရာဇဝင်တွင် စာတင်နိုင်မည့် လွတ်လပ်ရေးအောင်မြင်မှုအတွက် ဆက်လက်ကြိုးပမ်းကြမည်"ဟူ၍လည်း သန္နိဋ္ဌာန်ချခဲ့ကြကာ လွတ်လပ်ရေးကို အရယူပေးခဲ့ကြသည်။

ဘိုးဘွားတို့ အသက်သွေးချွေးတို့ဖြင့် ရယူပေးခဲ့သည့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့အလယ် ဝင့်ထည်နိုင်ရေးအတွက် စည်းလုံးညီညွတ်မှု စုပေါင်းအင်အားကို ခိုင်ခိုင်မာမာ တည်ဆောက်၍ မိမိတို့ခေတ်၏ ရာဇဝင်ကို စာတင်နိုင်ကြပါစေကြောင်း။ ။

## သံအမတ်ကြီး ဒေါ်ကေသီစိုးအား ဟန်ဂေရီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ကေသီစိုးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဟန်ဂေရီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## သံအမတ်ကြီး ဒေါ်မွေးမွေးခိုင်အား ရိုမေးနီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မွေးမွေးခိုင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ရိုမေးနီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇူလိုင် ၈

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်း ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

## MRTV နှင့် JICA တို့၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းမှ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၈



ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ-JICA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း (Technical Cooperation Project) အရ ပြုလုပ်သည့် MRTV မှ ဝန်ထမ်းများ၏ အစီအစဉ်ထုတ်လုပ်မှု ထူးချွန်ဆု (MRTV Program Award 2020) ချီးမြှင့်သည့် အခမ်းအနားကို နေပြည်တော်၊ တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရုံးချုပ်)၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။ (ယာပုံ)

ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ ဆုရရှိသူ အစီအစဉ်ထုတ်လုပ်ရေးမှူးများ တက်ရောက်ကြပြီး ဂျပန်ကျွမ်းကျင်သူအဖွဲ့ Japanese Expert Team မှ တာဝန်ရှိသူများအနေဖြင့် ဂျပန်နိုင်ငံမှ On Line က ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ရုပ်သံအစီအစဉ်များအား အရည်အသွေးမြင့် တင်ဆက်ထုတ်လွှင့်နိုင်ရန် ဆောင်ရွက်လျက်ရှိရာတွင် ဝန်ထမ်းများအတွက် လိုအပ်နေသည့် အရည်အသွေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ အစီအစဉ်ကောင်းများ ထုတ်လုပ်နိုင်ရန် အားပေးမြှင့်တင်ရေးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကြည့်ရှုကြသော အများပြည်သူအား တရားမျှတပြီး ဘက်လိုက်မှုကင်းသည့် သတင်းနှင့် အစီအစဉ်များ ထုတ်လွှင့်နိုင်ရေး ရည်ရွယ်ပြီး ယခုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆုချီးမြှင့်ပွဲ ကျင်းပနိုင်ခြင်းဖြင့် ဝန်ထမ်းများ၏ အစီအစဉ်ထုတ်လုပ်မှု အရည်အသွေးများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေး အားပေးမြှင့်တင်ရာ ရောက်သကဲ့သို့ အစီအစဉ်ကောင်းများ တိုးမြှင့်ထုတ်လွှင့်နိုင်ရေး အတွက်လည်း အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များအနက် Drama၊ News Reporting ၊ Feature ၊ Culture and Education ၊ Entertainment and Infotainment အမျိုးအစားအလိုက် ဆုရရှိသူ ၁၀ ဦးနှင့် အဆိုပါဆုများအနက်မှ အမှတ်အများဆုံးရရှိသော Grand Prix ဆုရရှိသူ နှစ်ဦး စုစုပေါင်း ၁၂ ဦးကို ဆုများပေးအပ်ချီးမြှင့်သည်။

MRTV နှင့် JICA တို့၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း (Technical Cooperation Project) ကို ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ (၄)နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်သကဲ့သို့ (MRTV Program Award 2020) ဆု ချီးမြှင့်မှုကို (၄) ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ အစီအစဉ်ကောင်းများကို ရွေးချယ် ဆုချီးမြှင့်နိုင်ခြင်းသည် စီမံကိန်း အကောင်အထည်ဖော်နိုင်မှုအတွက် အောင်မြင်မှုရလဒ်တစ်ခုဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲလုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

သီပေါ ဇူလိုင် ၈

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် တတိယအကြိမ်လွှတ်တော်သက်တမ်းတွင် အထွေထွေ ရွေးကောက်ပွဲကြီးကို လွှတ်တော်အသီးသီးအတွက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် တစ်နေ့တည်း၊ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်နှင့်အညီ ရွေးကောက်ပွဲကို လွတ်လပ်ရမည်၊ မျှတရမည်၊ အများယုံကြည်လက်ခံမှုရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းကျရမည်၊ ဘက်မလိုက်ရ၊ စသည့် စံ(၅)ချက်ဖြင့် ကျင်းပသွားမည်ဖြစ်သဖြင့် မဲရုံများကိုလည်း လုံခြုံမှုရှိရေးနှင့် အများပြည်သူသွားလာမှု လွယ်ကူသည့် အခြေခံပညာကျောင်းများ၌ မဲရုံဖွင့်လှစ်ရေးကိစ္စများ၊ မဲစာရင်းတွင် မှတ်ပုံတင်နံပါတ်များ ထပ်ရှိနေမှုမရှိစေရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ချောမွေ့အောင်မြင်စေရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အားဖြည့်ဆောင်ရွက်သွားရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစိုင်းမင်းလွင်က အခြေခံမဲဆန္ဒရှင်စာရင်းများကောက်ယူမှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့၏ ညွှန်ကြားချက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၏ တင်ပြချက်အပေါ် မြို့နယ်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

သီပေါမြို့နယ်တွင် ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ရပ်ကွက် ၁၁ ရပ်ကွက်တို့တွင် အသက် ၁၈ နှစ်နှင့်အထက် ၁၄၀၀၀၀ ကျော်၊ ၁၀ နှစ်အောက် ၅၂၀၀၀ ကျော်ရှိပြီး မဲရုံပေါင်း ၁၁၄ ရုံဖွင့်လှစ်နိုင်ရန် သတ်မှတ်လျာထားကြောင်း သိရသည်။ စိုင်း(သီပေါ)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ကော်မရှင် အဖွဲ့ဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ သတင်းစဉ်

# မဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် မဲပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ မဲပေးပိုင်ခွင့် ဆုံးရှုံးခြင်းသည် နိုင်ငံသားတစ်ယောက်၏ အခွင့်အရေး၊ မွေးရာပါအခွင့်အရေး ဆုံးရှုံးခြင်းဖြစ်ပါကြောင်း

❈ *ရှေ့ဖုံးမှ*

ဒေါက်တာ မျိုးသိမ်းကြီး၊ ဒေါက်တာ မြင့်ထွေးနှင့် ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ဦးညွှန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေနှင့် ဦးဆွေတင့်လွင်တို့ တက်ရောက်ကြသည်။

### စံ (၅) ချက် သတ်မှတ်ထား

ရှေးဦးစွာ နိုင်ငံတော်သမ္မတက လမ်းညွှန်စကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခေါ်ယူတွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံတည်ဆောက်မည်ဟု သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ တည်ဆောက်မည်ဆိုပါက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် များစွာအခြေခံကျပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲများကို ဥပဒေနှင့်အညီ လွတ်လပ်ရမည်၊ ဥပဒေနှင့်အညီ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိစေရမည်၊ အများယုံကြည်လက်ခံနိုင်မှုရှိစေရမည်၊ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒနှင့်မဲရလဒ် တစ်ထပ်တည်းဖြစ်စေရမည်ဟု စံ (၅) ချက် သတ်မှတ်ထားပါကြောင်း။

### မိမိတို့ကျရာကဏ္ဍကနေ ပံ့ပိုးကူညီ

ယင်း စံ (၅) ချက်အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများအနေဖြင့်လည်း သမာသမတ်ကျကျ တက်ညီလက်ညီ အားလုံးလုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဆက်စပ်ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ကျရာကဏ္ဍကနေ ပံ့ပိုးကူညီပေးကြစေလိုပါကြောင်း။

### မဲပေးနိုင်အောင် စီစဉ်ဆောင်ရွက်

ရွေးကောက်ပွဲဥပဒေတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ မဲပေးခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းအခွင့်အရေးအရ **မဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် မဲပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ မဲပေးပိုင်ခွင့် ဆုံးရှုံးခြင်းသည် နိုင်ငံသားတစ်ယောက်၏ အခွင့်အရေး၊ မွေးရာပါအခွင့်အရေး ဆုံးရှုံးခြင်းဖြစ်ပါကြောင်း၊** တစ်နည်းအားဖြင့် လူ့အခွင့်အရေး ဆုံးရှုံးခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မဲပေးခွင့်မဆုံးရှုံးရအောင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဂရုစိုက်ဆောင်ရွက်နေသကဲ့သို့ သက်ဆိုင်ရာဌာနအားလုံးကလည်း ဂရုစိုက်ကြရမည် ဖြစ်ပါကြောင်း။

> **“ကြိုတင်မဲများပေးရာတွင်လည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဆန္ဒမဲများ ရေတွက်ရာတွင်လည်း မဲရုံအဖွဲ့ဝင်များ၊ မဲရုံ ကိုယ်စားလှယ်များနှင့် ပြည်သူများ၏ ရှေ့မှောက်၌ နည်းလမ်းစနစ်တကျ ပွင့်လင်းမြင်သာစွာ ရေတွက်ကြရန်လိုပါကြောင်း”**

### ပွင့်လင်းမြင်သာစွာ ရေတွက်ကြရန်လို

တပ်မတော်သားများ၊ နိုင်ငံပြင်ပရောက်နေသည့် ပုဂ္ဂိုလ်များနှင့် မသန်စွမ်းများကိုလည်း မဲပေးပိုင်ခွင့် မဆုံးရှုံးအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မဲပေးပိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးရာတွင်လည်း ဥပဒေ၊ နည်းဥပဒေအတိုင်းသာ ဆောင်ရွက်ကြရန်လိုကြောင်း၊ **ကြိုတင်မဲများပေးရာတွင်လည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဆန္ဒမဲများ ရေတွက်ရာတွင်လည်း မဲရုံအဖွဲ့ဝင်များ၊ မဲရုံ ကိုယ်စားလှယ်များနှင့် ပြည်သူများ၏ရှေ့မှောက်၌ နည်းလမ်းစနစ်တကျ ပွင့်လင်းမြင်သာစွာ ရေတွက်ကြရန်လိုပါကြောင်း။**

မည်သူမဆို ဆန္ဒမဲပေးပိုင်ခွင့်၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ လူမျိုးရေး၊ ဘာသာရေးကို အကြောင်းပြုပြီး ဆန္ဒမဲပေးရန်၊ မပေးရန် ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ခြင်း၊ အားပေးခြင်း၊ လှုံ့ဆော်ခြင်း၊ ဆန္ဒမဲပေးခြင်းကို ပျက်ပြားစေရန်၊ ရွေးကောက်ပွဲကို ပျက်ပြားစေရန် ဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ အခြားတစ်နည်းနည်းဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများကိုလည်း ဥပဒေနှင့်အညီ ကိုင်တွယ်ကြ၍ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ထို့အတူ တရားမဲ့ပြုကျင့်မှုများ မဖြစ်စေရန်လည်း ကြပ်မတ်ကြရန် လိုအပ်ပါကြောင်း။

### ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ကူညီ

ပြည်ပရောက်မဲဆန္ဒရှင်များ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး၊ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက်လည်း စနစ်တကျ စီမံထားစေလိုကြောင်း၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်စေရေးအတွက် ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ခြင်းများကို ဆက်လက်ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း၊ လုံခြုံရေး စီမံခန့်ခွဲမှုအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ နယ်မြေအခြေအနေနှင့် လုံခြုံရေးဆိုင်ရာ သုံးသပ်ချက်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ကြစေလိုပါကြောင်း၊ အချို့သင်တန်းကျောင်းများတွင် သတ်မှတ်ချက်နှင့်အညီ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိုလည်း ကူညီဆောင်ရွက်ပေးရန် လိုပါကြောင်း။

### မြေပြင်ကွင်းဆင်း၍ ဆောင်ရွက်

နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေး၊ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်း၊ ရုပ်သံများ၊ ဇာတ်လမ်းများနှင့် သီချင်းများ ထုတ်လွှင့်စေလိုပါကြောင်း၊ ကော်မရှင်က ထုတ်ပြန်သည့် ညွှန်ကြားချက်များ၊ ကြေညာချက်များနှင့် အမိန့်များကို သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးစေလိုပါကြောင်း၊ **နိုင်ငံသားများ မဲပေးခွင့်မဆုံးရှုံးစေရေး အတွက် အသက် (၁၈) နှစ် ပြည့်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သည့် မှတ်ပုံတင်မရှိသေးသူများကို စီမံချက်ချ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းကာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြေပြင်ကွင်းဆင်း၍ ဆောင်ရွက်ပေးစေလိုပါကြောင်း၊** ဖြစ်နိုင်ပါက အိမ်ထောင်စုလူဦးရေစာရင်းကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ ကျောင်းဆရာ၊ ဆရာမများအား မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ခန့်အပ်နိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊

*စာမျက်နှာ ၄ သို့*

# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား



တိုင်းပြည်တစ်ပြည် ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံ အမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရဖို့ မိမိရရယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့မြန်မာပြည် ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

*စာမျက်နှာ ၃ မှ*

ယင်း ဆရာ၊ ဆရာမတို့အား ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် ညှိနှိုင်းပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့ကို သင်တန်းများပေးရန်လိုပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း COVID-19 ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ နည်းလမ်းများနှင့်အညီ ရွေးကောက်ပွဲကျင်းပနိုင်ရန် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ အမုန်းစကားများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ထိခိုက်စေသည့် စကားများ၊ လူမျိုးရေး ဘာသာရေး ပဋိပက္ခဖြစ်စေသည့် စကားများကို ဆက်သွယ်ရေးဘက်က ဖယ်ရှားရန်လိုပါကြောင်း။

### တရားမျှတသည့် ရွေးကောက်ပွဲ

ရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိများကလည်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက လိုအပ်သည့်အခါ ဥပဒေအကြံဉာဏ် တောင်းလာပါက ပေးရန်လိုပါကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်က ဆင့်ပွားသင်တန်းများပေးသည့်အခါ သင်တန်းနည်းပြများအဖြစ် ကူညီကြစေလိုကြောင်း၊ ရွေးကောက်ပွဲ ကုန်ကျစရိတ်များ တင်သွင်းသည့်အခါတွင် သတ်မှတ်ချက်များနှင့်အညီဖြစ်စေရန် ဂရုစိုက်ပေးစေလိုပါကြောင်း၊ ယင်းကိစ္စရပ်များကို ဂရုစိုက်ဆောင်ရွက်မည်ဆိုပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာသော၊ အများယုံကြည်လက်ခံနိုင်သော ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်နေမှု၊ ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် ဝန်ထမ်းအင်အားလိုအပ်ချက်၊ ဆက်စပ်ဝန်ကြီးဌာနများ၏ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတို့တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

### ဝိုင်းဝန်းပူးပေါင်းပံ့ပိုးကူညီ

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဌာနအလိုက် ဝိုင်းဝန်းပူးပေါင်းပံ့ပိုးကူညီဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

## “နိုင်ငံသားများ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် အသက် (၁၈) နှစ်ပြည့်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်သည့် မှတ်ပုံတင်မရှိသေးသူများကို စီမံချက်ချ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းကာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြေပြင်ကွင်းဆင်း၍ ဆောင်ရွက်ပေးစေလိုပါကြောင်း”

### ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်

ထို့နောက် နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်နှင့် ရွေးကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးကြရန် လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ( ၂၁ ) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီများ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၈**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးလုပ်ငန်း ကော်မတီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ညီလာခံကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ဇွန်လ ၃၀ ရက်တွင် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီအသီးသီး၏ ဆက်လက်ဆောင်ရွက်ရမည့်အချက်များ ဖော်ပြပါရှိသည့် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ကောက်နုတ်ချက်များကို ဖြန့်ဝေပေးပို့ထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများမှ ပေးပို့သည့် စီမံချက်များကို လက်ခံရရှိပါကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီများ၏ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လုပ်ငန်းကော်မတီများ၏ ပုံမှန်လုပ်ငန်းတာဝန်များအရ စီမံချက်တွင် ရေးဆွဲဖော်ပြထားသည့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချက်များကို ဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း။

ယခုကျင်းပမည့် စတုတ္ထအစည်းအဝေးကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) နှင့် (၂) တို့တွင် ကျင်းပမည့်အပြင် လူဦးရေလျှော့ချ ဖိတ်ကြားထားပါကြောင်း၊ အထူးကိစ္စအနေဖြင့် ကိုဗစ် - ၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ စီစဉ် ဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် လုပ်ငန်းစဉ်များ ပိုမိုတိုးလာပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ လုပ်ငန်း ကော်မတီများအနေဖြင့် ထပ်တိုးဆောင်ရွက်ရမည့် ကိစ္စရပ်များအပါအဝင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ငန်း ကော်မတီအသီးသီး၏ ပြုပြင်မွမ်းမံဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ငြိမ်းချမ်းရေး ဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးကျင်းပရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းက ဖိတ်ကြားရေး လုပ်ငန်းကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က ဘဏ္ဍာရေးလုပ်ငန်း ကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေး လုပ်ငန်းကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းက သယ်ယူပို့ဆောင်ရေး လုပ်ငန်း ကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အခမ်းအနားများပြင်ဆင်ရေး လုပ်ငန်းကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက ခန်းမအတွင်း နေရာချထားရေး လုပ်ငန်း ကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက လုံခြုံရေးလုပ်ငန်း ကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းပြန်ကြားရေးနှင့် မှတ်တမ်းဆိုင်ရာလုပ်ငန်းကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးဦးက ကျန်းမာရေးလုပ်ငန်း ကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်က ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်း ကော်မတီဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေး တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ ဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

# Covid ကာကွယ်ရေးအတွက် စည်းကမ်းတွေ လိုက်နာသလို ကျန်းကျန်းမာမာ ရှင်သန်နိုင်ဖို့ အလေ့အကျင့်ကောင်းတွေ ပြုစုပျိုးထောင်ရပါမယ် ဟု ရေးသားဖော်ပြ

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid ကာကွယ်ရေးအတွက် စည်းကမ်းတွေ လိုက်နာသလို ကျန်းကျန်းမာမာ ရှင်သန်နိုင်ဖို့ အလေ့အကျင့်ကောင်းတွေ ပြုစုပျိုးထောင်ရပါမယ်ဟု ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိုးရာသီမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ရောဂါတွေရဲ့အန္တရာယ်ကို Covid ကြောင့် မမေ့သွားဖို့ ကျန်းမာရေးဝန်ကြီးဌာနက မကြာခဏ သတိပေးပါကြောင်း၊ သတင်းတွေထဲမှာ ယခုရာသီမှာ သွေးလွန်တုပ်ကွေးကြောင့် အသေအပျောက်အရေအတွက်ဟာ Covid ကြောင့် သေဆုံးမှုတွေထက် များနေပြီဆိုတာ ဖတ်မိကြလား မသိဘူး။

ရောဂါဆိုတာ ကာကွယ်တာ အကောင်းဆုံးဖြစ်ပါကြောင်း၊ ကုသရတဲ့အဆင့်အထိ မရောက်အောင် တားလိုက်ရင် လူပင်ပန်းတာ၊ ငွေကုန်တာ သက်သာပါကြောင်း။

မိမိတို့ပြည်သူတွေကို ကျန်းမာစေချင်ပါကြောင်း၊ အသက်ကြီးသည် ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ စိတ်သက်သာ၊ ကိုယ်သက်သာတဲ့အနေအထားမှာ ရှိစေချင်ပါကြောင်း၊ Covid ဘေးတစ်ခုထဲက လုံခြုံတာမဟုတ်၊ ဘေးအန္တရာယ်ခပ်သိမ်းက ကင်းဝေးစေချင်ပါကြောင်း၊ ဒီလို ကင်းဝေးစေဖို့ ကြိုးစားဆောင်ရွက်ရမှာက အစိုးရမှာသာမက ပြည်သူတွေမှာပါ တာဝန်ရှိပါကြောင်း။

ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်ပတ်ဝန်းကျင်အတွက်၊ ကိုယ့်နိုင်ငံအတွက်၊ ကျန်းမာအောင်နေကြပါ။ Covid ကာကွယ်ရေးအတွက် စည်းကမ်းတွေ လိုက်နာသလို၊ ကျန်းကျန်းမာမာ ရှင်သန်နိုင်ဖို့ အလေ့အကျင့်ကောင်းတွေ ပြုစုပျိုးထောင်ရပါမယ်။ ကျန်းမာရေးနဲ့ ညီညွတ်အောင် ထိန်းထိန်းသိမ်းသိမ်းနေရတာ တစ်ခါတလေ စိတ်ကျဉ်းကျပ်သလိုရှိပေမဲ့၊ ရေရှည်အကျိုးက တန်ဖိုးရှိလှပါကြောင်း။

ကျန်းမာခြင်းသည် ကိုယ့်အတွက်သာမဟုတ်၊ ကိုယ့်နိုင်ငံအတွက်ပါ အကောင်းဆုံးလာဘ်လာဘပါဟု ရေးသားထားသည်။

> "မိမိတို့ပြည်သူတွေကို ကျန်းမာစေချင်ပါကြောင်း၊ အသက်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ စိတ်သက်သာ၊ ကိုယ်သက်သာတဲ့အနေအထားမှာ ရှိစေချင်ပါကြောင်း၊ Covid ဘေးတစ်ခုထဲက လုံခြုံတာမဟုတ်၊ ဘေးအန္တရာယ်ခပ်သိမ်းက ကင်းဝေးစေချင်ပါကြောင်း၊ ဒီလိုကင်းဝေးစေဖို့ ကြိုးစားဆောင်ရွက်ရမှာက အစိုးရမှာသာမက ပြည်သူတွေမှာပါ တာဝန်ရှိပါကြောင်း"

---

❏ **ရှေ့ဖုံးမှ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ထိခိုက်လွယ်အုပ်စုများ၊ အလုပ်သမားများ အထူးသဖြင့် အမျိုးသမီးများအပေါ် ထိခိုက်မှုများကို ပြောကြားခဲ့ပြီး၊ အလုပ်သမားများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေး ရည်မှန်းချက်နှစ်ရပ်တို့ကို ဟန်ချက်ညီညီအကောင်အထည်ဖော်ရန် လိုအပ်မှုကို အလေးထားပြောကြားခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ကို တုံ့ပြန်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် စီးပွားရေး၊ အလုပ်အကိုင်ဈေးကွက်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ထိခိုက်မှုများ လျှော့ချရေး ကြိုးပမ်းမှုများကို ထည့်သွင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကို တုံ့ပြန်ရာတွင် ပြည်သူများ၏အင်အား၊ စေတနာ သဒ္ဓါထက်သန်မှု၊ လှူဒါန်းပေးကမ်းလိုသည့်စိတ်ဓာတ်တို့ကို ရယူကာ "တစ်နိုင်ငံလုံးပါဝင်သည့် ချဉ်းကပ်မှုပုံစံ" ဖြင့် ဆောင်ရွက်လျက်ရှိသည့်အတွက် ရောဂါဖြစ်ပွားမှုကို ယနေ့ထိ ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

မြန်မာအစိုးရအနေဖြင့် ပြည်ပနိုင်ငံများ၌ အခက်အခဲနှင့် ရင်ဆိုင်နေကြရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအားလုံးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရန်နှင့် အလုပ်သမား လိုအပ်ချက်မြင့်မားသည့် စီမံကိန်းများကို ဖော်ဆောင်ကာ ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် ILO ၏ ရာပြည့်ကြေညာချက် (ILO Centenary Declaration) ပါ အကြံပြုချက်များ အထူးသဖြင့် အလုပ်သမားအခွင့်အရေးများ ကာကွယ်ရေးကိစ္စကို လိုက်ပါဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားကြောင်းနှင့် ကိုဗစ်-၁၉ ကို တုံ့ပြန်ရာတွင် ILO မှ အကြံပြုထားသည့် အဓိကမဏ္ဍိုင်(၄)ရပ်ကိုအခြေခံသည့် မူဘောင်အရ ဆောင်ရွက်နေကြောင်းတို့ကိုလည်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘာ့အလုပ်အကိုင်ကဏ္ဍတွင် ရင်ဆိုင်နေရသည့် ဘုံစိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရေးအတွက် ထိရောက်သည့် လက်တွေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်မည့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း နိဂုံးချုပ်အနေဖြင့် အလေးထား ပြောကြားခဲ့သည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၇တွင် သီးခြားဖော်ပြထားပါသည်။)**သတင်းစဉ်

---

# လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာသည် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံ၏ အလေးထားကြိုးပမ်းဆောင်ရွက်ချက်များအား ထင်ဟပ်မှုမရှိ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ လူကုန်ကူးမှုအစီရင်ခံစာ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အနိမ့်ဆုံး စံသတ်မှတ်ချက်များကို ပြည့်မီရန် ထိရောက်စွာ ဆောင်ရွက်မှုမရှိသည့် အဆင့် (၃) (Tier 3) နိုင်ငံများစာရင်း၌ မြန်မာနိုင်ငံကို ဆက်လက်ထားရှိခဲ့ခြင်းမှာ စိတ်ပျက်ဖွယ်ရာဖြစ်သည်။ မြန်မာနိုင်ငံကို Tier 3 ၌ ယင်းသို့ ဆက်လက်သတ်မှတ်ထားရှိခြင်းမှာ ပြီးခဲ့သည့်နှစ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် မြန်မာအစိုးရ၏ သိသာထင်ရှားသည့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ထင်ဟပ်မှုမရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံမှ ထိလွယ်ခိုက်လွယ်အရှိဆုံး အသိုက်အဝန်းမှ ပြည်သူများသည် ဆင်းရဲနွမ်းပါးမှုပြဿနာကြောင့် လူကုန်ကူးသူများ၏ သားကောင်များဖြစ်နေကြရသည်။ သို့ဖြစ်ရာ ၂၀၁၉ ခုနှစ်တွင် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်တစ်ရပ်ထုတ်ပြန်ကာ လူကုန်ကူးသူများအား ထိရောက်သည့် ပြစ်ဒဏ်များချမှတ်နိုင်ရေး၊ လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ အသိပညာပေးရေးနှင့် အခြားနိုင်ငံများထံမှ နည်းပညာ၊ အတွေ့အကြုံကောင်းများကို ရယူရေးတို့အပါအဝင် လူကုန်ကူးမှုတားဆီးရေး၊ ကျူးလွန်ခံရသူများကို အကာအကွယ်ပေးရေးနှင့် ကျူးလွန်သူများကို အရေးယူရေးတို့နှင့်စပ်လျဉ်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ကြရန်အတွက် သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများကို ညွှန်ကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း လူကုန်ကူးမှု ကာကွယ်တားဆီးရေး၊ ကျူးလွန်သူများကို အရေးယူရေးနှင့် လူကုန်ကူးခံရသူများကို စောင့်ရှောက်ရေးတို့နှင့် ပတ်သက်၍ သိသာထင်ရှားသည့် တိုးတက်မှုများရရှိခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့သည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေသည် ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများကို ပြစ်မှုအဖြစ် သတ်မှတ်နိုင်သည့် ခိုင်မာသည့် ဥပဒေမူဘောင်တစ်ရပ်အဖြစ် ချမှတ်ပေးခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုနှင့် စပ်လျဉ်း၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲအခြေပြစာချုပ်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက် သတ်မှတ်ချက် ပြဋ္ဌာန်းချက်အမှတ်-၁၃၈ တို့ကို မြန်မာနိုင်ငံက အတည်ပြုပါဝင်ခဲ့ခြင်းသည် ကလေးစစ်သည်များ စုဆောင်းခြင်းနှင့် ကလေးအလုပ်သမားပြဿနာတို့ကို တားဆီး၊ ဖြေရှင်းနိုင်ရန် ခိုင်မာသည့်သန္နိဋ္ဌာန်ကို ပြသခြင်းပင်ဖြစ်သည်။

ကလေးအလုပ်သမားပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ဒုတိယသမ္မတ ဦးဆောင်သည့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ အဓမ္မခိုင်းစေမှုပပျောက်စေရန်အတွက်လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)နှင့်ပူးပေါင်း၍ အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေကိုလည်း မြန်မာနိုင်ငံမှ လက်ခံထားသည့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရေးအတွက် ပြင်ဆင်ရေးဆွဲလျက်ရှိသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်နိုင်ရေး၊ ၎င်းတို့၏ အသိုက်အဝန်းများသို့ ပြန်လည်ဝင်ရောက်နိုင်ရေးတို့အတွက် အကူအညီပေးလျက်ရှိသကဲ့သို့ လူကုန်ကူးသူများကိုလည်း ထိရောက်စွာအပြစ်ပေးအရေးယူလျက်ရှိသည်။ ထို့ပြင် မြန်မာရွှေ့ပြောင်းလုပ်သားများကို အကာအကွယ်ပေးနိုင်ရေးနှင့် လူကုန်ကူးမှုအန္တရာယ်ကို လျှော့ချနိုင်ရေးတို့အတွက် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာအကျုံးဝင်သည့်ကာလအတွင်း မြန်မာနိုင်ငံကို ကြားခံနိုင်ငံအဖြစ် ဖြတ်သန်း၍ ကျူးလွန်သည့် လူကုန်ကူးမှုများသည် ပြီးခဲ့သည့်နှစ်များနှင့်နှိုင်းယှဉ်ပါက သိသာစွာလျော့ကျလာခဲ့သည်။ ပဋိပက္ခများကြောင့် ပြည်တွင်းရွှေ့ပြောင်းသွားလာသူအရေအတွက် တိုးမြင့်လာသော်လည်း ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအား လူကုန်ကူးခံရခြင်းမှ ပိုမိုတားဆီးနိုင်ခဲ့သည်။ မကြာသေးမီက လူကုန်ကူးခံရသည့် လေ့စီးဒုက္ခသည်ဖြစ်စဉ် အများစုသည် မြန်မာနိုင်ငံမှ စတင်ထွက်ခွာခဲ့မှုများ မဟုတ်ကြောင်း စိစစ်တွေ့ရှိရသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးအတွက် ကြိုးပမ်းမှုတွင် တိုးတက်မှုများအား အသိအမှတ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂက မြန်မာ့တပ်မတော်အား ကလေးသူငယ်များကို တပ်သားအဖြစ် စုဆောင်းမှုနှင့် အသုံးပြုမှု ကျူးလွန်သည့်အဖွဲ့အစည်းများစာရင်းမှ မကြာမီက ပယ်ဖျက်ပေးခဲ့သည်။

ဖော်ပြပါ တိုးတက်မှုများရှိနေသော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ လူကုန်ကူးမှုအစီရင်ခံစာသည် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို လုံလောက်စွာအသိအမှတ်ပြုထားခြင်း မရှိသည်ကို စိတ်ပျက်ဖွယ် တွေ့ရှိရသည်။ နောင်ထုတ်ပြန်မည့် အစီရင်ခံစာများသည် တိကျမှန်ကန်မှု၊ ဘက်လိုက်မှုကင်းရှင်းမှုနှင့် သီးခြားလွတ်လပ်မှုတို့ကို ပိုမို၍ အလေးထားအခြေခံလိမ့်မည်ဟု မြန်မာနိုင်ငံအနေဖြင့် မျှော်လင့်သည်။ မြန်မာနိုင်ငံသည် ထိခိုက်လွယ်သည့် အသိုက်အဝန်းမှ ပြည်သူများအားလူမဆန်သည့် လူကုန်ကူးခံရမှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ကမ္ဘာ့စိုးရိမ်ဖွယ်အရေးကိစ္စဖြစ်သော အလွန်ဆိုးရွားသည့် လူကုန်ကူးမှုပြဿနာကို ဖြေရှင်းရာတွင် အမေရိကန်နိုင်ငံအပါအဝင် မိတ်ဖက်နိုင်ငံများအားလုံးနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်။**

# ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့

19 July

10:37 am

## အာဇာနည်နေ့


ဗိုလ်ချုပ်အောင်ဆန်း


သခင်မြ


ဒီးဒုတ်ဦးဘချို


ဦးဘဝင်း


စဝ်စံထွန်း


မန်းဘခိုင်


ဦးရာဇတ်


ဦးအုန်းမောင်


ရဲဘော်ကိုထွေး

မိုးသည် ရွာချည် စဲချည် ရှိခဲ့ပြီး၊ မိုးလုံးပတ်လည် အုံ့ဆိုင်းညို့မှိုင်းနေသော နံနက်ခင်းသည်ကား မြန်မာ့ရာဇဝင်တွင်သာမက ကမ္ဘာ့ရာဇဝင်မှာပင် မှတ်တမ်းတင်ထားရမည့် ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးကြီးတစ်ခုကို စောင့်မျှော်နေဘိသကဲ့သို့ ရှိလေ၏။

ထိုနေ့က အတွင်းဝန်များရုံး၌ ဘုရင်ခံ၏ အမှုဆောင် အစည်းအဝေးရှိလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုဘုရင်ခံ၏အမှုဆောင်အဖွဲ့တွင် ဒုတိယ သဘာပတိဖြစ်သည်။ သို့ရာတွင် အောင်ဆန်း-အက်တလီစာချုပ် လက်မှတ်ရေးထိုးကြပြီးသည့် နောက်ပိုင်း၌ သဘာပတိဖြစ်သူ ဘုရင်ခံသည် အစည်းအဝေးများသို့ တက်ရောက်ခြင်း မရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် မုချလွတ်လပ်ရေးရတော့မည်ဖြစ်ရာ မြန်မာ့တိုင်းရေးပြည်ရာတွင် ဗြိတိသျှအာဏာပိုင်များက ဝင်ရောက်ခြယ်လှယ်ခြင်း မပြုတော့ပါဟူသော သဘောကို ပြလိုသောကြောင့်တည်း။

ထို့သို့ဖြင့် အတွင်းဝန်များရုံး၌ ကျင်းပသော အမှုဆောင် အစည်းအဝေးတိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းပင် သဘာပတိအဖြစ် ဆောင်ရွက်ရမြဲဖြစ်လေသည်။ ထိုနေ့ကလည်း ဗိုလ်ချုပ်သည် ဘုရင်ခံ၏အမှုဆောင် အစည်းအဝေးသို့ သဘာပတိအဖြစ် တက်ရောက်ရန် အဝတ်အစားဝတ်နေ၏။ ဗိုလ်ချုပ်သည် ထိုနေ့က စစ်ဝတ်စစ်စားကို မဝတ်။ ဘန်ကောက်လုံချည် သနပ်ခါးရောင်၊ မန္တလေးပိုးတိုက်ပုံအင်္ကျီ၊ သဲကြိုးအဖြူရောင် လေယာဉ်ပျံ ဖိနပ်ကိုဝတ်သည်။ အိမ်မှအထွက်တွင် သမီးကလေး မမစုကို ယုယပိုက်ထွေးခဲ့သေး၏။

### အစည်းအဝေးသို့သွားနေသော ဗိုလ်ချုပ်

နံနက် ၁၀ နာရီသာသာခန့်တွင် တာဝါလိမ်းခြံကြီးထဲမှ ဝူစလီကားကြီးထွက်လာလေသည်။ ကားပေါ်တွင်ကား ဖဆပလအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ၊ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်၊ ဘုရင်ခံ၏အမှုဆောင်အဖွဲ့ ဒုတိယသဘာပတိ၊ အတိုင်ပင်ခံအစိုးရအဖွဲ့၏ ခေါင်းဆောင်ဖြစ်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တည်ငြိမ်စွာ လိုက်ပါလာလေသည်။

ကျောင်းသားဘဝ၊ သခင်ဘဝ၊ ဂျပန်ခေတ် ဗမာ့တပ်မတော် စစ်သေနာပတိချုပ်ဘဝ၊ တော်လှန်ရေးခေါင်းဆောင်ကြီးဘဝ၊ လူထုခေါင်းဆောင်ကြီးဘဝ စသည်ဖြင့် ဘဝသက်တမ်းတစ်လျှောက်လုံး "မြန်မာနိုင်ငံလွတ်လပ်ရေးရရမည်"ဟူသော ရည်မှန်းချက်ကြီးဖြင့် မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဗိုလ်ချုပ်ခမျာမှာ စားလည်း သည်စိတ်၊ သွားလည်း သည်စိတ်၊ အိပ်လည်း သည်စိတ်၊ "လွတ်လပ်ရေး… လွတ်လပ်ရေး… မလွဲမသွေ မုချရရမည်" စိတ်ဓာတ်ဖြင့် မောပန်းနွမ်းလျ မျက်နှာများပင် အနည်းငယ်ချုံးကျလျက် ရှိပေသည်။

ယခု သူကားဖြင့် ဦးတည်နေသည်မှာလည်း သူ၏ ဖဆပလအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဤလွတ်လပ်ရေးကိစ္စကိုပင် အရေးတကြီး ဆွေးနွေးရန် အတွင်းဝန်များရုံးသူ့ရုံးခန်းရှိရာသို့ သွားနေခြင်း ဖြစ်သည်။

ဝူစလီကားကြီးပေါ်တွင် တည်ငြိမ်လေးနက်စွာ လိုက်ပါလာသော ဗိုလ်ချုပ်၏ စိတ်ထဲတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးကို ပြန်လည်ရယူရန်ကား မလွယ်ကူလှကြောင်းကို စဉ်းစားကောင်း စဉ်းစားနေပေလိမ့်မည်။

သူသည် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက် အသက် ၂၆ နှစ်သားအရွယ်လောက်တွင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲသည် ပြည်ပအင်အားနှင့် ပြည့်စုံသော နိုင်ငံတစ်ခုခု၏ အကူအညီကိုမရလျှင် မအောင်မြင်နိုင်ကြောင်းကို သဘောပေါက်မိသည့်အတွက် မြန်မာနိုင်ငံတွင်းမှ တရုတ်လူမျိုးယောင်ဆောင်၍ ထွက်ခဲ့လေသည်။ အမွိုင်မြို့၌ ဂျပန်ကိုယ်စားလှယ်များနှင့် ဆက်သွယ်မိ ရာက ဂျပန်ပြည်တွင် ဗိုလ်မိုးကြိုးခေါ် ကာနယ်ဆူဇူကီးနှင့် တွေ့ပြီး ဗမာ့လွတ်လပ်ရေးကို ပူးပေါင်း တိုက်ခိုက်ရန် ပထမဆုံးအကြိမ် ဆွေးနွေးခဲ့လေသည်။

### အကွဲကွဲအပြားပြားဖြစ်နေမှုကို စည်းရုံးနိုင်ခဲ့

ထို့နောက် သွေးသောက်ရဲဘော် သုံးကျိပ်တို့နှင့်အတူ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းကာ ဂျပန်စစ်တပ်များ အကူအညီဖြင့် မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့လက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ သို့ရာတွင် ဂျပန်တို့ မြန်မာများကို ညှဉ်းပန်းနှိပ်စက်ကြသည်ကို တွေ့လာရသည့်အခါတွင်မူကား ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်များပေးသည့် ဟန်ဆောင်လွတ်လပ်ရေးကို လုံးဝ တန်ဖိုးမထားတော့ဘဲ ဂျပန်ရုပ်သေးအစိုးရ၏ စစ်ဝန်ကြီးမျက်နှာဖုံးကိုဆောင်းကာ ဂျပန်ခေါင်းအောက်မှ အကွဲကွဲအပြားပြားဖြစ်နေသည့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များအား အောင်အောင်မြင်မြင် စည်းရုံးခဲ့လေသည်။ ထို့နောက်တွင်မူ ပြည်သူ့အရေးတော်ပုံ ပါတီ၊ ကွန်မြူနစ်ပါတီ၊ ဗမာ့လက်နက်ကိုင်တပ်မတော် စသည်များကို ပူးပေါင်းစေပြီး တစ်ခုတည်းသော ယုံကြည်ချက်ဖြစ်သည့် ဖက်ဆစ်ဂျပန် တော်လှန်ရေးကြီးအတွက် ဖဆပလ အဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းကာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်များကို ပြောင်တော်လှန်ခဲ့လေသည်။

အဆိုပါ ဗမာ့တော်လှန်ရေးအောင်မြင်မှုကြီးကို မဟာမိတ်များကသာမက ကမ္ဘာတစ်ခုလုံးက ပွဲတင်ရိုက်ဟည်းကောင်းချီးပေးခဲ့ကြ၏။ သို့ရာတွင် ဗိုလ်ချုပ် မျှော်မှန်း အားခဲထားသည့် လွတ်လပ်ရေးကြီးကိုကား မရနိုင်ခဲ့သေး ချေ။ တော်လှန်ရေးကြီးပြီးခဲ့သည့်နောက် အင်္ဂလိပ်တို့၏ စက္ကူဖြူစီမံကိန်းကို ဆက်လက်တိုက်ဖျက်ကာ လုံးဝလွတ်လပ်ရေးကို ရယူရန်အတွက် လွတ်လပ်ရေးကို အပြင်းအထန်လိုလား တောင့်တနေကြသော ပြည်သူလူထုကြီးတစ်ရပ်လုံးကို လှည်းနေလှေအောင်း မြင်းဇောင်းမကျန် စည်းရုံးနိုင်ခဲ့ပြီး ဖဆပလ အမျိုးသားတပ်ပေါင်းစုကြီးကို ဖွဲ့စည်းနိုင်ခဲ့ပေသည်။ ဖဆပလ အလံတော်အောက်သို့ မြန်မာလူထုကြီးတစ်ရပ်လုံး စည်းလုံးညီညွတ်လာသော အင်အားကြီးဖြင့် ယာယီအစိုးရဖွဲ့စည်းရန် ဗြိတိသျှအစိုးရ၏ ဖိတ်ခေါ်ချက်ကို ရသည့်အခါတွင်မူကား ဗိုလ်ချုပ်သည် "လွတ်လပ်ရေး မရရင် ပြန်ချမယ်" ဟူသော ကြုံးဝါးချက်ဖြင့် လန်ဒန်မြို့သို့ သွားရောက်ခဲ့ပြီး အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပေသည်။

### တစ်နှစ်အတွင်းလွတ်လပ်ရေးရစေရမယ်

ထို့နောက် ဗိုလ်ချုပ်သည် မြန်မာတိုင်းရင်းသားအားလုံး ညီညွတ်ရေးအတွက် ရှမ်း၊ ကရင်၊ ကချင်၊ ချင်း စသည့် တိုင်းရင်းသားလူမျိုးစုများအား ပင်လုံကွန်ဖရင့်ကြီးကျင်းပ၍ စည်းရုံးသိမ်းသွင်းခဲ့ပြီးနောက် "တစ်နှစ်အတွင်း လွတ်လပ်ရေး ရစေရမယ်" ဆိုသော ကတိပြုချက်ဖြင့် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီး၌ သူ၏ ဖဆပလ အဖွဲ့ဝင် အမတ်အားလုံးကို အနိုင်ရရှိစေခဲ့သည်။

ယခု အတွင်းဝန်များရုံး ဖဆပလ အတိုင်ပင်ခံအစိုးရအဖွဲ့ အစည်းအဝေးသို့ ကားဖြင့်သွားနေစဉ်တွင် ဗိုလ်ချုပ်သည် အထက်ပါ သူ၏ကြိုးပမ်းမှုများကို ပြန်လည် စားမြုံ့ပြန်မိရင်း "တစ်နှစ်အတွင်း လွတ်လပ်ရေး ရစေရမယ်" ဟူသော ကတိကို အကောင်အထည် မည်သို့ဖော်ရမည်ကို စဉ်းစားလာပေလိမ့်မည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံလွတ်လပ်ရေးကိုသာ အချိန်မလပ်စဉ်းစား ကြံစည်နေသူဖြစ်သောကြောင့်လည်း ထိုအချိန် ထိုအခါသမယက သူ၏အသက်အန္တရာယ်ကို တိုင်းပြည်သစ္စာဖောက်လူတစ်စုက သဲသဲမဲမဲ ကြိတ်၍ အကြံကြီး ကြံစည်နေကြသည်ကို လုံးဝဂရုမစိုက်ခဲ့မိချေ။ ထိုကဲ့သို့ ကြံစည်နေကြခြင်းကို ဗိုလ်ချုပ်မသိ၍တော့မဟုတ်။ ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများအား သတ်ဖြတ်ရန် ကြံစည်နေကြကြောင်း အစီရင်ခံစာတွေ အကြိမ်ကြိမ်ရခဲ့ဖူးသော်လည်း ဗိုလ်ချုပ်က "ကျွန်တော်တို့လို စေတနာသန့်သန့် ရှင်းရှင်းနဲ့ အဘက်ဘက်က စင်ကြယ်တဲ့လူတွေကို သတ်မယ်ဆိုတာ မဟုတ်နိုင်ပါဘူး။ ကျွန်တော်တို့ကိုသတ်ရင် တစ်နိုင်ငံလုံးက အုံကြွပြီး သူတို့ကို မသတ်ဘဲနေပါ့မလား။ ကျွန်တော်တို့က လူထုအစိုးရပါ" ဟု ပြန်ပြောခဲ့ဖူး၏။

**"ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံလွတ်လပ်ရေးကိုသာ အချိန်မလပ်စဉ်းစား ကြံစည်နေသူဖြစ်သောကြောင့်လည်း ထိုအချိန် ထိုအခါသမယက သူ၏အသက်အန္တရာယ်ကို တိုင်းပြည်သစ္စာဖောက်လူတစ်စုက သဲသဲမဲမဲ ကြိတ်၍ အကြံကြီး ကြံစည်နေကြသည်ကို လုံးဝဂရုမစိုက်ခဲ့မိချေ။ ထိုကဲ့သို့ ကြံစည်နေကြခြင်းကို ဗိုလ်ချုပ်မသိ၍တော့မဟုတ်။ ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများအား သတ်ဖြတ်ရန် ကြံစည်နေကြကြောင်း အစီရင်ခံစာတွေ အကြိမ်ကြိမ်ရခဲ့ဖူးသော် လည်း ဗိုလ်ချုပ်က "ကျွန်တော်တို့လို စေတနာ သန့်သန့်ရှင်းရှင်းနဲ့ အဘက်ဘက်က စင်ကြယ်တဲ့လူတွေကို သတ်မယ်ဆိုတာ မဟုတ်နိုင်ပါဘူး။ ကျွန်တော်တို့ကိုသတ်ရင် တစ်နိုင်ငံလုံးက အုံကြွပြီး သူတို့ကို မသတ်ဘဲနေပါ့မလား။ ကျွန်တော်တို့က လူထုအစိုးရပါ"ဟု ပြန်ပြောခဲ့ဖူး၏"**

ဗိုလ်ချုပ်သည် တိုင်းပြည်အပေါ်ဝယ်ထားရှိသော မိမိစေတနာကို ယုံကြည်သူဖြစ်ရာ မိမိအသက်ကို မကြံစည်တန်ရာဟူ၍ ယုံမှတ်ခဲ့လေသည်။ သို့သော် ဗိုလ်ချုပ်က တိုင်းပြည်ကို သစ္စာရှိသလောက် တိုင်းပြည်ကိုသစ္စာမဲ့တဲ့ သူတို့လည်း ရှိလေသည်။ ထိုသူတို့သည် လွတ်လပ်ရေး၏ မီးရှူးတန်ဆောင်ဖြစ်သော ဗိုလ်ချုပ်ကို ချေမှုန်းသတ်ဖြတ်လိုကြသည်။ သဲကြီးမဲကြီးကြိတ်၍ ကြံစည်ခဲ့ကြသည်။

ဗိုလ်ချုပ် အစည်းအဝေးသို့ ရောက်ရှိချိန်နှင့် မရှေးမနှောင်းမှာပင် အင်းလျားကန်စောင်း အေဒီလမ်းထဲမှ မောင်းထွက်လာသော အာစီ ၁၈၁၄ အမှတ်တပ် အစိမ်းရောင် ဂျစ်ကားတစ်စီးသည် အတွင်းဝန်များရုံးဘက်ဆီသို့ ဦးတည်မောင်းနှင် လာလေသည်။ အဆိုပါ ဂျစ်ကားထဲတွင် ဂဠုန်ဦးစော၏ သြဇာခံဖြစ်သော လူသတ်သမားငါးဦးတို့ စီးနင်းလိုက်ပါလာကြ၏။ သူတို့သည် မိုးကာအင်္ကျီကိုယ်စီခြုံထားကြပြီး အတုန်လှုပ်ဆုံးမျက်နှာများနှင့် သူတို့သွားမည့်နေရာကို စိတ်စောနေကြပုံရ၏။ ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ရိုင်းစိုင်းခြင်းတည်းဟူသော လက္ခဏာဆိုးများ ယှက်သန်းနေသည်။ သူတို့မျက်နှာထားများ မှာလည်း ပိုမိုခက်တရော်နေ၏။

စောစောက တဖွဲဖွဲရွာ စွေနေသောမိုးသည် တစ်စတစ်စနှင့် သည်းထန်လာလေပြီ။

အကယ်စင်စစ် မြေအစ မိုးအဆုံး ညှိုးချုံးရိုက်ဟည်း ငိုညည်းသံဝေရမည့် အချိန်သို့ ရောက်လုနီးလာပြီ ဖြစ်သတည်း။

### အစည်းအဝေး စတင်ကျင်းပကြပြီ

ဤကဲ့သို့ အစိမ်းရောင်ဂျစ်ကားဖြင့် လူသတ်သမားငါးဦးတို့က အတွင်းဝန်များရုံးဘက်သို့ ရှေးရှုလာနေကြစဉ် အချိန်မှာပင် အတွင်းဝန်များရုံးထဲရှိ ဗိုလ်ချုပ်အောင်ဆန်း၏ အစည်းအဝေးခန်းမထဲ၌လည်း ဗိုလ်ချုပ်နှင့်တကွ အပေါင်းပါ ခေါင်းဆောင်ကြီးများသည် အမှုဆောင်အဖွဲ့ဝန်ကြီးများအစည်းအဝေးကို စတင်ကျင်းပနေဆဲဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်း၏ အစည်းအဝေးခန်းမဆောင်သည် အတွင်းဝန်များရုံး၏ အနောက်ဘက်ဆောင်တွင်ရှိသည်။ အစည်းအဝေးစားပွဲသည် ခန်းမဆောင်၏ တောင်ဘက်ကျကျတွင်ရှိသည်။ ဗိုလ်ချုပ်သည် စားပွဲထိပ်၌ နေရာယူပြီး ဗိုလ်ချုပ်၏ ဘယ်ဘက်တွင် ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းတို့ ထိုင်ကြသည်။ ညာဘက်တွင် သခင်မြ၊ ဦးရာဇတ်၊ ဦးဘဝင်း၊ ဦးဘချို တို့ထိုင်ကြသည်။ အမှုဆောင်အဖွဲ့၏ အတွင်းဝန် ဦးရွှေဘော်၊ သယ်ယူပို့ဆောင်ရေးဌာန ဒုအတွင်းဝန် ဦးအုန်းမောင်တို့လည်း အစည်းအဝေး၌ကူညီရန် အဆင်သင့်ရှိကြသည်။

အစည်းအဝေးစားပွဲကြီးမှာ စားပွဲရှည်သုံးခုကို ထောင့်ချိုး(ဂ)ပုံသဏ္ဌာန် သုံးဖက်ပိတ်၍ တစ်ဖက်ဖွင့်ပြီး ဆက်ထားခြင်းဖြစ်၏။ ထိပ်ဆုံးစားပွဲ၏အလယ်၌ ဗိုလ်ချုပ်အောင်ဆန်း နေရာယူထားခြင်းဖြစ်သည်။ ဗိုလ်ချုပ်၏ ဘယ်ဘက်တွင် ထိုင်နေသော လမ်းပန်းအဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဌာန ဝန်ကြီး ဦးဘဂျမ်းသည် ဗိုလ်ချုပ်မျက်နှာကို မကြာခဏ အကဲခတ်လျက်ရှိ၏။ ထိုနေ့က ဝန်ကြီး ဦးဘဂျမ်းသည် နေထိုင်မကောင်းလျက်နှင့် သတင်းထူးတစ်ခုကို ဝန်ကြီးများအစည်းအဝေးတွင် တင်ပြချင်လွန်းသဖြင့် ကြိုးစား၍ တက်ရောက်လာခြင်းဖြစ်၏။

### လွတ်လပ်ရေးကို အသက်သွေးစတေးပေးခဲ့

ထိုသတင်းထူးကား အခြားမဟုတ်၊ ဂဠုန်ဦးစောတို့အဖွဲ့သည် ဘရင်းဂန်း အလက် ၂၀၀ ကို စစ်တပ်မှ မလိမ့်တပတ်လုပ်၍ ထုတ်ယူသွားပြီး လက်နက်ဖြင့် အာဏာသိမ်းရန် ကြံစည်နေသည့် သတင်းပင်တည်း။ ဝန်ကြီး ဦးဘဂျမ်းသည် ထိုနေ့က အစည်းအဝေး၌ ထိုသတင်းကို ဖွင့်ပြောမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်၏။ သို့သော် သူ၏အကြံအစည်မှာ နောက်ကျသွားလေပြီ။

အတွင်းဝန်များရုံးမှ နာရီသည် ၁၀ နာရီခွဲတွင် ပြလျက် ရှိပြီ။ ထိုအချိန်မှာပင် အမှတ် ၁၂ တပ်မတော် ယူနီဖောင်းအစိမ်း၊ ခြသေ့်ပခုံးချိတ်၊ တောဆောင်းဦးထုပ် ပျော့ဆင်ထားသော လက်နက်ကိုင် လူ လေးယောက်တို့သည် အော်တို မက်တစ် မောင်းပြန်စစ်သေနတ်များကို အဆင်သင့်ကိုင်လျက် ဗိုလ်ချုပ်တို့ အစည်းအဝေးခန်းမထဲသို့ လှေကားမှ အပြေးတက်လာကြ၏။ ထို့နောက် အခန်းတွင်းသို့ ဝင်မည် ပြုသည်။ မင်းစေ မောင်သောင်းဖေက အခန်းဝမှတား၏။ လက်နက်ကိုင် လူသတ်သမားတို့၏ မျက်နှာများသည် သုန်မှုန်နေသည်။ မင်းစေကို သေနတ်နှင့် ချိန်သည်။ တွန်းဖယ်ပစ်သည်။ ထို့နောက် အစည်းအဝေးခန်းတံခါးကို တွန်းဖွင့်၍ အခန်းတွင်းသို့ ဗွတ်အတင်း ပြေးဝင်သွားကြ၏။

ဗိုလ်ချုပ်သည် လူသတ်သမားများကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဖြုန်းခနဲထ၍ မတ်တပ်ရပ်လိုက်သည်။ တစ်ချိန်တည်းမှာပင် သေနတ်သံများ တစ်ခဲနက်ဆူညံသွားကာ ကျည်ဆန်တို့သည် အစည်းအဝေးခန်းအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီး ခြောက်ဦးတို့၏ ကိုယ်တွင် အနှံ့အပြား ဖောက်ထွင်းဝင်ကုန်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လူမသမာတို့ ပစ်ခတ်လိုက်သော သေနတ်ဒဏ်ရာ ၁၃ ချက်ဖြင့် ထိုနေ့ ထိုနေရာမှာပင် ကျဆုံးခဲ့ရလေသည်။

ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများသည် သူတို့ ရည်မှန်းခဲ့သော လွတ်လပ်ရေးကြီးကို သူတို့ အသက်သွေးဖြင့် စတေး၍ ပေးအပ်ခဲ့ခြင်းပင်ဖြစ်သတည်း။

**ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့။**
**ရန်ကုန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ထိန်းသိမ်းရေးကော်မတီ၊ ၁၉၆၃။ စာ ၃-၁၀**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ၈-၇-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကိုဗစ် - ၁၉ ကူးစက်ရောဂါနှင့်ကမ္ဘာ့အလုပ်အကိုင်ကဏ္ဍဆိုင်ရာ ILO ကမ္ဘာ့ထိပ်သီးအစည်းအဝေးကာလအတွင်း ကျင်းပသည့် ကမ္ဘာ့ခေါင်းဆောင်များနေ့အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

**သဘာပတိကြီးနှင့် အဆွေတော်များရှင့်၊**

ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ အလုပ်သမားများအတွက် ယခုလိုစိန်ခေါ်မှုအကြီးမားဆုံး ကြုံတွေ့နေရတဲ့အချိန်မှာ ဒီကမ္ဘာလုံးဆိုင်ရာထိပ်သီးညီလာခံကို ကျင်းပနိုင်တဲ့အတွက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ကို ကျေးဇူးတင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပြီးခဲ့တဲ့နှစ်မှာ ILO အဖွဲ့ကြီးဟာ နှစ် (၁၀၀) ပြည့်သဘင်ကို ဆင်နွှဲနိုင်ခဲ့ပြီး၊ အနာဂတ်အလုပ်အကိုင်လုပ်ငန်းစဉ်အတွက် ရာပြည့်ကြေညာချက်တစ်ရပ်ကို အောင်မြင်စွာချမှတ်နိုင်ခဲ့တဲ့အပေါ် မိမိတို့အားလုံး ဝမ်းမြောက်ဂုဏ်ယူခဲ့ကြပါတယ်။ ဒါပေမယ့် ယခုအခါ ရာပြည့် ကြေညာချက်ချမှတ်ခဲ့ပြီး ၉ လခန့်အကြာမှာ ကမ္ဘာတစ်ဝှမ်းလုံးမှာ မိမိတို့ မျှော်လင့်မထားတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနဲ့ ရင်ဆိုင်လာခဲ့ရပါတယ်။

ဒီကပ်ရောဂါအသစ်ဟာ ဆင်းရဲ၊ ချမ်းသာမခွဲခြားဘဲ လူတိုင်းအပေါ် ကူးစက်စေနိုင်သော်လည်း ရောဂါရဲ့ ထိခိုက်သက်ရောက်မှုမှာတော့ ဆင်းရဲနွမ်းပါးသူများနဲ့ ထိခိုက်လွယ်သူများကို ပိုမိုပြင်းထန်စွာ အထိနာစေနိုင်ပါတယ်။ အလုပ်သမားများ၊ အထူးသဖြင့် အမျိုးသမီးအလုပ်သမားများကို အဆိုးရွားဆုံး ထိခိုက်စေတာဖြစ်ပါတယ်။ ဒီကပ်ရောဂါဟာ အရှိန်လျော့ပါးလာတဲ့ လက္ခဏာမပြသေးတဲ့အတွက်ကြောင့် စီးပွားရေး၊ အလုပ်အကိုင် ဈေးကွက်နဲ့ အသက်မွေးမှုလုပ်ငန်းတွေအပေါ် ကပ်ရောဂါရဲ့ သက်ရောက်မှုဟာ ကနဦးအစပိုင်းက မျှော်လင့်ထားတာထက် ပိုမိုပြင်းထန်စွာနဲ့ ပိုမိုကြာရှည်စွာ ထိခိုက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မိမိတို့အနေနဲ့ အလုပ်သမားများရဲ့ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်နဲ့ ၎င်းတို့ရဲ့ စီးပွားရေးလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန်ဆိုတဲ့ မိမိတို့ရဲ့ ရည်မှန်းချက်နှစ်ခုကို ဟန်ချက်ညီအောင် ထိန်းညှိဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် အဆွေတော်များရှင့်၊**

မြန်မာနိုင်ငံအတွက်တော့ မိမိတို့ရဲ့ ပြည်သူတွေသာလျှင် နိုင်ငံရဲ့ အဓိကအင်အားတွေပဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကို တိုက်ဖျက်ရာမှာ မိမိတို့နိုင်ငံရဲ့ အရင်းအမြစ် အကန့်အသတ်ရှိမှုကို ကျော်လွှားနိုင်ဖို့အတွက် "တစ်နိုင်ငံလုံး ပါဝင်တဲ့ ချဉ်းကပ်မှုပုံစံ" (A Whole-of-Nation Approach) နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ကပ်ရောဂါကို တုံ့ပြန်ရင်ဆိုင်ရာမှာ ရှင်းရှင်းလင်းလင်းပေါ်ထွက်လာတဲ့ မြန်မာနိုင်ငံရဲ့ထူးခြားချက်ဝိသေသတွေက နိုင်ငံသားတွေရဲ့ ပရဟိတလုပ်အားပေးဖို့ စိတ်အားထက်သန်မှု၊ ပေးကမ်းစွန့်ကြဲမှု၊ မျှဝေကူညီကြတဲ့ စိတ်ဓာတ်တို့ပဲဖြစ်ပါတယ်။ ကပ်ရောဂါကို တုံ့ပြန်တဲ့နေရာမှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားခဲ့စေရေးအတွက် အစိုးရရဲ့ ဆောင်ရွက်ချက်တွေကို ပြည်တွင်းရွှေ့ပြောင်းသွားလာနေထိုင်သူများနဲ့ ကပ်ရောဂါရဲ့ အကျိုးသက်ရောက်မှုကို ခံစားနေကြရတဲ့ အလုပ်သမားတွေ အပါအဝင် ထိလွယ်ခိုက်လွယ်သူအားလုံး လွှမ်းခြုံပါဝင်အောင် ဆောင်ရွက်ခဲ့ပါတယ်။

အကျိုးရလဒ်အနေနဲ့ မြန်မာနိုင်ငံဟာ ယနေ့အချိန်အထိ ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။ ယနေ့အချိန်အထိ ရောဂါကူးစက်ခံရသူ ၃၀၀ ဦးခန့်နှင့် သေဆုံးသူဦးရေ ၆ ဦးသာရှိပါတယ်။ မိမိတို့အနေနဲ့ ပြည်သူ့ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေးနဲ့ ကပ်ရောဂါကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုများ လျော့နည်းစေရေးတို့ကို တစ်ပြိုင်နက်တည်း ဟန်ချက်ညီညီဖြစ်စေဖို့ မဏ္ဍိုင်ငြိမ်ပဒ္ဒမြင့်နည်းလမ်းနဲ့ ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုအကျပ်အတည်းကာလမှာ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေဟာ လူမှုရေးကာကွယ်စောင့်ရှောက်မှုမရဘဲ ပြည်ပနိုင်ငံတွေမှာ အခက်အခဲများနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ သူတို့တွေဟာ အမိမြန်မာနိုင်ငံရဲ့ အကူအညီပေးမှုကို မျှော်ကိုးလျက်ရှိကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မိမိတို့နိုင်ငံသားများအားလုံးကို ပြန်လည်ခေါ်ယူနိုင်ဖို့ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံကို ပြန်လည်ရောက်ရှိလာသူတွေကိုလည်း Quarantine Centre တွေမှာ အစားအသောက်နဲ့ လိုအပ်တဲ့ အကူအညီတွေ ထောက်ပံ့ပေးပြီး သူတို့နေအိမ်ကို လုံခြုံစိတ်ချစွာ ပြန်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ နေရပ်ပြန်လာသူတွေရဲ့ လုပ်ငန်းကျွမ်းကျင်မှုကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် မှတ်တမ်းပြုစုထားပြီး ဆောက်လုပ်ရေးနဲ့ စိုက်ပျိုးရေးကဏ္ဍများလို အလုပ်သမား လိုအပ်ချက်မြင့်မားသည့် စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနဲ့ ချိတ်ဆက်ပြီး "ဝင်ငွေရရှိရေး အလုပ်အကိုင်ဖန်တီးပေး" (Cash for Work) အစီအစဉ်များကနေတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများကိစ္စဟာ ILO အဖွဲ့ကြီးအနေနဲ့ ပိုမိုအာရုံစိုက်ဆောင်ရွက်ပေးရမယ့် ကိစ္စရပ်တစ်ခုဖြစ်တယ်လို့ ယုံကြည်ပါတယ်။

**သဘာပတိကြီးနှင့် အဆွေတော်များရှင့်၊**

မြန်မာနိုင်ငံအနေနဲ့ အလုပ်သမားရေးရာစံနှုန်းများ မြှင့်တင်ရေးအတွက် ILO နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး၊ ILO ရာပြည့်ကြေညာချက်ပါအကြံပြုချက်များ၊ အထူးသဖြင့် အလုပ်သမားအခွင့်အရေးများ အကာအကွယ်ပေးရေးကိစ္စများအား လိုက်ပါဖော်ဆောင်သွားရန် သန္နိဋ္ဌာန်ချပြီးဖြစ်ပါတယ်။

မကြာသေးမီက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းနဲ့အညီ မြန်မာနိုင်ငံမှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေသစ်ကိုပြဋ္ဌာန်းခဲ့ပြီး ကလေးအလုပ်သမားပြဿနာများ ဖြေရှင်းဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေမယ့် ILO ၏ အနိမ့်ဆုံး အသက်အပိုင်းအခြားပြဋ္ဌာန်းချက်အမှတ်-၁၃၈ ကို အတည်ပြုပါဝင်ပြီးဖြစ်ပါတယ်။

ကပ်ရောဂါကြောင့်ဖြစ်ပေါ်လာတဲ့ စိန်ခေါ်မှုများကို ဖြေရှင်းရာမှာလည်း ILO က အကြံပြုထားတဲ့ အဓိကမဏ္ဍိုင်လေးခုအပေါ်မှာအခြေခံပြီး မိမိတို့အနေနဲ့ မူဝါဒဆိုင်ရာတုံ့ပြန်မှုများ ဆောင်ရွက်လျက်ရှိပါတယ်။

ပထမမဏ္ဍိုင်ဖြစ်တဲ့ နိုင်ငံရဲ့စီးပွားရေးနဲ့ အလုပ်အကိုင်ဖွံ့ဖြိုးရေးအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) ကို ချမှတ်ခဲ့ပါတယ်။ ယင်းအစီအစဉ်မှာ ကပ်ရောဂါကြောင့် ဘဏ္ဍာရေး၊ လူမှုရေးနှင့် စီးပွားရေးထိခိုက်မှုများ လျော့နည်းသက်သာစေရေးနဲ့ ထိခိုက်မှုအများဆုံးကဏ္ဍများ၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို ချေးငွေထောက်ပံ့ပေးမယ့် အစီအစဉ်တွေ ပါဝင်ပါတယ်။

စီးပွားရေးလုပ်ငန်းများအား အထောက်အကူပြုရေးဆိုတဲ့ ဒုတိယမဏ္ဍိုင်အရ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ဖို့အတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး စီးပွားရေးထိခိုက်မှုအများဆုံးခံနေရတဲ့ အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ကူညီပံ့ပိုးပေးဖို့ ကိုဗစ်-၁၉ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ပေးခဲ့ပါတယ်။ လူမှုဖူလုံရေးအာမခံထားရှိတဲ့ အလုပ်သမားတွေ အလုပ်အကိုင်ဆုံးရှုံးပါက အစိုးရအနေနဲ့ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ပုံမှန်ဝင်ငွေမရှိတဲ့ မိသားစုများကိုလည်း မရှိမဖြစ်လိုအပ်တဲ့ အခြေခံစားသောက်ကုန်များပံ့ပိုးမှုတွေ၊ ငွေကြေးထောက်ပံ့မှုတွေ ပြုလုပ်ပေးအပ်ခဲ့ပါတယ်။ ကပ်ရောဂါဟာ ထိခိုက်လွယ်သူများအပေါ် အများဆုံး သက်ရောက်မှုရှိတဲ့အတွက် အဆိုပါထိခိုက်မှုအများဆုံးခံရတဲ့လုပ်ငန်းရဲ့ ကုန်စည်စီးဆင်းမှုကွင်းဆက်နှင့် ပြည်ပတင်ပို့မှုများကို ထိခိုက်မှုဖြစ်စေမယ့် လုပ်ရပ်မျိုးတွေကို ရှောင်ရှားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

"လုပ်ငန်းခွင်ရှိ အလုပ်သမားများအား အကာအကွယ်ပေးရေး" ဆိုတဲ့ တတိယမဏ္ဍိုင်အရ လုပ်ငန်းခွင်များမှာ လိုအပ်သောအစီအမံသစ်များ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရက ညွှန်ကြားချက်များ ထုတ်ပြန်ပေးခဲ့ပါတယ်။ ကပ်ရောဂါကာကွယ်ရေးဆိုင်ရာ လိုအပ်တဲ့ အစီအမံများ ဆောင်ရွက်ထားတဲ့ စက်ရုံ၊ အလုပ်ရုံများကိုသာ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ ကပ်ရောဂါရိုက်ခတ်မှုကို ပူးပေါင်းဆွေးနွေးအဖြေရှာရေးမူအရ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ဆွေးနွေးမှုများ ထိရောက်စွာဆောင်ရွက်ရန် အစိုးရအနေနဲ့ အားပေးဆောင်ရွက်လျက်ရှိပြီး စက်မှုဇုန်အားလုံးမှာ သုံးပွင့်ဆိုင် ကိုယ်စားလှယ်များစုပေါင်းပြီး ကိုဗစ်-၁၉ ဆိုင်ရာ ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိမိကိုယ်တိုင်လည်း ကပ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ကိုယ်တိုင်ကိုကျပါဝင်နေကြသူများနဲ့ ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေး အဖြေရှာမှုများပြုလုပ်ခဲ့ပြီး ဒီလိုတွေ့ဆုံရာမှာ အလုပ်သမားနဲ့ အလုပ်ရှင်ကိုယ်စားလှယ်များလည်း ပါဝင်ခဲ့ပါတယ်။

**သဘာပတိကြီးနှင့် အဆွေတော်များရှင့်**

မြန်မာနိုင်ငံရဲ့ အလုပ်သမားဈေးကွက်အပေါ် ကိုဗစ်-၁၉ ရဲ့ ရိုက်ခတ်မှုနဲ့ပတ်သက်ပြီး သုတေသနပြုလုပ်နိုင်ရန်နဲ့ အလုပ်သမားများအတွက် လိုအပ်သောသင်တန်းများစီစဉ်ပေးရန် ILO နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် မိမိတို့နိုင်ငံရဲ့ တုံ့ပြန်ဆောင်ရွက်မှုများအပေါ် ကူညီပံ့ပိုးပေးနေတဲ့အတွက် ILO အဖွဲ့ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာမှာသေဆုံးသူအရေအတွက်ဟာ ၅ သိန်းကျော်လာပြီဖြစ်ပြီး အသက်မွေးမှုလုပ်ငန်းများနဲ့ အလုပ်အကိုင်အခွင့်အလမ်းများကို ထိခိုက်လျက်ရှိပါတယ်။ ဒီအချိန်ကာလဟာ ပူးပေါင်းဆောင်ရွက်မှုတွေကို အမြင့်ဆုံးဆောင်ရွက်ကြရမယ့် အချိန်ဖြစ်ပါတယ်။ ကမ္ဘာမှာမကြုံဖူးတဲ့ ဒီစိန်ခေါ်မှုကြီးကို ဖြေရှင်းနိုင်ဖို့ အနာဂတ် အလုပ်အကိုင်တွေမှာ ကြုံတွေ့လာရမယ့် ဘုံစိန်ခေါ်မှုတွေအပေါ် တုံ့ပြန်နိုင်မယ့် လက်တွေ့ဆောင်ရွက်ချက်တွေ ချမှတ်ပေးနိုင်တဲ့ တစ်ကမ္ဘာလုံး ပူးပေါင်းဆောင်ရွက်မှု လိုအပ်နေကြောင်း ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

● *ကျောဖုံးမှ*

ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစုစုပေါင်း ၇၀၈၈ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


## ပညာရေးဝန်ကြီးဌာန
## "၂၀၂၀-၂၀၂၁ ပညာသင်နှစ်"
## အသိပေးကြေညာချက်
## စစ်ဆေးအကဲဖြတ်ခြင်းအစီအစဉ်များ

- အထက်တန်းဆင့်သင် သင်ရိုးသစ်(Grade-10) တွင် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ လူမှုရေးသိပ္ပံ၊ သိပ္ပံ၊ ပထဝီ + သမိုင်း) ဘာသာရပ်များကိုသာ ကျောင်းတွင်းစစ် စာမေးပွဲဖြေဆိုရန်နှင့် ကျန်ဘာသာရပ်များကို လုပ်ဆောင်မှုအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း(Performance-based Assessment)ဆောင်ရွက်ရန်။
- အထက်တန်းဆင့်သင် သင်ရိုးသစ် (Grade-11) ကို ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ လူမှုရေးသိပ္ပံ၊ သိပ္ပံ၊ ပထဝီ + သမိုင်း) ဘာသာရပ်များကိုသာ ကျောင်းတွင်းစစ် စာမေးပွဲဖြေဆိုရန်နှင့် ကျန်ဘာသာရပ်များကို လုပ်ဆောင်မှုအခြေပြု စစ်ဆေးအကဲဖြတ်ခြင်း(Performance-based Assessment) ဆောင်ရွက်ရန်။
- အထက်တန်းဆင့်သင် သင်ရိုးသစ် (Grade-12) ကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစတင်၍ အောက်ပါအတိုင်း သင်ကြားသင်ယူခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

| အတန်း | သင်ကြားသင်ယူရမည့် ဘာသာရပ်များ | စစ်ဆေးအကဲဖြတ်ခြင်း | |
|---|---|---|---|
| Grade-12 | STEAMS-1 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ လူမှုရေးသိပ္ပံ (ပထဝီဝင်+ သမိုင်း+ ဘောဂဗေဒ)<br>STEAMS-2 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ (ပထဝီဝင် + သမိုင်း)<br>STAMS-1 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ)<br>STAMS-2 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ဘောဂဗေဒ၊ ပထဝီဝင်+သမိုင်း၊ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) | ဘာသာရပ်အားလုံး အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ခြင်းအတွက် စစ်ဆေးအကဲဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပရန်။ | တက္ကသိုလ်ဝင်ခွင့်အတွက် စစ်ဆေး အကဲဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်၊ မတ်လတွင် ကျင်းပရန်။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ ဘောဂဗေဒ)၊(ပထဝီဝင်+ သမိုင်း)၊ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) ဘာသာရပ်များအား ဖြေဆိုရန် မလိုပါ။ |

- အထက်တန်းဆင့်သင် သင်ရိုးသစ် (Grade-12) တွင် စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)၊ ဘာသာရပ်များကို သင်ယူရန်မလိုပါ။
- အထက်တန်းဆင့်သင် သင်ရိုးဟောင်း (Grade-11) တွင် သင်ရိုးဟောင်း (Grade-10) တက်ရောက်စဉ်က သင်ယူခဲ့သော ဘာသာတွဲများအတိုင်း သင်ယူစေပြီး ဆန်းစစ်ချက် (၄)ကြိမ် ဖြေဆိုစေလျက် ၂၀၂၁ ခုနှစ်၊ မတ်လတွင် တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရမည်။
- ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် သင်ရိုးဟောင်း Grade-11 တက်ရောက်နေသော ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်းလက်မှတ်များကို စံသတ်မှတ်ချက်များအရ အရည်အသွေးအာမခံသော စိစစ်ရေးအဖွဲ့က စိစစ်ပြီး ချီးမြှင့်ပေးအပ်သွားမည်။


## ဘီးလင်းမြို့နယ်၌ Cash for Work စီမံကိန်း မိတ်ဆက်ရှင်းလင်း

**ဘီးလင်း ဇူလိုင် ၈**

သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် Cash for Work စီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲကို ယမန်နေ့က ဘုရားဆိပ်ကျေးရွာအုပ်စု ကဒိုင်စိန်ကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဗစ် - ၁၉ ကြောင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ဘီးလင်းမြို့နယ်အတွင်း ဝင်ငွေနည်းကျေးလက်ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် ချက်ချင်းဝင်ငွေရရှိစေရန်နှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ Cash for Work စီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမင်းထေ၁စံက မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဆိုပါ Cash for Work စီမံကိန်းကော်မတီအား အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘီးလင်းမြို့နယ်၌ ကျေးရွာပေါင်း ၁၅ ရွာအား Cash for Work စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

# ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၈

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံးစာအုပ်များ အရည်အသွေးပြည့်မီစွာ ပုံနှိပ်၊ ထုတ်လုပ်နိုင်ရေးအတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၀) ကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### စာအုပ်အရည်အသွေးများ ကောင်းမွန်စေရန်

အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးစာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ကျောင်းသုံးစာအုပ်များ ပုံနှိပ်ဆောင်ရွက်နေမှု၊ ပုဂ္ဂလိက ပုံနှိပ်လုပ်ငန်းရှင်များထံ စာအုပ်များပုံနှိပ်ရန်အတွက် တင်ဒါစိစစ်ရေးကော်မတီမှတစ်ဆင့် တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ငန်းအပ်နှံဆောင်ရွက်နေမှုနှင့် စာအုပ်အရည်အသွေးများ ကောင်းမွန်စေရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းသုံးစာအုပ်များ နှစ်စဉ်နှစ်တိုင်း ရိုက်နှိပ်ဖြန့်ချိရာတွင် တစ်နှစ်ထက်တစ်နှစ် အရည်အသွေး ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနနှစ်ခု ပူးပေါင်းဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ကာလတွင် မူလတန်းသာမက အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကိုပါ စာအုပ်၊ ခဲတံနှင့် ဘောပင်များ ထောက်ပံ့ပေးရန် ဆောင်ရွက်ထားရှိမှု၊ ကျောင်းသုံးစာအုပ်များ ပုံနှိပ်ဖြန့်ချိရာတွင် လက်ရှိဆောင်ရွက်နေသည့် ပုံနှိပ်ရေးနှင့် ဖြန့်ချိရေးလုပ်ငန်းစဉ်နှစ်ခုကို လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ဖြန့်ချိရာတွင် ဆပ်ကော်မတီအလိုက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လာနိုင်သည့် အခြေအနေ၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းများစိစစ်သည့်အခါ ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

### ရှင်းလင်းဆွေးနွေး

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကျောင်းသုံးစာအုပ်များ ပုံနှိပ်ဖြန့်ချိနိုင်ရန် ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားမှု၊ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ခဲ့မှုသမိုင်းကြောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ရန်လျာထားမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် မူဝါဒဆိုင်ရာ လုပ်ငန်းလမ်းညွှန်နိုင်ရန် ကိစ္စရပ်များကို လည်းကောင်း၊ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ အတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ကျောင်းသုံးစာအုပ်များ အချိန်မီပုံနှိပ်နိုင်ရန် ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်သည့် လုပ်ငန်းအစီအမံများကို လည်းကောင်း၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန်နှင့် နောင်လာမည့် ပညာသင်နှစ်များအတွက် လုပ်ငန်းဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်တို့က ဝန်ကြီးဌာနအလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

### အတည်ပြုချက်ရယူ

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင် က ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံးစာအုပ်များ အရည်အသွေးပြည့်မီစွာ ပုံနှိပ်၊ ထုတ်လုပ်နိုင်ရေးအတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၀) ဆုံးဖြတ်ချက် ရှစ်ချက်အား အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# အခြေခံပညာသင်ရိုး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

အခြေခံပညာသင်ရိုး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### သင်ယူတတ်မြောက်နိုင်ရန်လို

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းများ ပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်အရ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းများအားလုံးကို လာမည့် ဇူလိုင် ၂၁ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးနှင့် ညီညွတ်၍ လုံခြုံဘေးကင်းစေရန် စီစဉ်ဆောင်ရွက်ပြီး ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် Physical Distancing အရ ဆရာ၊ ကျောင်းသားတစ်ဦးနှင့် တစ်ဦးအကြား ခြောက်ပေခြားပြီး သင်ကြားသင်ယူနိုင်ရန် စီစဉ်ထားပါကြောင်း၊ ကျောင်းသား ကျောင်းသူဦးရေ၊ ဆရာ ဆရာမဦးရေ၊ စာသင်ခန်းနှင့် စာသင်ခုံအရေအတွက်များအပေါ် မူတည်၍ ကျောင်းပြန်ဖွင့်ရာတွင် ပုံမှန်အတိုင်းဖွင့်မည့် ကျောင်းများ၊ တစ်ပတ်ခြားဖွင့်မည့် ကျောင်းများ၊ တစ်ပတ်ခြား နှစ်သုတ်တက်ရမည့်ကျောင်းများ၊ တစ်ပတ်ခြား နှစ်သုတ် သုံးရက်စီ တက်ရမည့် ကျောင်းများဟူ၍ အမျိုးမျိုးရှိပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါတွင် အရည်အသွေးရှိသော သင်ယူတတ်မြောက်မှုရှိစေရန် သင်ရိုးတစ်ခုလုံးကို လွှမ်းခြုံ၍ လွယ်သင့်ခက်မျှတမှုရှိစေမည့် သင်ရိုးဟောင်း Grade-11 နှင့် သင်ရိုးသစ် Grade-10 သင်ခန်းစာများအား စာသင်ချိန်နှင့် လိုက်လျောညီထွေ သင်ကြားသင်ယူနိုင်ရန် စီစဉ်ရမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် သင်ရိုးဟောင်း Grade-11 တွင် အသက်မွေးဝမ်းကျောင်း ပညာရပ်များနှင့် အဆင့်မြင့်ပညာရပ် ဆက်လက်သင်ယူရာတွင် လိုအပ်မည့် အခြေခံသင်ရိုးညွှန်းတမ်း လွှမ်းခြုံသင်ယူတတ်မြောက်နိုင်ရန် လိုပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အခြေခံပညာသင်ရိုး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### အတည်ပြုပေးစေလို

သင်ရိုးညွှန်းတမ်း၊ သင်ခန်းစာများ၊ အကဲဖြတ်စစ်ဆေးခြင်းများနှင့် စာမေးပွဲချိတ်ဆက်မှုများ အရေးကြီးပါကြောင်း၊ အထူးသဖြင့် ကျောင်းများအားလုံးအတွက် မတူညီနိုင်သော ကျောင်းတက်ချိန်များ ထည့်သွင်းစဉ်းစား၍ သင်ယူတတ်မြောက်ရမည့် အကြောင်းအရာ သင်ခန်းစာများကို ညှိနှိုင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီများအနေဖြင့် လက်တွေ့ဆောင်ရွက်နိုင်မည့် အခြေအနေကို အကောင်းဆုံး စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ဆရာ ဆရာမများ၏ လိုအပ်ချက်၊ အခက်အခဲများကို ဖြည့်ဆည်းပေးရန်နှင့် Check List ဖြင့် သင်ယူတတ်မြောက်မှု အရည်အသွေး ကောင်းမွန်ရန် စိစစ်ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီတို့မှ ဆရာကြီး ဆရာမကြီးများကလည်း ဝိုင်းဝန်းဆွေးနွေးအကြံပြု၍ သင်ရိုးညွှန်းတမ်းများကို အတည်ပြုပေးစေလိုပါကြောင်း၊ ကျောင်းသားကျောင်းသူများ၏ သင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် ရှိနေသည့်အခြေအနေတွင် အဖြစ်သင့်ဆုံး အကောင်းဆုံး အနေအထားဖြင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကား ပြောကြားပြီး အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေက သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်၍ တင်ပြဆွေးနွေးသည်။

### ညှိနှိုင်းဆွေးနွေး

ယင်းနောက် အစည်းအဝေး တက်ရောက်လာသူများက အခြေခံပညာသင်ရိုးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စာစစ်မှူးချုပ်များ၊ ဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီမှ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနေရှင်နယ်လိဂ် ဘောလုံးအားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၈**



မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ စခန်းဝင်လေ့ကျင့်ရေး၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများအား ပြန်လည်ကျင်းပခွင့်ပြုရေး၊ ဘောလုံးအကယ်ဒမီကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ရှုံးထွက်ဖလားပြိုင်ပွဲ (၂၀၂၀) (MFF Futsal Knockout Cup 2020) ပြန်လည်စတင်ခွင့် ရရှိရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၄)၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ဘောလုံးအားကစားကဏ္ဍအပါအဝင် ယခင်က ပုံမှန်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်တာများ ပြန်လည်စတင်နိုင်ရေးအတွက် စဉ်းစားရာ၌ ရေတိုကာလနှင့် ရေရှည်ကာလ၌ ရရှိနိုင်သည့်အကျိုးနှင့် ဖြစ်ပေါ်နိုင်သည့်အန္တရာယ်တို့ကို ချိန်ထိုးစဉ်းစားဆောင်ရွက်ရပါကြောင်း၊ တစ်ပြိုင်နက်တည်း ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ကပ်ရောဂါဗေဒရှုထောင့်၊ ပြန်လည်စတင်မည့်လုပ်ငန်း၏ သဘောသဘာဝရှုထောင့်တို့အပါအဝင် ရှုထောင့်ပေါင်းစုံအား ဆန်းစစ်လေ့လာခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းများ ပြုလုပ်ပြီးမှ ဆုံးဖြတ်ရပါကြောင်း။

### တစ်ဆင့်ချင်းသာ လျှော့ချရမည်

ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကာ မြန်မာနေရှင်နယ်လိဂ် ဘောလုံးအားကစားပြိုင်ပွဲများကို ပြန်လည်ဖွင့်လှစ်မည်ဆိုပါက အဆင့်လိုက်၊ အပိုင်းလိုက်သာလျှင် ပြန်လည်စတင်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာ၌အသစ်ဖြစ်ပေါ်လာသော ရောဂါဖြစ်သည့်အပြင် ထိန်းချုပ်ကိုင်တွယ်ရာတွင် အခြားကူးစက်ကပ်ရောဂါဖြစ်ပွားမှုများနှင့် မတူသည့်အတွက် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန် ချက်ချင်းလျှော့ချ၍ မရပါကြောင်း၊ တစ်ဆင့်ချင်း တစ်ဆင့်ချင်းသာ လျှော့ချရမည်ဖြစ်ပါကြောင်း၊ လျှော့ချရာ၌လည်း ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေကို ထည့်သွင်းစဉ်းစားရပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အရှိန်အဟုန်နည်းလာပြီးမှ ကဏ္ဍမျိုးစုံမှ လုပ်ငန်းဆောင်တာများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရန် စဉ်းစားရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဘောလုံးအားကစားဆိုင်ရာလုပ်ငန်းများ အမြန်ဆုံးပြန်လည်စတင်နိုင်ရန်အတွက် လုပ်ငန်းလမ်းညွှန်များ အမြန်ဆုံးရေးဆွဲသွားမည်ဖြစ်ပြီး မဖြစ်မနေလိုက်နာလုပ်ဆောင်ရမည့်အချက်များကိုလည်း ရေးဆွဲသတ်မှတ်ပေးမည်ဖြစ်ပါကြောင်း၊ လာမည့်ရက်ပိုင်းအတွင်း ဝန်ကြီးဌာနမှ ပညာရှင်များက ဘောလုံးအားကစားကွင်းများနှင့် လေ့ကျင့်ရေးကွင်းများသို့ ကွင်းဆင်း၍ ဆန်းစစ်သုံးသပ်ခြင်းများ ပြုလုပ်ပေးမည်ဖြစ်ပါကြောင်း၊ ဘောလုံးပြိုင်ပွဲများအပါအဝင် အခြားလုပ်ငန်းများ ပြန်လည်စတင်ခွင့်ပြုပြီးနောက်တွင်လည်း ဝန်ကြီးဌာန၏ ပြောကြားချက်၊ လမ်းညွှန်ချက်၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ရောဂါကာကွယ်ရေးနည်းလမ်းများကို မည်သည့်အတိုင်းအတာအထိ လိုက်နာသည်ကိုလည်း စနစ်တကျ checklist များဖြင့် စဉ်ဆက်မပြတ်စောင့်ကြည့်အကဲဖြတ်ခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လိုက်နာမှု မရှိပါက ခွင့်ပြုချက်များကို ချက်ချင်းပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါကြောင်း။

ဤကဲ့သို့ စနစ်တကျသေချာစွာ စဉ်းစားရခြင်းမှာ ကိုဗစ်-၁၉ ၏ ကူးစက်ပြန့်ပွားမှု ပုံသဏ္ဍာန်၊ ပျံ့နှံ့မှုအရှိန်အဟုန်၊ ရောဂါပြင်းထန်မှုအတိုင်းအတာစသည့် ရောဂါ၏ သဘောသဘာဝများသည် ပြောင်းလဲလျက်ရှိနေခြင်းကြောင့် ဖြစ်ပါကြောင်း၊ ဘောလုံးအားကစားနှင့် ပတ်သက်သည့် လုပ်ငန်းများ ပြန်လည်စတင်ရေး စဉ်းစားရာ၌ လူအများနှင့် မည်သည့်အတိုင်းအတာအထိ ထိတွေ့နိုင်မည်၊ မည်သည့်ပုံစံဖြင့် ထိတွေ့နိုင်မည်၊ ထိတွေ့သည့် အချိန်ကာလ၊ ထိတွေ့ပြီးနောက် ပြုမူနေထိုင်မှုပုံစံစသည့် အချက်များစွာနှင့် ထပ်မံကူးစက်နိုင်သည့် အန္တရာယ်အတိုင်းအတာများကို ကြိုတင်စဉ်းစားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လက်ရှိ၌ ကိုဗစ်-၁၉ ပြည်တွင်းကူးစက်မှုပိုမိုနည်းပါးလာသည့် အခြေအနေနှင့် ရုတ်တရက်ကူးစက်မှု ပြန်လည်များပြားလာနိုင်သည့် အခြေအနေနှစ်ခုအကြား လမ်းဆုံလမ်းခွသို့ ရောက်ရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ကာ ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုများ ရပ်တန့်သွားစေရေးအတွက် အားလုံးက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ရှင်းလင်းတင်ပြရာတွင် မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲများ ပြန်လည်စတင်ရာတွင် ရောဂါကာကွယ်ရေးစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ထားရှိမည့်အစီအစဉ်များကို (video) နှင့်တကွ ရှင်းလင်းတင်ပြ၍ ကလပ်ပြိုင်ပွဲများ ဆောလျင်စွာ ကျင်းပနိုင်ရေး ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအနေနှင့် အာရှဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲပါဝင် ယှဉ်ပြိုင်ရမည့်အခြေအနေနှင့် အားကစားသမားများ စခန်းသွင်းလေ့ကျင့်ရမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲများ ပြန်လည်ကျင်းပရန် စီစဉ်ဆောင်ရွက်ရာတွင် ပြိုင်ပွဲများကို တစ်ပြိုင်တည်း ကျင်းပခြင်းထက် မည်သည့်ပြိုင်ပွဲကို ဦးစားပေးစတင်မည်ကို သုံးသပ်ရန်လိုအပ်ပါကြောင်း၊ ပြိုင်ပွဲကျင်းပရာတွင် ပြိုင်ပွဲတစ်ခုချင်းကျင်းပမှုအလိုက် စည်းကမ်းချက်များနှင့်အညီ မည်သို့ကျင်းပမည်ကို အသေးစိတ်စီမံချက်တစ်ခုချင်း ရေးဆွဲရန် လိုအပ်ပါကြောင်း ပြောကြားသည်။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ဘောလုံးအားကစားပြိုင်ပွဲ ပြန်လည်ကျင်းပနိုင်ရန် ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် ခွင့်ပြုချက်ရရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများက ပြန်လည်ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားတက်ရောက်ကြသူများက လိုအပ်ချက်များ ထပ်မံဖြည့်စွက်ဆွေးနွေးကြသည်။

### လေ့လာရမည်

ဆက်လက်၍ ဒုတိယဝန်ကြီးဒေါက်တာမြလေးစိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဘောလုံးအားကစားကို အခြားနိုင်ငံများတွင် ပြန်လည်ကျင်းပနေသည့်နည်းတူ မိမိတို့နိုင်ငံမှလည်း ပြန်လည်ကျင်းပနိုင်ရေးအတွက် နိုင်ငံတကာဘောလုံးအားကစားပြိုင်ပွဲများ ကျင်းပနေသည့် စည်းကမ်းများ၊ အချက်အလက်များ၊ ကန့်သတ်ချက်များကို လေ့လာရမည်ဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းတွင် အာရှဘောလုံးအဖွဲ့ချုပ်၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA) စသည်တို့မှ အကြံပြုထားသော ဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဘောလုံးအားကစားပြိုင်ပွဲပြန်လည်ကျင်းပရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ကုသရေး၊ လေ့ကျင့်ရေး စီမံချက်များ ရေးဆွဲထားသင့်ပါကြောင်း၊ ပြိုင်ပွဲပြန်လည်ကျင်းပနိုင်ရေး ယနေ့အစည်းအဝေးမှ ရရှိသော အချက်အလက်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) အနေနှင့် ပြန်လည်ဆွေးနွေးပြီး မြန်မာနေရှင်နယ်လိဂ်(MNL) ပြိုင်ပွဲများ ပြန်လည်စတင်နိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၉) ကြိမ်မြောက်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ (၁၉) ကြိမ်မြောက် အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ဆက်လက်ကျင်းပသည်။

ယနေ့အစည်းအဝေးသို့ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုး၊ ဒုတိယဥက္ကဋ္ဌ (၂) Rev. စောမက်သယူးအေး၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ယနေ့အစည်းအဝေးတွင် ယမန်နေ့က ဆွေးနွေးခဲ့ကြသည့် JMC-U အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မည့် ကော်မတီဝင် အမည်စာရင်းအား အတည်ပြုခြင်း၊ JMC-U ၏ (၁၈) ကြိမ်နှင့် (၁၉) ကြိမ် အစည်းအဝေး ကြားကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်မှုများအား တင်ပြခြင်း၊ JMC ၏ ရန်ပုံငွေအား No Cost Extension ဖြင့် ဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေးခြင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေ ဘတ်ဂျက်ရေးဆွဲနိုင်ရေး ဆွေးနွေးခြင်း၊ အစိုးရဘတ်ဂျက်မှ အဆိုပြုခန့်အပ်သော အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ရာထူးနေရာ အတည်ပြုခန့်အပ်ခြင်းနှင့် EAOsဘက်မှ ဒုတိယအလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ရာထူးနေရာအတွက် အဆိုပြုခန့်အပ်ရန် ဆွေးနွေးခြင်း၊ အတည်ပြုပြဋ္ဌာန်းထားပြီးသော JMC ဆိုင်ရာ လုပ်ငန်းလမ်းညွှန် (ToR) နှင့် လုပ်ထုံးလုပ်နည်း (SoP) များကို လိုအပ်ပါက ပြန်လည်သုံးသပ်နိုင်ရေး ဆွေးနွေးခြင်း၊ JMC အတွင်း Bilateral များ ဆွေးနွေးသွားနိုင်ရေး အစီအမံနှင့် JMC-S အစည်းအဝေးများ ပုံမှန်ပြန်လည်ကျင်းပနိုင်ရေး ဆွေးနွေးခြင်း၊ ဒေသခံအရပ်သား စောင့်ကြည့်သူ (LCM) များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခြင်း၊ JMC အဆင့်ဆင့်၏ အရပ်သားကိုယ်စားလှယ်များ မျက်နှာစုံညီ အစည်းအဝေးများမှ မူဝါဒ တောင်းခံရန် လိုအပ်သော ဆုံးဖြတ်ချက်များအား တင်ပြခြင်း၊ နဝမအကြိမ် JMC အဆင့်ဆင့်၏ အရပ်သားကိုယ်စားလှယ်များ မျက်နှာစုံညီ အစည်းအဝေးအား ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ကျင်းပခွင့်တင်ပြခြင်း၊ JMC သို့ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ လှူဒါန်းငွေများနှင့် JMC ပိုင်ရန်ပုံငွေများ သုံးစွဲမှုနှင့် လက်ကျန်စာရင်း တင်ပြခြင်းနှင့် နောက်တစ်ကြိမ် ကျင်းပမည့် JMC-U အစည်းအဝေးအတွက် နေ့ရက်နှင့် နေရာသတ်မှတ်ခြင်းတို့ကို ဆက်လက်ဆွေးနွေးကြကြောင်း သိရသည်။

(၁၈)ကြိမ်မြောက် JMC-U အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာတွင် ကျင်းပခဲ့ပြီး တစ်နှစ်ကျော်ကြာမှ ယခု(၁၉)ကြိမ်မြောက် အစည်းအဝေးကို ပြန်လည်ကျင်းပခြင်းဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းရေး ဆောလျင်စွာ ရရှိစေရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် ထိုစဉ်က အစိုးရအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့သည် နေပြည်တော်တွင် ပြည်တွင်းနှင့် နိုင်ငံတကာ အသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့နောက် လက်ရှိအစိုးရ တာဝန်ယူစဉ်ကာလ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှစ်ဖွဲ့တို့နှင့် ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ ရှိလာခဲ့ပြီဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

*အဖေ(၆-၁၁-၂၀၁၁ နေ့တွင် ကွယ်လွန်သွားခဲ့သော ယောက္ခမဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းရေးမှူးဦးလွင်) ရေးသားခဲ့သော ဗိုလ်ချုပ်နှင့် သူ့အမှတ်တရဆုံစည်းခဲ့ရသည့် ဖြစ်ရပ် (၄)ရပ်အပေါ်တွင် သမိုင်းအချက်အလက် အချို့ကို ဖြည့်စွက်ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ (စာရေးသူ)*

# ကျွန်တော်အမှတ်ရနေသော ဗိုလ်ချုပ်

## ဒလဘန်း

*ယမန်နေ့မှအဆက်*

**အပင်ပန်းဆုံး စစ်ရေးလေ့ကျင့်ရသည့်နေ့ ဗိုလ်ချုပ် စေတနာနှင့်ကျွေးသည့် ကိတ်မုန့်စားရသည်မှာ အဖေ့အတွက် အမှတ်တရ ဖြစ်စေလှပါသည်။**

မင်္ဂလာဒုံနှင့် မန္တလေးမှ သင်တန်းသားစုစုပေါင်း ၃၀၀ မင်္ဂလာဒုံစစ်သင်တန်းကျောင်း၌ ရှေးဦးစွာ အကြပ်သင်တန်း တက်ကြရသည်။ သုံးလပြည့်သင်တန်းဆင်းမှ အယောက် ၁၅၀ ကသာ ဗိုလ်သင်တန်းတက်ကြရသည်။ သင်တန်းထူးချွန်သူများထဲအဖေလည်းပါ၍ ဂျပန်ဘုရင့်စစ်တက္ကသိုလ်သို့ တက်ရောက်ရန် ရွေးချယ်ခံရသည်။ အဖေတို့ စစ်ပညာသင်ပထမအသုတ်အယောက် ၃၀ သည် ၁၉၄၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဂျပန်နိုင်ငံသို့ ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာကြရသည်ဟု အဖေ့မှတ်စုများ အရ သိရပါသည်။ မြန်မာပြည်ကို ဂျပန်က လွတ်လပ်ရေးပေးသည့် ၁၉၄၃ခုနှစ် ဩဂုတ်လ ၁ ရက်နေ့သည် တိုက်တိုက်ဆိုင်ဆိုင် အဖေတို့ ဂျပန်စစ်တက္ကသိုလ်ကျောင်းဝင် အခမ်းအနားနေ့ဖြစ်သည်။ ဂျပန်ရေမြေပတ်ဝန်းကျင်၌ အသားကျစေရန် ရှေးဦးစွာ Orientation သင်တန်းငါးလ တက်ရသည်။ ပြီးမှ ပုံမှန် ၁၈ လ သင်တန်းတက်ရောက်ကြရသည်။ သင်တန်းတွင် တရုတ်၊ ကိုရီးယား၊ မန်ချူး၊ မွန်ဂိုများလည်းပါသည်။ သင်တန်းပြီးဆုံးသော်လည်း ကမ္ဘာစစ်ကြီး အခြေအနေကြောင့် မြန်မာပြည် မပြန်နိုင်၍ ဟာကိုနေ (Hakone) ရေကန်နား မီးသွေးဖုတ်သည့် လုပ်ငန်းတစ်ခုတွင် ပါဝင်လုပ်ကိုင်ရင်း နေထိုင်ကြရသည်။ စက်တင်ဘာလ ၂ ရက်နေ့တွင် ဂျပန်က အမေရိကန်ထံ လက်နက်ချကြောင်းစာချုပ်လက်မှတ်ထိုး၊ မြန်မာပြည်မှာလည်း လက်နက်ချကြောင်း စက်တင်ဘာလ ၆ ရက်နေ့တွင် တရားဝင်လက်မှတ်ထိုးပြီး မှ အမေရိကန်စစ်တပ်က အဖေတို့ကို ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့ရှိ ဗြိတိသျှတပ်လက်သို့ လွှဲပြောင်းပေးပြီး British Intelligence Corp က စစ်မေးသည်။ တစ်လခန့်အကြာ စင်ကာပူသို့ရောက် ထိုမှတစ်ဆင့် မြန်မာပြည်သို့ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ကုန်ခါနီးတွင်မှ ပြန်ရောက်ကြသည်။

**ဗြိတိသျှအောက်ပြန်ရောက်ရှိချိန်**

ဂျပန်ပေးသည့် စစ်သင်တန်းတက်ပြီး မိမိနိုင်ငံသို့ ပြန်ရောက်သည့်အခါ မြန်မာပြည်ကို အတုအယောင်၊ ရွှေရည်စိမ် လွတ်လပ်ရေးပေးခဲ့သည့် ဂျပန်ကို အင်္ဂလိပ်မဟာမိတ်တပ်များနှင့် ဗမာ့ကာကွယ်ရေး တပ်မတော်တို့ တိုက်ထုတ်ပြီး ဗြိတိသျှတို့အုပ်ချုပ်မှုအောက် ပြန်လည်ရောက်ရှိနေပေပြီ။

ဗြိတိသျှအစိုးရက မြန်မာပြည် စစ်အုပ်ချုပ်ရေးကို အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရုပ်သိမ်းကာ မြန်မာပြည်ဘုရင်ခံ Sir Dorman Smith သည် Cleopatra စစ်သင်္ဘောဖြင့် ရန်ကုန်သို့ တရားဝင်ပြန်ရောက်လာပြီး ဘုရင်ခံနှင့်အတူ "စစ်ပြေး ဆင်းမလားအစိုးရ"အဖွဲ့လည်း ပြန်လည်လိုက်ပါလာကြသည်။



မျိုးချစ်ဗမာ့တပ်မတော်ကလည်း နိုင်ငံရေးနှင့် မသက်ဆိုင်တော့၍ ဖတပလ (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး)အဖွဲ့ချုပ်က နုတ်ထွက်ခဲ့သည်။ ဗိုလ်ချုပ်ကိုယ်၌ကလည်း ဗြိတိသျှတို့က ကမ်းလှမ်းလာသည့် လက်ထောက်စစ်ရေးအရာရှိချုပ် ရာထူးကို ငြင်းပယ်လျက် မျိုးချစ်ဗမာ့တပ်မတော်ကလည်း နုတ်ထွက်ကာ နိုင်ငံရေးနယ်ပယ်သို့ ဝင်ခဲ့လေသည်။ ဇွန်လ ၂၆ ရက်နေ့တွင် ဖတပလကို ပြန်လည်ဖွဲ့စည်းလိုက်သည့် ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး)အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

ဂျပန်မှ အဖေပြန်လည်ရောက်ရှိပြီး ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခံရကာ ပျဉ်းမနား သနက(၅)တွင် တာဝန်ထမ်းဆောင်ရသည်။ ၁၉၄၆ခုနှစ် နိုဝင်ဘာလတွင် မေမြို့၌ အရာရှိငယ်သင်တန်းတက်နေခိုက် ဖဆပလဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းသည် စည်းရုံးရေးခရီးစဉ်တစ်ခုမှ အပြန် မေမြို့သို့ ခေတ္တဝင်ရောက်နားမည့် သတင်းရကြသည်။ သင်တန်းသားထဲက မူလမျိုးချစ် ဗမာ့တပ်မတော် (Patriotic Burmese Force) က အဖေတို့အရာရှိ ၃၀ ခန့်အထက်မှ ခွင့်ပြုမိန့်တောင်းခံကာ ဗိုလ်ချုပ်ကို ဧည့်ခံခွင့်တောင်းကြသည်။ ခွင့်ပြုမိန့်ရ၍ ဗိုလ်ချုပ်ရောက်လာသည့်အခါ ကြိုဆိုပြီး လက်ဖက်ရည်ဖြင့် ဧည့်ခံကြသည်။ လက်ဖက်ရည်သောက်ရင်း ဗိုလ်ချုပ်နှင့် တရင်းတနှီး နှစ်နာရီခန့်ကြာအောင် ဧည့်ခံကာ စကားပြောခွင့် ရလိုက်ကြသည်။ **ထိုနေ့တွေ့ဆုံမှုကား ဗိုလ်ချုပ်နှင့် ပထမဆုံး နီးနီးကပ်ကပ် တွေ့ဆုံခွင့်ရခြင်းဖြစ်သလို နောက်ဆုံးတွေ့ဆုံခြင်းလည်း ဖြစ်သည်ကို နောက်မှသိရသည်။**

**"အဖေငယ်စဉ် အထက်တန်းကျောင်းသားဘဝကတည်းက စံနမူနာယူ၊ လေးစားအားကျခဲ့ရသော၊ လွတ်လပ်ရေးခေါင်းဆောင်တစ်ဖြစ်လဲ တစ်ချိန်က ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၏ တိုင်းပြည်လွတ်လပ်ရေးရရှိရေး ကြိုးပမ်းအောင်မြင်မှုသတင်းများကို မိမိတာဝန်များ ထမ်းဆောင်နေရာမှ နားစွင့်ဝမ်းသာပီတိဖြစ်နေစဉ် ဗိုလ်ချုပ်တို့ အတွင်းဝန်များရုံး၌ အမှုဆောင်ကောင်စီ အစည်းအဝေးပြုလုပ်နေစဉ် လုပ်ကြံခံရသော ဝမ်းနည်းဖွယ်သတင်းကို အမှတ်မထင် ၁၉ ဇူလိုင် ညနေ၌ ကြားလိုက်ရချိန် အဖေမယုံနိုင်အောင် ဖြစ်ခဲ့ရ"**

အဖေတာဝန်ထမ်းဆောင်ရာ သနက(၅)သည် ပျဉ်းမနားမှ ပဲခူးသို့ ပြောင်းသည်။ ဗြိတိသျှ Southern Command လက်အောက် Operation Flash Forces စစ်ဆင်ရေးတွင် တပ်မ(၁၇)နှင့် နယ်မြေထိန်း တာဝန်ယူရသည်။ ဒိုက်ဦး၊ ညောင်လေးပင်၊ ဖောင်တော်သီမြို့များရှိ ဆန်ဂိုဒေါင်များကို လုံခြုံရေးယူရသည်။ ဗိုလ်ချုပ်ဖြတ်သွား၊ ဖြတ်လာခရီးစဉ်များရှိသော်လည်း လူကိုယ်တိုင် မဆုံရပေ။ မိခင်တပ်ရင်း သနက (၅)က ပဲခူးမှတစ်ဖန် ရန်ကုန်သို့ ပြောင်းရပြန်သည်။ ဂျပန်စစ်သုံ့ပန်းများရှိရာ အလုံထောင်ကြီးကိုလည်း အဖေ့တပ်ခွဲက လုံခြုံရေးတာဝန်ယူရသည်။ အထွေထွေသပိတ်မှာ ရဲများပါသွား၍ ဂါတ်တဲသုံးခုကိုလည်း တပ်စုက တာဝန်ယူရသည်။

နိုင်ငံတော်အတွင်း အထွေထွေသပိတ်ကြီးက ဖြစ်နေသည်။ Sir Dorman Smith ဖွဲ့စည်းပေးထားသည့် ဘုရင်ခံအမှုဆောင်ကောင်စီသည် သပိတ်အရေးအခင်းများကို ဖြေရှင်းနိုင်ခြင်း မရှိသောကြောင့် ဆာပေါ်ထွန်းခေါင်းဆောင်သည့်အစိုးရ ပြုတ်ကျပြန်သည်။ မြန်မာနိုင်ငံဘုရင်ခံ Sir Dorman Smith တာဝန်များပြီးဆုံး၍ ဇွန်လ ၁၄ ရက်နေ့က ပြန်လည်ထွက်ခွာသွားခဲ့ရာ ဇူလိုင်လ ၃၁ ရက်နေ့တွင် Sir Hubert Rance ဘုရင်ခံဖြစ်လာပြီး ရန်ကုန်သို့ စက်တင်ဘာလ ၂ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဘုရင်ခံ Sir Hubert Rance ၏ ဘုရင်ခံအမှုဆောင်ကောင်စီ( အစိုးရဝန်ကြီးအဖွဲ့)၌ ပါဝင်ရန် ဗိုလ်ချုပ်က လက်ခံလိုက်၍ အမျိုးသားယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဒုတိယဥက္ကဋ္ဌနှင့် ကာကွယ်ရေးနှင့်နိုင်ငံခြားရေးတာဝန်တို့ကို ဗိုလ်ချုပ်က ရယူခဲ့ပြီး ဦးဆောင်ကာ သပိတ်ခေါင်းဆောင်များနှင့် ဆွေးနွေးညှိနှိုင်းရာ အောက်တိုဘာလဆန်းတွင် အထွေထွေသပိတ်ကြီး ပြီးဆုံးခဲ့သည်။

**အောင်ဆန်း- အက်တလီစာချုပ် လက်မှတ်ရေးထိုး**

ဗိုလ်ချုပ်ဦးဆောင်သော ဘုရင်ခံအမှုဆောင်ကောင်စီဝန်ကြီးအဖွဲ့က ဗြိတိသျှအစိုးရအနေဖြင့် မြန်မာပြည်လွတ်လပ်ရေးနှင့်ပတ်သက်ကာ တိကျရှင်းလင်းသော အဖြေကို သတ်မှတ်ချိန် ဇန်နဝါရီလ ၃၁ ရက်နေ့အတွင်း မပေးလျှင် ဗိုလ်ချုပ်အစိုးရအဖွဲ့ နုတ်ထွက်မည့်အကြောင်း ကြေညာချက်ထုတ်သည်။ ဗြိတိသျှဝန်ကြီးချုပ် Atlee ၏ ဖိတ်ကြားချက်အရ လွတ်လပ်ရေးရရှိရေးကိစ္စများ ဆွေးနွေးရန် အဖွဲ့ဝင် ၁၆ ဦးပါဝင်သောအဖွဲ့ကို ဗိုလ်ချုပ်ခေါင်းဆောင်ကာ အင်္ဂလန်နိုင်ငံသို့ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ထွက်ခွာခဲ့သည်။ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်များအပေါ်မူတည်ကာ သမိုင်းဝင် **အောင်ဆန်း- အက်တလီစာချုပ်**ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရေးထိုးနိုင်ခဲ့ကြသည်။ ယင်းသို့ လက်မှတ်ရေးထိုးပွဲတွင် အဖွဲ့ဝင် သခင်ဗစိန်နှင့် ဂဠုန်ဦးစောတို့ မပါဝင်ခဲ့ပေ။

မြန်မာပြည် လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်ကား မအားမလပ်တောက်လျှောက် ကြိုးပမ်းအားထုတ်သည်။ လွတ်လပ်ရေး ရရှိရန်အတွက် အလွန်အရေးကြီးသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သက်သေထူသည့် "ပင်လုံစာချုပ်" ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကချင်၊ ချင်း၊ ဗမာ၊ ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ် ၂၃ ဦးတို့နှင့်အတူ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဗြိတိသျှရေတပ် လက်ထောက်ဗိုလ်ချုပ်မစ်ချယ်က စစ်ရေယာဉ် "မေယု"(H.M.S. FALE)ကို မေလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ရန်ကုန်မြို့တော်ခန်းမရှေ့၌ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ပြုလုပ်သော မြန်မာနိုင်ငံရေးရှင်းတမ်း လူထုစည်းဝေးပွဲကြီးကို ဗိုလ်ချုပ်က "တိုင်းပြုပြည်ပြု လွှတ်တော်" ခေါင်းစဉ် ဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။

အဖေငယ်စဉ် အထက်တန်း ကျောင်းသားဘဝကတည်းက စံနမူနာယူ၊ လေးစားအားကျခဲ့ရသော လွတ်လပ်ရေးခေါင်းဆောင်တစ်ဖြစ်လဲ တစ်ချိန်က ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၏ တိုင်းပြည်လွတ်လပ်ရေးရရှိရေး ကြိုးပမ်းအောင်မြင်မှု သတင်းများကို မိမိတာဝန်များ ထမ်းဆောင်နေရာမှ နားစွင့်ဝမ်းသာပီတိဖြစ်နေစဉ် ဗိုလ်ချုပ်တို့ အတွင်းဝန်များရုံး၌ အမှုဆောင်ကောင်စီအစည်းအဝေး ပြုလုပ်နေစဉ် လုပ်ကြံခံရသော ဝမ်းနည်းဖွယ်သတင်းကို အမှတ်မထင် ၁၉ ဇူလိုင် ညနေ၌ ကြားလိုက်ရချိန် အဖေမယုံနိုင်အောင် ဖြစ်ခဲ့ရသည်။ တုန်လှုပ်ချောက်ချားဝမ်းနည်းခြင်း ကြီးစွာဖြစ်ရသည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့ ဘုရင်ခံနှင့်တွေ့ဆုံပြီး အပြန်လမ်းတွင် သေနတ်ပစ်ခံရ၍ ဒဏ်ရာရကာ ဗိုလ်ချုပ်အပေါ် အထင်လွဲမှားခဲ့သော ဦးစော၏ တပည့်များ လက်ချက်ဖြင့် ဗိုလ်ချုပ်နှင့် ခေါင်းဆောင်အချို့ကျဆုံးခဲ့ရကြောင်း မကြာမီ ကြားသိရသည်။ ဦးစော၏ ကျန်းမာရေးသတင်းမေးရန် ဗိုလ်ချုပ်သည် သခင်နုနှင့်အတူ စက်တင်ဘာ လ ၂၇ ရက်နေ့က ဦးစောထံ ရောက်ရှိခဲ့ကြသေးသည်။

ဗိုလ်ချုပ်ရုပ်ကလာပ်ကို စစ်အခမ်းအနားသဘောဖြင့် နောက်တစ်ရက်တွင် ဂျူဗလီခန်းမကြီးသို့ ပြောင်းရွှေ့သယ်ယူပြီး လူထုဂါရဝပြုခံရန် ၁၉ ရက် နေ့ညနေက ဝန်ကြီးချုပ်ဖြစ်လာသော သခင်နုနှင့် အစိုးရအဖွဲ့က ဆုံးဖြတ်ကြသည်။ ဗိုလ်ချုပ်လုပ်ကြံခံရပြီးသည်နှင့် အဖေ့တပ်စုက ရန်ကုန်မြို့မြောက်ဘက်ထွက်ပေါက် အင်းလျားကန် ယခုကြက်ကျွန်းနေရာတွင် လုံခြုံရေးကင်း တာဝန်ယူရသည်။

*စာမျက်နှာ ၁၁ သို့*



*စာမျက်နှာ ၁၀ မှ*

**ဗိုလ်ချုပ်နှင့်အတူ အာဇာနည်များ၏ ဈာပန**

ဗိုလ်ချုပ်ရုပ်ကလာပ်ကို စစ်အခမ်းအနားသဘောဖြင့် ဂျူဗလီခန်းမကြီးသို့ သယ်ယူရန်စဉ်းစားရာ တပ်ခွဲမှူးက အဖေ့တပ်စုကို အဆိုပါကိစ္စ တာဝန်ယူ ဆောင်ရွက်ရန် တာဝန်ပေးသည်။

သူ့တွင်ရှိသော အကောင်းဆုံး ယူနီဖောင်းတစ်စုံကို အဖေရွေးဝတ်ပြီး ရဲဘော်များနှင့်အတူ ဇူလိုင်လ ၂၀ ရက်နေ့မနက်စောစော ဗိုလ်ချုပ်၏ တာဝါလိန်းအိမ်သို့ သွားကြသည်။ ဗိုလ်ချုပ်အိမ်ဝန်းကျင်တွင် မျှော်လင့်မထားသော လူအုပ်ကြီးရှိနေ၍ လူထုကို တောင်းပန်ပြီး အိမ်ဝင်းအတွင်းသို့ ခက်ခက်ခဲခဲ အဖေတို့ ဝင်ခဲ့ကြရသည်။

ဗိုလ်ချုပ်ရုပ်ကလာပ်ကို ခြံတွင်းမှ သယ်ထုတ်ရာတွင် ပရိသတ်များ လမ်းတစ်လျှောက်ကြိတ်ကြိတ်တိုးနေ၍ ကန်တော်ကြီးလမ်းမပေါ်ရောက်မှ စနစ်တကျဖြစ်ပြီး မိမိရောက်ရှိသည့်နေရာကို ကောင်းစွာ မြင်ကြရသည်။ အဖေ့တပ်စုက ဗိုလ်ချုပ်ရုပ်ကလာပ်၏ အရှေ့နှင့် အနောက်ဘက်မှ စောင့်ရှောက်လိုက်ပါရပြီး ပြည်သူ့ရဲဘော်များက ကြားထဲသို့ ဘေးမှ တိုးဝင်လာသူများကို မေတ္တာရပ်ခံ တားဆီးဖယ်ရှားကြရသည်။ သူတို့ချစ်သော ဗိုလ်ချုပ်ရုပ်ကလာပ်ကို ပြည်သူများက လမ်းတွင် သယ်လိုကြသည်။ ထိုနေ့ ရာသီဥတုကား နေမပူ၊ မိုးတစ်စက်မကျဟု အဖေ့မှတ်စုများမှာ တွေ့ရပါသည်။

ဂျူဗလီခန်းမရောက်သောအခါ အသင့်ပြင်ထားသော ခန်းမအတွင်းရှိစင်မြင့်ပေါ်သို့ ရုပ်ကလာပ်ကို နေရာချသည်။ ပြီးတော့ ရဲဘော်များနှင့်အတူ ဗိုလ်ချုပ်ကို အလေးပြုကာ သနက (၅) တပ်ခွဲကလည်း လမ်းဘေး ရဲဘော်များကို တပ်သို့ ပြန်နားစေပါသည်။ နေဝင်ပြီးမှ အဖေတစ်ယောက်တည်း ဗိုလ်ချုပ်ကို ထိုင်ကန်တော့သည်။ **အဖေ့နှုတ်က တိုးတိုးနှင့် လေးလေး** ရွတ်ဆိုလိုက်သည်က "ဗိုလ်ချုပ်ရဲ့ နောက်ဆုံး ခရီးမှာ အခုလို ကျွန်တော့်ကို အမှုထမ်းခွင့်ပေးတာကို ဂုဏ်ယူ၍ ဆုံးနိုင်မည်မဟုတ်ပါခင်ဗျား"

ဗိုလ်ချုပ် မသမာသူတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသော်လည်း ဗိုလ်ချုပ်လိုလားတောင့်တ ကြိုးစားခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ဗိုလ်ချုပ်ကျဆုံးပြီး ငါးလကျော်ကာလအကြာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာပြည်သူတို့ ရရှိခံစားခဲ့ရပါသည်။



မှီငြမ်းကိုးကားစာရင်း

| | | |
|---|---|---|
| ၁။ | ဖိုးအောင်လေး | မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုရက်စဉ်သမိုင်း |
| ၂။ | မြပဟန် | ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန် |
| ၃။ | လွင်၊ ဦး | လက်ရေးမှတ်စုများ |
| ၄။ | သမိုင်းသုတေသီ(၆)ဦး | ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ(စာမူ) |

## ငွေလဝန်း

❋ တိမ်တောင်စွန်းက
ငွေဝန်းသော်တာ၊ တင့်တယ်စွာသည်
ဘယာကင်းစွ၊ ဝင်းပပ။

❋ မသာလည်းတ၊ သာလည်းတ၍
လောကရှင်မှု၊ သူလျှင်ပြုသည်
လူထုမိဘ၊ စန်းငွေလ။

❋ သို့တမူလည်း
ပြူစူတိမ်သား၊ ခွင့်စောင့်စား၍
မျိုဝါးသွားလေ၊ ခန္ဓာကြွေသည်
ဤမြေလောက၊ မရှင်ပျ။ ။

**မင်းသုဝဏ်**

သထုံမီးပွား (ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသည့်နေ့ နှစ်ပတ်လည် အထူးထုတ်။)

## AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွယ်မှုရှိပြီး အားပေးကူညီခဲ့သူအမာခံ ၈ ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆို

**နေပြည်တော် ဇူလိုင် ၈**

AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွယ်မှုရှိပြီး အားပေးကူညီခဲ့သူ အမာခံ ၈ ဦးအား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုထားကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဇွန် ၂၆ ရက် ညဦးပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကပ်သပြေကျေးရွာ သိုင်းချောင်း–သစ်ပုတ်တောင်ကားလမ်းဘေးရှိ ကွမ်းယာဆိုင်၌ မသင်္ကာဖွယ်လူတစ်စုအား တွေ့ရှိရ၍ စစ်ဆေးစဉ် ၎င်းတို့ထဲမှ ၃ ဦးမှာ ရုတ်တရက်ထွက်ပြေးသဖြင့် ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးခဲ့ကြောင်း၊ ကွမ်းယာဆိုင်တွင် စုဝေးနေသည့် ကပ်သပြေကျေးရွာနေ မောင်လှမြင့် အသက် ၂၆ နှစ်၊ စံလှမောင် အသက် ၃၂ နှစ်၊ အောင်တင်ရွှေ အသက် ၂၈ နှစ်၊ လှမောင်သန်း အသက် ၂၄ နှစ်၊ မောင်ငယ် အသက် ၂၉ နှစ်၊ လှနုအောင် အသက် ၃၀၊ စိုးလင်း(ခ)ကွန်ကျားအောင် အသက် ၃၂ နှစ်၊ ခင်ဝင်းမောင် အသက် ၂၁ နှစ်၊ မောင်သန်းလှိုင် အသက် ၂၄ နှစ်နှင့် စိုင်ခြံဒွိန်ကျေးရွာနေ လှမြင့် အသက် ၆၀ တို့ကို လက်ကိုင်ဖုန်း ၇ လုံး၊ အရိုး/အသွားပါ ၁၁ လက်မခွဲခန့်ရှိ ဓားမြှောင် ၁ လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ဖမ်းဆီးရမိသူများ၏ စစ်ကြောထွက်ဆိုချက်များအရ လှမြင့်သည် ကပ်သပြေကျေးရွာနေ ညိုဖြူအောင် (ခ)အောင်အောင်ဆိုသူက AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သို့ ဝင်ရောက်ရန် စည်းရုံးခဲ့ကြောင်း၊ ညိုဖြူအောင်သည် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွင် ၄၅ ရက်ခန့် သင်တန်းတက်ရောက်ခဲ့ပြီး တပ်သားအဆင့်ရှိသူဖြစ်ကြောင်း၊ ဧပြီလမှစ၍ ကပ်သပြေကျေးရွာအတွင်း အိမ်ထောင်စုတစ်စုလျှင် ဆက်ကြေးငွေကျပ် ၃၀၀၀ နှင့် ဆန်၊ ဆီ စသောရိက္ခာများအား လစဉ်ကောက်ခံပေးရကြောင်း၊ ကောက်ခံရရှိသော ငွေနှင့်ရိက္ခာများအား စိုးလင်း(ခ) ကွန်ကျားအောင် မှတစ်ဆင့် ညိုဖြူအောင်(ခ) အောင်အောင်ထံ ပေးပို့ရပြီး ကျောက်ဖြူမြို့နယ်၏ နယ်မြေစည်းရုံးရေးတာဝန်ခံဖြစ်သူ ထွန်းခင်ထံ စာရင်းပြုစုပေးရကြောင်း၊ စိုင်ခြံကျေးရွာအုပ်စုစာရေး ဦးစိုးမင်းထွန်း အသတ်ခံရမှုတွင် ပြစ်မှုကျူးလွန်သူများဖြစ်သည့် ထွန်းခင်နှင့် ညိုဖြူအောင်တို့အဖွဲ့အား ဆိုင်ကယ်များဖြင့် သိုင်းချောင်းမှ စိုင်ခြံသို့ လိုက်လံပို့ဆောင်ပေးရကြောင်း၊ ၎င်း၏ဖုန်းအတွင်း၌ Whats Application တွင် 002 Arakan Dream အမည်ဖြင့် Group ဖွဲ့ထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုများအား သတင်းပေးခြင်းများကို အသံဖိုင်များဖြင့် ပေးပို့မှုများ ပြုလုပ်ထားကြောင်း၊ ဖမ်းဆီးထိန်းသိမ်းထားသူများအနက် ခင်ဝင်းမောင်နှင့် မောင်သန်းလှိုင်တို့မှအပ ကျန် ၈ ဦးအား ညိုဖြူအောင်(ခ) အောင်အောင်က စည်းရုံးသိမ်းသွင်းခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့သည် မတ်လတွင် သိုင်းချောင်းကျေးရွာ၊ မေလတွင် ချောင်းဖျားကျေးရွာနှင့် စိုင်ခြံကျေးရွာတို့တွင် စည်းရုံးရေး သွားရောက်ဆောင်ရွက်ခဲ့သည်ဟု သတင်းဖော်ထုတ် သိရှိရကြောင်း။

စစ်ကြောဖော်ထုတ်ချက်များအရ ခင်ဝင်းမောင်နှင့် မောင်သန်းလှိုင်မှအပ ကျန် ၈ ဦးသည် AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွယ်မှုရှိပြီး အားပေးကူညီခဲ့ကြောင်း ဖော်ထုတ်ရရှိသဖြင့် ၎င်းတို့အား ဇူလိုင် ၄ ရက်တွင် ကျောက်ဖြူမြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၈**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေးကို ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃၊ ၄၊ ၅၊ ၆ ရက်(ဇူလိုင် ၂၂ ရက်မှ ၂၅) ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် အကြိုညှိနှိုင်းအဖြစ် လည်းကောင်း၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇၊ ၈ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၆၊ ၂၇ )ရက်၊ တနင်္ဂနွေနှင့် တနင်္လာနေ့များတွင် အစည်းအဝေး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများသည် ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၁ ရက် )အင်္ဂါနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာနာယကကျောင်းတော်ကြီးသို့ ကြွရောက်တော်မူရန်အတွက် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအနေဖြင့် ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်အတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

NCA စာချုပ်အရ လက်နက်ကိုင်ပဋိပက္ခများ လျော့ကျရပ်စဲနိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်တွင် "ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Ceasefire Monitoring Committee–Union Level)" ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

JMC ကိုပြည်ထောင်စုအဆင့်တွင် (JMC–U) ဆိုပြီး ဖွဲ့စည်းထားကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် (JMC–S)များကို တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖွဲ့စည်းထားပြီး ရုံးခွဲများကို တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်မြို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးရုံးခွဲကို တောင်ငူမြို့၌ လည်းကောင်း၊ ကရင်ပြည်နယ်ရုံးခွဲကို ဘားအံမြို့၌ လည်းကောင်း၊ မွန်ပြည်နယ်ရုံးခွဲကို မော်လမြိုင်မြို့နှင့် ရှမ်းပြည်နယ်ရုံးခွဲကို ခိုလမ်မြို့တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။ ထို့ပြင် ဒေသဆိုင်ရာအဆင့် (JMC–L) များကို ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နှင့် ကရင်ပြည်နယ် ဖာပွန်မြို့တို့တွင် ဖွဲ့စည်းထားကြောင်း သိရသည်။

NCA စာချုပ်တွင် ပါဝင်သည့် တပ်ပိုင်းဆိုင်ရာကိစ္စများ၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သည့် အငြင်းပွားမှု၊ ချိုးဖောက်မှုများကို မည်သူမဆို တိုင်ကြားနိုင်ပြီး ယင်းသို့ တိုင်ကြားပါက JMC က စိစစ်အတည်ပြုရေးအဖွဲ့ ဖွဲ့စည်းစေလွှတ်ပြီး ဖြေရှင်းပေးမည်ဖြစ်ကြောင်း JMC–U မှ သိရသည်။

အစည်းအဝေးအပြီးတွင် JMC–U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်နှင့် အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့က (၁၉) ကြိမ်မြောက် အစည်းအဝေးနှင့်စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံပြီး ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်း–မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ–အေးသန်း**

❍ *ကျောဖုံးမှ*

၁၈ ပွဲသာ ပါဝင်ကစားထားရသေးသည်။ ချူနက်ဇ်သည် ယခုနှစ်တွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရသော်လည်း လာလီဂါပွဲစဉ်(၃၄)အဖြစ် ရီးရဲမက်ဒရစ်အသင်းက ဘီလ်ဘာအိုအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အသင်းမှ ခံစစ်ကစားသမားတစ်ဦးဖြစ်သူ အဲလ်ဗာရက်ဒဏ်ရာအနာတရရရှိခဲ့၍ ၎င်းအနေဖြင့် ရာသီပြီးဆုံးသည်အထိ ပွဲထွက်ခွင့်ရရှိဖွယ်ရှိနေသည်။ ရာသီကုန်ဆုံးသည်အထိ ပွဲထွက်ခွင့်ရရှိမည်ဆိုပါက ချူနက်ဇ်အနေဖြင့် ဘီလ်ဘာအိုအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုလိမ့်မည်ဟုလည်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ချူနက်ဇ်အနေဖြင့် ဘီလ်ဘာအိုအသင်း၌ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုသွားမည်လား၊ အသင်းပြောင်းရွှေ့သွားမည်လား စိတ်ဝင်စားဖွယ်ရာပင်။

ချူနက်ဇ်ကိုခေါ်ယူရန် စိတ်ဝင်စားနေသည့် အသင်းများထဲမှ ဝက်စ်ဟမ်းအသင်းအနေဖြင့် မန်ယူအသင်းက အင်္ဂလန်ကစားသမားနှစ်ဦးဖြစ်သော ဖီးလ်ဂျုံး (၂၈ နှစ်) နှင့် လင်ဂတ် (၂၇ နှစ်) တို့ကို ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သိရသည်။ ချူနက်ဇ်သည် ဘီလ်ဘာအိုအသင်းအတွက် ပြိုင်ပွဲစုံ ၆၈ ပွဲ ပါဝင်ကစားထားပြီး တစ်ဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ၎င်း၏ ဘီလ်ဘာအိုအသင်းသည် စပိန်လာလီဂါတွင် ၃၄ ပွဲ ကစားပြီး ရမှတ် ၄၈ မှတ်ဖြင့် အဆင့် (၉) နေရာတွင် ရပ်တည်နေသည်။ လာမည့်ပွဲစဉ်အဖြစ် ဇူလိုင် ၁၀ ရက်တွင် ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

*စာမျက်နှာ ၁၀ မှ*

**ဗိုလ်ချုပ်နှင့်အတူ အာဇာနည်များ၏ ဈာပန**

ဗိုလ်ချုပ်ရုပ်ကလာပ်ကို စစ်အခမ်းအနားသဘောဖြင့် ဂျူဗလီခန်းမကြီးသို့ သယ်ယူရန်စဉ်းစားရာ တပ်ခွဲမှူးက အဖေ့တပ်စုကို အဆိုပါကိစ္စ တာဝန်ယူ ဆောင်ရွက်ရန် တာဝန်ပေးသည်။

သူ့တွင်ရှိသော အကောင်းဆုံး ယူနီဖောင်းတစ်စုံကို အဖေရွေးဝတ်ပြီး ရဲဘော်များနှင့်အတူ ဇူလိုင်လ ၂၀ ရက် နေ့မနက်စောစော ဗိုလ်ချုပ်၏ တာဝါလိန်းအိမ်သို့ သွားကြသည်။ ဗိုလ်ချုပ်အိမ်ဝန်းကျင်တွင် မျှော်လင့်မထားသော လူအုပ်ကြီးရှိနေ၍ လူထုကို တောင်းပန်ပြီး အိမ်ဝင်းအတွင်းသို့ ခက်ခက်ခဲခဲ အဖေတို့ ဝင်ခဲ့ကြရသည်။

ဗိုလ်ချုပ်ရုပ်ကလာပ်ကို ခြံတွင်းမှ သယ်ထုတ်ရာတွင် ပရိသတ်များ လမ်းတစ်လျှောက်ကြိတ်ကြိတ်တိုးနေ၍ ကန်တော်ကြီးလမ်းမပေါ်ရောက်မှ စနစ်တကျဖြစ်ပြီး မိမိရောက်ရှိသည့်နေရာကို ကောင်းစွာ မြင်ကြရသည်။ အဖေ့တပ်စုက ဗိုလ်ချုပ်ရုပ်ကလာပ်၏ အရှေ့နှင့် အနောက်ဘက်မှ စောင့်ရှောက်လိုက်ပါရပြီး ပြည်သူ့ရဲဘော်များက ကြားထဲသို့ ဘေးမှ တိုးဝင်လာသူများကို မေတ္တာရပ်ခံ တားဆီးဖယ်ရှားကြရသည်။ သူတို့ချစ်သော ဗိုလ်ချုပ်ရုပ်ကလာပ်ကို ပြည်သူများက လမ်းတွင် သယ်လိုကြသည်။ ထိုနေ့ ရာသီဥတုကား နေမပူ၊ မိုးတစ်စက်မကျဟု အဖေ့မှတ်စုများမှာ တွေ့ရပါသည်။

ဂျူဗလီခန်းမရောက်သောအခါ အသင့်ပြင်ထားသော ခန်းမအတွင်းရှိစင်မြင့်ပေါ်သို့ ရုပ်ကလာပ်ကို နေရာချသည်။ ပြီးတော့ ရဲဘော်များနှင့်အတူ ဗိုလ်ချုပ်ကို အလေးပြုကာ သနက (၅) တပ်ခွဲကလည်း လမ်းဘေး ရဲဘော်များကို တပ်သို့ ပြန်နားစေပါသည်။ နေဝင်ပြီးမှ အဖေတစ်ယောက်တည်း ဗိုလ်ချုပ်ကို ထိုင်ကန်တော့သည်။ **အဖေ့နှုတ်က တိုးတိုးနှင့် လေးလေး**



ရွတ်ဆိုလိုက်သည်က **"ဗိုလ်ချုပ်ရဲ့ နောက်ဆုံး ခရီးမှာ အခုလို ကျွန်တော့်ကို အမှုထမ်းခွင့်ပေးတာကို ဂုဏ်ယူ၍ ဆုံးနိုင်မည်မဟုတ်ပါခင်ဗျား"**

ဗိုလ်ချုပ် မသမာသူတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသော်လည်း ဗိုလ်ချုပ်လိုလားတောင့်တ ကြိုးစားခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ဗိုလ်ချုပ်ကျဆုံးပြီး ငါးလကျော်ကာလအကြာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာပြည်သူတို့ ရရှိခံစားခဲ့ရပါသည်။

မှီငြမ်းကိုးကားစာရင်း

| | | |
|---|---|---|
| ၁။ | ဖိုးအောင်လေး | မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုရက်စဉ်သမိုင်း |
| ၂။ | မြဟန် | ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန် |
| ၃။ | လွင်၊ ဦး | လက်ရေးမှတ်စုများ |
| ၄။ | သမိုင်းသုတေသီ(၆)ဦး | ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ(စာမူ) |

# ငွေလဝန်း

❋ တိမ်တောင်စွန်းက
ငွေဝန်းသော်တာ၊ တင့်တယ်စွာသည်
ဘယာကင်းစွ၊ ဝင်းပပ။

❋ မသာလည်းတ၊ သာလည်းတ၍
လောကရှင်မှု၊ သူလျှင်ပြုသည်
လူထုမိဘ၊ စန်းငွေလ။

❋ သို့တမူလည်း
ပြူစူတိမ်သား၊ ခွင့်စောင့်စား၍
မျိုဝါးသွားလေ၊ ခန္ဓာကြွေသည်
ဤမြေလောက၊ မရှင်ပျ။ ။

**မင်းသုဝဏ်**

သထုံမီးပွား (ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသည့်နေ့ နှစ်ပတ်လည် အထူးထုတ်။)

# AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွယ်မှုရှိပြီး အားပေးကူညီခဲ့သူအမာခံ ၈ ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆို

**နေပြည်တော် ဇူလိုင် ၈**

AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွယ်မှုရှိပြီး အားပေးကူညီခဲ့သူ အမာခံ ၈ ဦးအား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုထားကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဇွန် ၂၆ ရက် ညဦးပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကပ်သပြေကျေးရွာ သိုင်းချောင်း - သစ်ပုတ်တောင်ကားလမ်းဘေးရှိ ကွမ်းယာဆိုင်၌ မသင်္ကာဖွယ်လူတစ်စုအား တွေ့ရှိရ၍ စစ်ဆေးစဉ် ၎င်းတို့ထဲမှ ၃ ဦးမှာ ရုတ်တရက်ထွက်ပြေးသဖြင့် ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးခဲ့ကြောင်း၊ ကွမ်းယာဆိုင်တွင် စုဝေးနေသည့် ကပ်သပြေကျေးရွာနေ မောင်လှမြင့် အသက် ၂၆ နှစ်၊ စံလှမောင် အသက် ၃၂ နှစ်၊ အောင်တင်ရွှေ အသက် ၂၈ နှစ်၊ လှမောင်သန်း အသက် ၂၄ နှစ်၊ မောင်ငယ် အသက် ၂၉ နှစ်၊ လှနုအောင် အသက် ၃၀၊ စိုးလင်း(ခ)ကွန်ကျားအောင် အသက် ၃၂ နှစ်၊ ခင်ဝင်းမောင် အသက် ၂၁ နှစ်၊ မောင်သန်းလှိုင် အသက် ၂၄ နှစ်နှင့် စိုင်ခြုံဒွိန်ကျေးရွာနေ လှမြင့် အသက် ၆၀ တို့ကို လက်ကိုင်ဖုန်း ၇ လုံး၊ အရိုး/အသွားပါ ၁၁ လက်မခွဲခန့်ရှိ ဓားမြှောင် ၁ လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ဖမ်းဆီးရမိသူများ၏ စစ်ကြောထွက်ဆိုချက်များအရ လှမြင့်သည် ကပ်သပြေကျေးရွာနေ ညိုဖြူအောင် (ခ)အောင်အောင်ဆိုသူက AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သို့ ဝင်ရောက်ရန် စည်းရုံးခဲ့ကြောင်း၊ ညိုဖြူအောင်သည် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွင် ၄၅ ရက်ခန့် သင်တန်းတက်ရောက်ခဲ့ပြီး တပ်သားအဆင့်ရှိသူဖြစ်ကြောင်း၊ ဧပြီလမှစ၍ ကပ်သပြေကျေးရွာအတွင်း အိမ်ထောင်စုတစ်စုလျှင် ဆက်ကြေးငွေကျပ် ၃၀၀၀ နှင့် ဆန်၊ ဆီ စသော ရိက္ခာများအား လစဉ်ကောက်ခံပေးရကြောင်း၊ ကောက်ခံရရှိသော ငွေနှင့်ရိက္ခာများအား စိုးလင်း (ခ) ကွန်ကျားအောင် မှတစ်ဆင့် ညိုဖြူအောင်(ခ) အောင်အောင်ထံ ပေးပို့ရပြီး ကျောက်ဖြူမြို့နယ်၏ နယ်မြေစည်းရုံးရေးတာဝန်ခံဖြစ်သူ ထွန်းခင်ထံ စာရင်းပြုစုပေးရကြောင်း၊ စိုင်ခြုံကျေးရွာအုပ်စု စာရေး ဦးစိုးမင်းထွန်း အသတ်ခံရမှုတွင် ပြစ်မှုကျူးလွန်သူများဖြစ်သည့် ထွန်းခင်နှင့် ညိုဖြူအောင်တို့အဖွဲ့အား ဆိုင်ကယ်များဖြင့် သိုင်းချောင်းမှ စိုင်ခြုံသို့ လိုက်လံပို့ဆောင်ပေးရကြောင်း၊ ၎င်း၏ ဖုန်းအတွင်း၌ Whats Application တွင် 002 Arakan Dream အမည်ဖြင့် Group ဖွဲ့ထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုများအား သတင်းပေးခြင်းများကို အသံဖိုင်များဖြင့် ပေးပို့မှုများ ပြုလုပ်ထားကြောင်း၊ ဖမ်းဆီးထိန်းသိမ်းထားသူများအနက် ခင်ဝင်းမောင်နှင့် မောင်သန်းလှိုင် တို့မှအပ ကျန် ၈ ဦးအား ညိုဖြူအောင်(ခ) အောင်အောင်က စည်းရုံးသိမ်းသွင်းခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့သည် မတ်လတွင် သိုင်းချောင်းကျေးရွာ၊ မေလတွင် ချောင်းဖျားကျေးရွာနှင့် စိုင်ခြုံကျေးရွာတို့တွင် စည်းရုံးရေး သွားရောက်ဆောင်ရွက်ခဲ့သည်ဟု သတင်းဖော်ထုတ် သိရှိရကြောင်း။

စစ်ကြောဖော်ထုတ်ချက်များအရ ခင်ဝင်းမောင်နှင့် မောင်သန်းလှိုင်မှအပ ကျန် ၈ ဦးသည် AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွယ်မှုရှိပြီး အားပေးကူညီခဲ့ကြောင်း ဖော်ထုတ်ရရှိသဖြင့် ၎င်းတို့အား ဇူလိုင် ၄ ရက်တွင် ကျောက်ဖြူမြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဌမအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၈**

အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဌမအစည်းအဝေးကို ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃၊ ၄၊ ၅၊ ၆ ရက်(ဇူလိုင် ၂၂ ရက်မှ ၂၅) ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် အကြိုညှိနှိုင်းအဖြစ် လည်းကောင်း၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇၊ ၈ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၆၊ ၂၇ )ရက်၊ တနင်္ဂနွေနှင့် တနင်္လာနေ့များတွင် အစည်းအဝေး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများသည် ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၁ ရက် )အင်္ဂါနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာနာယကကျောင်းတော်ကြီးသို့ ကြွရောက်တော်မူရန်အတွက် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအနေဖြင့် ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်အတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

NCA စာချုပ်အရ လက်နက်ကိုင်ပဋိပက္ခများ လျော့ကျရပ်စဲနိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်တွင် "ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Ceasefire Monitoring Committee–Union Level)" ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

JMC ကိုပြည်ထောင်စုအဆင့်တွင် (JMC–U) ဆိုပြီး ဖွဲ့စည်းထားကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် (JMC–S)များကို တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖွဲ့စည်းထားပြီး ရုံးခွဲများကို တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်မြို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးရုံးခွဲကို တောင်ငူမြို့၌ လည်းကောင်း၊ ကရင်ပြည်နယ်ရုံးခွဲကို ဘားအံမြို့၌ လည်းကောင်း၊ မွန်ပြည်နယ်ရုံးခွဲကို မော်လမြိုင်မြို့နှင့် ရှမ်းပြည်နယ်ရုံးခွဲကို ခိုလမ်မြို့တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။ ထို့ပြင် ဒေသဆိုင်ရာအဆင့် (JMC–L) များကို ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နှင့် ကရင်ပြည်နယ် ဖာပွန်မြို့တို့တွင် ဖွဲ့စည်းထားကြောင်း သိရသည်။

NCA စာချုပ်တွင် ပါဝင်သည့် တပ်ပိုင်းဆိုင်ရာကိစ္စများ၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သည့် အငြင်းပွားမှု၊ ချိုးဖောက်မှုများကို မည်သူမဆို တိုင်ကြားနိုင်ပြီး ယင်းသို့ တိုင်ကြားပါက JMC က စိစစ်အတည်ပြုရေးအဖွဲ့ ဖွဲ့စည်းစေလွှတ်ပြီး ဖြေရှင်းပေးမည်ဖြစ်ကြောင်း JMC–U မှ သိရသည်။

အစည်းအဝေးအပြီးတွင် JMC–U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရဲ့နှင့် အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်တို့က (၁၉) ကြိမ်မြောက် အစည်းအဝေးနှင့်စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံပြီး ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်း–မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ–အေးသန်း**

❍ *ကျောဖုံးမှ*

၁၈ ပွဲသာ ပါဝင်ကစားထားရသေးသည်။ နူနက်ဇ်သည် ယခုနှစ်တွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရသော်လည်း လာလီဂါပွဲစဉ်(၃၄)အဖြစ် ရီးရဲမက်ဒရစ်အသင်းက ဘီလ်ဘာအိုအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အသင်းမှ ခံစစ်ကစားသမားတစ်ဦးဖြစ်သူ အဲလ်ဗာရက်ဒဏ်ရာအနာတရရရှိခဲ့၍ ၎င်းအနေဖြင့် ရာသီပြီးဆုံးသည်အထိ ပွဲထွက်ခွင့်ရရှိဖွယ်ရှိနေသည်။ ရာသီကုန်ဆုံးသည်အထိ ပွဲထွက်ခွင့်ရရှိမည်ဆိုပါက နျူနက်ဇ်အနေဖြင့် ဘီလ်ဘာအိုအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုလိမ့်မည်ဟုလည်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် နျူနက်ဇ်အနေဖြင့် ဘီလ်ဘာအိုအသင်း၌ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုသွားမည်လား၊ အသင်းပြောင်းရွှေ့သွားမည်လား စိတ်ဝင်စားဖွယ်ရာပင်။

နူနက်ဇ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည့် အသင်းများထဲမှ ဝက်စ်ဟမ်းအသင်းအနေဖြင့် မန်ယူအသင်းက အင်္ဂလန်ကစားသမားနှစ်ဦးဖြစ်သော ဖီးလ်ဂျုံး (၂၈ နှစ်) နှင့် လင်ဂတ် (၂၇ နှစ်) တို့ကို ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သိရသည်။ နူနက်ဇ်သည် ဘီလ်ဘာအိုအသင်းအတွက် ပြိုင်ပွဲစုံ ၆၈ ပွဲ ပါဝင်ကစားထားပြီး တစ်ဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ၎င်း၏ ဘီလ်ဘာအိုအသင်းသည် စပိန်လာလီဂါတွင် ၃၄ ပွဲ ကစားပြီး ရမှတ် ၄၈ မှတ်ဖြင့် အဆင့် (၉) နေရာတွင် ရပ်တည်နေသည်။ လာမည့်ပွဲစဉ်အဖြစ် ဇူလိုင် ၁၀ ရက်တွင် ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **အောင်ဇော်**

# အီတလီ ကြိုးနီစနစ်ကိုပယ်ဖျက်ပြီး စီးပွားရေးပြန်လည်နာလန်ထူအောင် အရှိန်မြှင့်လုပ်ဆောင်

ရောမ ဇူလိုင် ၈

**အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီသည် ကိုရိုနာဗိုင်းရပ်စ် အရေးပေါ်အခြေအနေမှရုန်းထွက်နိုင်ရန် ရည်ရွယ်၍ တခြားဆောင်ရွက်ချက်များအပါအဝင် လွယ်ကူရိုးရှင်းသည့် အစီအစဉ်တစ်ခုကို ဇူလိုင် ၇ ရက်က စတင်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

ဗီဒီယိုအစည်းအဝေးတွင် ကွန်တီက လွယ်ကူရိုးရှင်းသည့် ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုက ၎င်း၏ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဖော်ဆောင်ရာ၌ အီတလီ၏ ဆိုးရွားနှေးကွေးပြီး ထိရောက်မှုမရှိသော ကြိုးနီစနစ်ကို ထိရောက်စွာ ကိုင်တွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် ယူရို ၁၂၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃၆ ဘီလီယံ) ပါဝင်ပြီး ပြည်သူ့လုပ်ငန်းများ၊ အထူးသဖြင့် နိုင်ငံတောင်ပိုင်းရှိ မြန်နှုန်းမြင့်မီးရထားကွန်ရက်များ အကောင်အထည်ဖော်ခြင်း၊ အမျိုးသားဖိုက်ဘာဆက်ကြောင်း တည်ဆောက်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။

အစိုးရအဖွဲ့က အဆိုပါအစီအစဉ်ကို အတည်ပြုခဲ့ကြောင်း ကွန်တီက ပြောသည်။ ယခုဆောင်ရွက်ချက်သည် မိမိတို့၏ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ကိုယ်စားပြုကြောင်းနှင့် အဆိုပါအစီအစဉ်တွင် ပြန်လည်အသွင်ပြောင်းရေးနှင့် ဥရောပထံငွေကြေးအကူအညီတောင်းခံမည့် ဆောင်ရွက်ချက်များလည်း ပါဝင်မည်ဖြစ်ကြောင်း ကွန်တီက ရှင်းလင်းပြောကြားသည်။

ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဘရပ်ဆဲလ်၌ ကျင်းပမည့် အီးယူကောင်စီအစည်းအဝေးမတိုင်မီ အီးယူအဖွဲ့ဝင် နိုင်ငံများသို့ ထွက်ခွာပြီး အီတလီနိုင်ငံ၏ အစီအစဉ်ကို ရှင်းပြမည်ဖြစ်ကြောင်း ကွန်တီက ဆက်လက်ပြောကြားသည်။

ဘရပ်ဆဲလ်တွင် ကျင်းပမည့် အီးယူကောင်စီအစည်းအဝေး၌ အီးယူခေါင်းဆောင်များသည် ကိုဗစ်-၁၉ အကျပ်အတည်းကို တုံ့ပြန်မည့် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဆွေးနွေးသွားမည်ဖြစ်သလို အီးယူ၏ ဘတ်ဂျက်ကိုလည်း ဆွေးနွေးသွားမည်ဖြစ်သည်။ ယခုအသွင်ပြောင်းရေးအစီအစဉ်သည် အီတလီနိုင်ငံ အတွက် တိုးတက်မှုများကို ဖော်ဆောင်မည့် လုပ်ငန်းတစ်ရပ် ဖြစ်သည်။ **ဆင်ဟွာ**



ဇူလိုင် ၇ ရက်က အီတလီနိုင်ငံ ရောမမြို့တွင် အစည်းအဝေးတက်ရောက်နေသော အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီ (လယ်) ကို တွေ့ရစဉ်။



ပေါ်တူဂီဝန်ကြီးချုပ်အန်တိုနီယို ကို့စ်တာ (ယာ)က အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ဇူလိုင် ၇ ရက်က တွေ့ဆုံစဉ်။

## အကျပ်အတည်းကို အတူတကွရင်ဆိုင်ရန် အီတလီနှင့် ပေါ်တူဂီဝန်ကြီးချုပ်များ သဘောတူ

**လစ္စဘွန်း ဇူလိုင် ၈**

ပေါ်တူဂီဝန်ကြီးချုပ် အန်တိုနီယိုကို့စ်တာသည် အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီနှင့် ပေါ်တူဂီနိုင်ငံတွင် ယမန်နေ့က တွေ့ဆုံခဲ့ပြီး ရှေ့လာမည့် အီးယူကောင်စီအစည်းအဝေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

အီးယူ ကောင်စီအစည်းအဝေးတွင် အီးယူစီးပွားရေးပြန်လည်နာလန်ထူလာနိုင်ရေးအတွက် ယူရို ၇၅၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၄၆ ဘီလီယံ) ခွင့်ပြုရေးကိစ္စကို ဆွေးနွေးကြမည် ဖြစ်သည်။

ကွန်တီနှင့်ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ကို့စ်တာက ရည်မှန်းချက်အပြည့်ဖြင့် ရှေ့ကိုဆက်လက်ချီတက်ရန်လိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဥရောပတစ်ဝန်း အခြေအနေများ အလွန်ဆိုးသောကြောင့် ဖြစ်ကြောင်း၊ အကောင်းဆုံး ကာကွယ်ရမည့်နည်းလမ်းမှာ ယခုအကျပ်အတည်းကို အတူတကွ ရင်ဆိုင်တွန်းလှန်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အကျပ်အတည်းဖြစ်နေသည့် နေရာများတွင် စီးပွားရေးဆိုးကျိုးများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့အပြင် အလုပ်လက်မဲ့ပြဿနာများ၊ ဝင်ငွေလျော့နည်းမှုများကိုလည်း ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါအရေးသည် အခြားအရေးများထက် ပိုပြီးအရေးပါကြောင်း ကို့စ်တာက ပြောသည်။

အဆိုပါကိစ္စသည် အရေးကြီးသည့်အတွက် လာမည့် အီးယူကောင်စီအစည်းအဝေးတွင် သဘောတူညီမှုရရှိအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ကို့စ်တာက ဆက်လက်ပြောကြားသည်။

ကွန်တီက ပေါ်တူဂီနှင့် အီတလီတို့သည် ၎င်းတို့၏အခန်းကဏ္ဍများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အများသဘောတူသည့် အကြောင်းအရာများကိုလည်း ဝေမျှသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် မိမိတို့နိုင်ငံကို မထိခိုက်စေဘဲ မိမိတို့၏ အမျိုးသားရေးလက်တွေ့ဘဝများကို မျှဝေသွားကြမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အတူတကွ အောင်ပွဲခံကြမည်ဖြစ်သလို အတူတကွလည်း ဆုံးရှုံးမှုကို ရင်ဆိုင်သွားမည်ဖြစ်ကြောင်း ၊ အချိန်မရှိတော့ကြောင်း၊ ထို့ကြောင့် သတ္တိရှိရှိနှင့် မြန်မြန်ဆန်ဆန်ဆုံးဖြတ်ချက်ချရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် အီးယူခေါင်းဆောင်များသည် ပထမဆုံးအကြိမ် လူချင်းတွေ့ဆုံသည့် အစည်းအဝေးကို ဘရပ်ဆဲလ်တွင် ပြုလုပ်မည်ဖြစ်သည်။

**ဆင်ဟွာ**

## အမေရိကန်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂကို အသိပေးပြောကြား

**ဝါရှင်တန် ဇူလိုင် ၈**

အမေရိကန်အစိုးရက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နောက်နှစ် ဇူလိုင်လတွင် နုတ်ထွက်တော့မည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ကို တရားဝင်အသိပေးခဲ့သည်ဟု နိုင်ငံတကာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်ကို နုတ်ထွက်မှုနှင့်ပတ်သက်ပြီး အသိပေးခဲ့ကြောင်း အမေရိကန် အဆင့်မြင့်အရာရှိတစ်ဦးက ဇူလိုင် ၇ ရက်တွင် အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်နုတ်ထွက်မည့်အချိန်သည် လာမည့်နှစ် ဇူလိုင် ၆ ရက်တွင်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကို မျှတမှုမရှိဟုဆိုကာ အပြစ်တင်လိုက်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မေလတွင် ၎င်းနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ဆက်ဆံရေးအဆုံးသတ်တော့မည်ဟုပြောကြားခဲ့ပြီး အဆိုပါအဖွဲ့သို့ ဘဏ္ဍာငွေထောက်ပံ့မှုများကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ၎င်းဘဏ္ဍာငွေများကို တခြားရည်ရွယ်ချက်များအတွက် အသုံးပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုပေါင်း သုံးသန်းနီးပါးရောက်ရှိလာပြီဖြစ်ပြီး ယင်းဗိုင်းရပ်စ်ကို ထရမ့်က တရုတ်ဗိုင်းရပ်စ်ဟု ရည်ရွယ်ပြောဆိုလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်မည့်အစီအစဉ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဗိုင်းရပ်စ်အပေါ် ကိုင်တွယ်တုံ့ပြန်မှုနှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အများဆုံးရန်ပုံငွေထည့်ဝင်သူဖြစ်သည်။ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၃၇၀ ကျော်ထည့်ဝင်လေ့ရှိသည်။

**အင်န်အိတ်ချ်ကေ**




အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို

## ဗုံးဒဏ်မှ လွတ်မြောက်လာသူက နျူကလီးယား တားဆီးရေးစာချုပ်အတွက် ထပ်မံတောင်းဆို

**တိုကျို ဇူလိုင် ၈**

ဟီရိုရှီးမားဗုံးဒဏ်မှလွတ်မြောက်လာသူ အသက် ၈၈ နှစ်ရှိ အမျိုးသမီးကြီးတစ်ဦးက ၎င်းအနေဖြင့် နျူကလီးယားလက်နက်တားဆီးရေးအတွက် တောင်းဆိုလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင်ဖော်ပြလိုက်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက နျူကလီးယားလက်နက်တားဆီးရေးစာချုပ်ကိုချမှတ်လိုက်ပြီး သုံးနှစ်အကြာ ဇူလိုင် ၇ ရက်က အွန်လိုင်းတွင် ဆက်ဆုကိုသာလိုကထိုသို့တောင်းဆိုလိုက်ခြင်းဖြစ်သည်။ အဆိုပါအွန်လိုင်းအခမ်းအနားကို နျူကလီးယားဖျက်သိမ်းရေးနိုင်ငံတကာလှုပ်ရှားမှုအဖွဲ့က ဂျပန်အစိုးရမဟုတ်သောအဖွဲ့ဖြစ်သည့် ပိစ်ဘုတ်အဖွဲ့နှင့် ပူးတွဲထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ နျူကလီးယားဖျက်သိမ်းရေးနိုင်ငံတကာလှုပ်ရှားမှုအဖွဲ့သည် ကုလသမဂ္ဂနျူကလီးယားလက်နက်ဖျက်သိမ်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၇ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဗယ်ဆုရရှိခဲ့သည်။ သာလိုက ၁၉၄၅ ခုနှစ် ဟီရိုရှီးမားဗုံးကြဲခံရမှုဖြစ်စဉ်များကို ပြန်လည်ပြောကြားသည်။

ဟီရိုရှီမားဗုံးကြဲခံရစဉ်က ၎င်း၏အသက်သည် ၁၃ နှစ်သာရှိသေးပြီး အထက်တန်းကျောင်းသူတစ်ဦးဖြစ်သည်။ အဏုမြူဗုံးပေါက်ကွဲသည့်နေရာနှင့် ၁ ဒသမ ၈ ကီလိုမီတာအကွာတွင် ရှိခဲ့ပြီး ၎င်း၏သူငယ်ချင်းအများစုသေဆုံးခဲ့ကြောင်း ပြောခဲ့သည်။ ထို့အပြင် သာလိုကကိုဗစ်-၁၉ တိုက်ဖျက်ရာတွင် ရန်ပုံငွေများများ အသုံးပြုရန်လိုအပ်ကြောင်းလည်း တိုက်တွန်းပြောကြားခဲ့သည်။ ပိုပြီးခေတ်မီအဆင့်မြင့်သည့် နျူကလီးယားလက်နက်များကို ပြုလုပ်ဖန်တီးရန် ဒေါ်လာ ဘီလီယံ၊ ထရီလီယံချီရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်အစား ကူးစက်ရောဂါတိုက်ဖျက်ရေးအတွက်လည်း အသုံးပြုနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ လတ်တလောတွင် နိုင်ငံပေါင်း ၃၈ နိုင်ငံက နျူကလီးယားတားဆီးရေးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း အနည်းဆုံး နိုင်ငံပေါင်း ၅၀ က လက်မှတ်ရေးထိုးမှ အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ ဟူပေပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကိုးဦးသေဆုံး

**ဝူဟန် ဇူလိုင် ၈**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်၌ ဇူလိုင် ၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ ကိုးဦးထက်မနည်း သေဆုံးခဲ့သည်။

မြေပြိုမှုသည် ဟွမ်မီခရိုင် ဒါဟီမြို့နယ်၌ ဇူလိုင် ၈ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီတွင်ဖြစ်ပွားခဲ့ကြောင်း ရေလွှမ်းမိုးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားဖြစ်ပွားမှုလျှော့ပါးသက်သာစေရေးရုံးက ပြောကြားခဲ့သည်။ မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ပြည်သူ့လုံခြုံရေး၊ လုံခြုံရေးရဲတပ်ဖွဲ့၊ ဆေးဘက်နှင့်အခြားဌာနများမှ ကယ်ဆယ်ရေးအဖွဲ့သားများသည် မြေပြိုမှုဖြစ်ပွားရာနေရာသို့ အမြန်သွားရောက်ခဲ့ကာ ကျေးရွာနေပြည်သူ ၄၀ ကျော်ကို ကယ်ဆယ်ရွှေ့ပြောင်းနေရာချထားမှုများ ဆောင်ရွက်ပေးခဲ့သည်။

တရုတ်နိုင်ငံ၌ ဇူလိုင် ၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန် ၂၀၀ မီလီမီတာ ကျော်လွန်ခဲ့သည်။ ဒါဟီ၌ မိုးရွာသွန်းမှုသည် ၃၅၃ မီလီမီတာဖြင့် စံချိန်တင်မိုးရေချိန်အမှတ်သို့ ရောက်ရှိခဲ့သည်။

ဆင်ဟွာ



တရုတ်နိုင်ငံရှိ မြေပြိုမှုဖြစ်ပွားခဲ့သည့်နေရာတွင် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

# မြောက်ကိုရီးယားနှင့် နောက်ထပ်ထိပ်သီးအစည်းအဝေးတစ်ခု ကျင်းပရန် သမ္မတထရမ့် လမ်းဖွင့်

**ဝါရှင်တန် ဇူလိုင် ၈**

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းနှင့် နောက်ထပ်ထိပ်သီး အစည်းအဝေးတစ်ရပ် ကျင်းပရန် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က အကြံပြုခဲ့ကြောင်း သိရသည်။

အမေရိကန်ရုပ်မြင်သံကြား အစီအစဉ်တစ်ခုဖြစ်သည့် Full Court Press အမေးအဖြေပြုလုပ်ခဲ့မှုအတွင်း သမ္မထရမ့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေးအဖြေ ပြုလုပ်မှုအတွင်း ထရမ့်က ၎င်းနှင့် မြောက်ကိုရီးယား ခေါင်းဆောင်တို့ ကောင်းမွန်သည့် ဆက်ဆံရေး အခြေအနေတွင်ရှိကြောင်းနှင့် အကယ်၍ ၎င်းအနေဖြင့် အထောက်အကူဖြစ်မည်ဟုထင်လျှင် ထိပ်သီးအစည်းအဝေးကျင်းပနိုင်ရေး လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတထရမ့်သည် မြောက်ကိုရီးယား အရေးကိစ္စနှင့် ပတ်သက်၍ ၎င်း၏အစိုးရအဖွဲ့က ကျင့်သုံးနေသည့် မူဝါဒကိုလည်း အမွှမ်းတင်ပြောဆိုခဲ့ကြောင်း သိရသည်။

ကျွန်ုပ်တို့အနေဖြင့် စစ်ပွဲအတွင်း ကျရောက်ခြင်းမရှိသည်မှာ လေးနှစ်နီးပါးကြာမြင့်ခဲ့ပြီးဖြစ်ကြောင်းနှင့် မည်သူကမှ စစ်ကိုမလိုလားကြောင်း သမ္မတ ထရမ့်က ပြောသည်။

သမ္မတထရမ့်နှင့်ခေါင်းဆောင်ကင်တို့သည် ပြီးခဲ့သည့်နှစ်က စင်ကာပူ၊ ဗီယက်နမ်နှင့် ကိုရီးယားနှစ်နိုင်ငံအကြား စစ်မဲ့ဇုန်တို့တွင် သုံးကြိမ်အထိ တွေ့ဆုံခဲ့ကြသည်။

သို့သော်လည်း ခေါင်းဆောင်နှစ်ဦး တွေ့ဆုံမှုသည် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေးကို အကောင်အထည်ဖော်နိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခြင်း မရှိသေးပေ။

**အင်န်အိတ်ချ်ကေ**



ပြီးခဲ့သည့်နှစ်က သုံးကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ကြသည့် မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

# ဗီယက်နမ်နိုင်ငံ၏ ပလတ်စတစ်တင်သွင်းမှု ခြောက်လအတွင်း ၅ ဒသမ ၃ ရာခိုင်နှုန်းအထက်ရှိ

ဟနွိုင်း ဇူလိုင် ၈

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်၏ ပထမခြောက်လအတွင်း ပလစ်စတစ်တန်ချိန်ပေါင်း ၃ဒသမ ၁ သန်းအထိ တင်သွင်းခဲ့ပြီး ယင်းပမာဏသည် အမေရိကန်ဒေါ်လာ ၃ဒသမ ၉ သန်းဖိုးရှိကြောင်း သိရသည်။

နှစ်စဉ်ပလတ်စတစ်တင်သွင်းမှုသည် တန်ချိန်ပမာဏအားဖြင့် ၅ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာပြီး တန်ဖိုးအားဖြင့် ၁၁ဒသမ ၁ ရာခိုင်နှုန်းကျဆင်းမှုရှိကြောင်း ဗီယက်နမ် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၈ ရက်တွင်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီလနှင့် ဇွန်လများအတွင်း ဗီယက်နမ်နိုင်ငံသည် ပလတ်စတစ်တင်သွင်းကုန်များအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သန်းကျော် သုံးစွဲခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူအချိန်ကထက် ၅ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာကြောင်း စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသို့ ပလတ်စတစ်အများဆုံးတင်ပို့သည့်နိုင်ငံများတွင် တရုတ်၊တောင်ကိုရီးယား၊ ဆော်ဒီအာရေဗျ ၊အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့ပါဝင်ကြောင်း ဗီယက်နမ် အကောက်ခွန်ဌာန၏ပြောကြားချက်အရသိရသည်။

ပြီးခဲ့သည့် ၂၀၁၉ခုနှစ်က ဗီယက်နမ်နိုင်ငံသည် ပလတ်စတစ်တန်ချိန်ပေါင်း ၆ ဒသမ ၄ သန်းနီးပါးတင်သွင်းခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၉ သန်းဖိုးရှိကာ ၂၀၁၈ ခုနှစ်ကထက် ၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။

ဆင်ဟွာ

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ခုနစ်သိန်းကျော်ပြီဖြစ်

**မော်စကို ဇူလိုင် ၈**

ရုရှားနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူအရေအတွက် ၆၅၆၂ ဦး ပေါ်ထွက်လာခဲ့ပြီးနောက် တစ်နိုင်ငံလုံးရောဂါကူးစက်ခံရသူအရေအတွက်စုစုပေါင်း ၇၀၀၇၉၂ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတုံ့ပြန်ဆောင်ရွက်ရေး စင်တာက ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၇၃ဦးထပ်တိုးလာခဲ့ရာ စုစုပေါင်း သေဆုံးသူအရေအတွက် ၁၀၆၆၇ဦးအထိရှိသွားပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၄ နာရီအကြာက ရောဂါကူးစက်မှုမှ ပြန်လည်သက်သာလာသူအရေအတွက် ၈၆၃၁ ဦးရှိသည်။ နိုင်ငံအတွင်း ရောဂါကူးစက်မှုအဆိုးဆုံးခံစားရသည့် မော်စကိုမြို့တွင် ရောဂါထပ်မံကူးစက်ခံရသူ ၆၂၁ ဦး အထိ တွေ့ရှိခဲ့သည်။

ဇူလိုင် ၇ ရက်က သံသယလူနာပေါင်း ၂၇၅၇၆၄ ဦးကို စောင့်ကြည့်မှုဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဗိုင်းရပ်စ်စစ်ဆေးမှု ၂၁ ဒသမ ၈ သန်းအထိပြုလုပ်ထားကြောင်း ရုရှားနိုင်ငံစားသုံးသူအခွင့်အရေးနှင့် လူထုစောင့်ကြည့်ရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် အဲအေးရှားလေကြောင်းကုမ္ပဏီ အကျပ်အတည်းဖြစ်ပေါ်

**ကွာလာလမ်ပူ ဇူလိုင် ၈**

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှု၏ နောက်ဆက်တွဲဖြစ်သည့် လေကြောင်း ခရီးစဉ်လျော့ကျမှုကြောင့် မလေးရှားနိုင်ငံ၏ ဘတ်ဂျက်လေကြောင်း ကုမ္ပဏီတစ်ခုဖြစ်သည့် အဲအေးရှား၏ အနာဂတ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် စိုးရိမ်နေရကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် အဲအေးရှားလေကြောင်း ကုမ္ပဏီ၏ သက်တမ်းတစ်လျှောက် အကြီးမားဆုံးအကျပ်အတည်းတစ်ခုကို ရင်ဆိုင်နေရပြီး ကမ္ဘာတစ်ဝန်းရှိ အဲအေးရှားလေကြောင်းလိုင်းများကို ရပ်နားထားရပြီး ဝန်ထမ်းအင်အားလျှော့ချမှုများ ပြုလုပ်ထားရကြောင်း သိရသည်။ အရှေ့တောင်အာရှဒေသ၏ ဘတ်ဂျက်လေကြောင်းလိုင်းဖြစ်သည့် အဲအေးရှားသည် ယခုနှစ်၏ ပထမ သုံးလပတ်တွင် မလေးရှားရင်းဂစ် ၈၀၃ သန်း (အမေရိကန်ဒေါ်လာ ၁၈၇ သန်း) ဝင်ငွေဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း ဇူလိုင် ၆ ရက်က ဖော်ပြခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် ခရီးသွားလာမှုနှင့်နယ်စပ်ကန့်သတ်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကြောင့် လေကြောင်းခရီးစဉ်သွားလာမှုများ သိသိသာသာကျဆင်းသွားခဲ့ရာ အဲအေးရှားအုပ်စု၏ ငွေကြေးစီးဆင်းမှုကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့ကြောင်း အဲအေးရှား တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။ သို့ဖြစ်ရာ အဲအေးရှား၏ အနာဂတ် ဆက်လက် ရပ်တည်နိုင်ရေးနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ဖြစ်လျက်ရှိကြောင်း ၎င်းက ပြောသည်။

**ဘန်ကောက်ပို့စ်**



# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေ အမေရိကန်နုတ်ထွက်ပြီးနောက် ဘာတွေဖြစ်လာမလဲ

ကလျာမိုးမြင့်




ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်လာပြီး သိပ်မကြာသေးခင်မှာ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဟာ အမေရိကန်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးထဲက ဆွဲထုတ်ဖို့ကြိုးစားနေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့လည်း ပြီးခဲ့တဲ့မေလက ၎င်းရဲ့သဘောထားဆန္ဒကို အတိအလင်းထုတ်ဖော်ပြောဆိုခဲ့ပြီးပါပြီ။

**တစ်ဖက်သတ်စွပ်စွဲ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေ အမေရိကန်နုတ်ထွက်ဖို့ စဉ်းစားနေရတဲ့အကြောင်းကတော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ တရုတ်နိုင်ငံကို မျက်နှာသာပေးနေလို့ဖြစ်တယ်ဆိုပြီး သမ္မတထရမ့်က တစ်ဖက်သတ်စွပ်စွဲထားပါတယ်။ ဥရောပသမဂ္ဂနဲ့ တခြားနိုင်ငံတွေက ပြန်စဉ်းစားသုံးသပ်ဖို့ အမျိုးမျိုးတိုက်တွန်းနေကြပေမယ့် ထရမ့်ကတော့ ကုလသမဂ္ဂအဖွဲ့အစည်းကြီးတစ်ခုဖြစ်တဲ့ WHO ကနေ နုတ်ထွက်မယ်၊ ပြီးတော့ တခြားနေရာတွေမှာ တိုက်ရိုက်ရန်ပုံငွေ ထည့်ဝင်မယ်ဆိုပြီး တွင်တွင်ပြောဆိုနေပါတယ်။

အခုဆိုရင် သမ္မတက ၎င်းရဲ့သဘောထားဆန္ဒကို ကုလသမဂ္ဂနဲ့ အထက်လွှတ်တော်ကိုပါ အသိပေးအကြောင်းကြားလိုက်ပြီ ဖြစ်ပါတယ်။ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေ တကယ်တမ်းနုတ်ထွက်မယ်ဆိုရင် အဲဒီဖြစ်စဉ်က တစ်နှစ်ထက်မနည်း အချိန်ကြာမြင့်နိုင်ပါတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးရဲ့ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က အမေရိကန်ရဲ့အကြောင်းကြားချက်ကို အတည်ပြုခဲ့ပြီး နုတ်ထွက်မှုဟာ လာမယ့် ၂၀၂၁ ခုနှစ် ဇူလိုင် ၆ ရက်မှာ စတင်အသက်ဝင်မှာ ဖြစ်တယ်လို့ သိရပါတယ်။

**ပြုပြင်ပြောင်းလဲဖို့လက်မခံ**

ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားမှု အကျပ်အတည်းအောက် ကျရောက်နေရတဲ့ အချိန်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေ အမေရိကန်နုတ်ထွက်တော့မယ်ဆိုတဲ့ အကြောင်းကြားချက်ကို အထက်လွှတ်တော်က လက်ခံရရှိခဲ့တယ်လို့ ပြည်ပဆက်ဆံရေးကော်မတီဆိုင်ရာ ဒီမိုကရက်တစ် ဆီးနိတ်လွှတ်တော်အမတ် ရောဘတ်မီနန်ဒက်ဇ်က ပြောကြားခဲ့ပါတယ်။ ဒီနုတ်ထွက်မှုဟာ အမေရိကန်နိုင်ငံသားတွေကို စိတ်မသက်မသာဖြစ်စေပြီး အမေရိကကို တစ်ကိုယ်တော်ဖြစ်သွားစေလိမ့်မယ်လို့ ၎င်းက ပြောပါတယ်။

အမေရိကန်အနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအတွင်းမှာ ၎င်းဖြစ်စေချင်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အသေးစိတ်ချပြခဲ့ပြီး ဒီကိစ္စကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ တိုက်ရိုက်ညှိနှိုင်းခဲ့ပေမယ့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ လက်မခံခဲ့ဘူးလို့ အမေရိကန်အကြီးတန်း အုပ်ချုပ်ရေးအရာရှိတစ်ဦးက စီဘီအက်စ် သတင်းသို့ ဖြေကြားခဲ့ပါတယ်။

**ပြန်ပူးပေါင်းမယ်**

နိုဝင်ဘာလမှာကျင်းပမယ့် သမ္မတရွေးကောက်ပွဲမှာ သမ္မတထရမ့်ကို စိန်ခေါ်မယ့် ဂျိုးဘိုင်ဒင်ကတော့ ကျွန်တော်သမ္မတဖြစ်ခဲ့ရင် သမ္မတတာဝန်စယူတဲ့ ပထမနေ့မှာပဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ ပြန်ပူးပေါင်းမှာဖြစ်ပြီး ကမ္ဘာ့စင်မြင့်ထက်မှာ ကျွန်ုပ်တို့ရဲ့ ခေါင်းဆောင်မှုကို ဆက်လက်တည်ရှိစေမယ်လို့ ၎င်းရဲ့တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

အမေရိကန်ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအတွင်းမှာ ရန်ပုံငွေအကြီးဆုံးထည့်ဝင်ထားတဲ့ ပူးပေါင်းပါဝင်သူဖြစ်ပြီး ၂၀၁၉ခုနှစ်မှာ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထည့်ဝင်ထားသူဖြစ်ပါတယ်။ အဲဒီငွေကြေးပမာဏဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စုစုပေါင်းဘတ်ဂျက်ရဲ့ ၁၅ ရာခိုင်နှုန်းလောက်အထိ ရှိတယ်လို့သိရပါတယ်။ ၁၉၄၈ ခုနှစ်မှာ အထက်လွှတ်တော်က အတည်ပြုခဲ့တဲ့ ဆုံးဖြတ်ချက်အရ အမေရိကန်ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေ နုတ်ထွက်ခွင့်ရှိပေမယ့် မထွက်ခင်တစ်နှစ်ကြိုတင်အသိပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းတွေထွက်ပေါ်နိုင်**

ဒီတော့အမေရိကန်ရဲ့ နုတ်ထွက်မှုကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အနာဂတ်ရန်ပုံငွေအလားအလာနဲ့ပတ်သက်ပြီး မေးခွန်းတွေ ထွက်ပေါ်လာနိုင်သလို အဖွဲ့ကြီးရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးနဲ့ ရောဂါထိန်းချုပ်ရေးဆိုင်ရာ အနာဂတ်အစီအစဉ်တွေနဲ့ ပတ်သက်ပြီးတော့လည်း စဉ်းစားစရာဖြစ်လာပါတယ်။

ပြီးခဲ့တဲ့ ဧပြီလအတွင်းမှာ သမ္မတထရမ့်က ရက်ပေါင်း ၃၀ အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အမှန်အကန်တိုးတက်မှုတွေဖြစ်ထွန်းအောင် တာဝန်ယူဆောင်ရွက်ပေးခြင်းမရှိဘူးဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအတွက် ငွေကြေးထည့်ဝင်နေတာကို ရပ်ဆိုင်းတော့မယ်ဆိုပြီး အရင်ဆုံးကြေညာခဲ့ပါတယ်။ အဲဒီနောက် မေလနှောင်းပိုင်းမှာတော့ ထရမ့်က အမေရိကန်ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ ဆက်ဆံရေးအဆုံးသတ်တော့မှာဖြစ်ပြီး အဲဒီမှာထည့်ဝင်နေတဲ့ ရန်ပုံငွေတွေကိုလည်း တခြားသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာပရဟိတအဖွဲ့အစည်းတွေဆီမှာ ပြောင်းပြီး ထည့်ဝင်တော့မယ်လို့ ဆိုလာခဲ့ပါတယ်။

**အထောက်အထားပြနိုင်ခြင်းမရှိ**

ပြီးတော့ သမ္မတထရမ့်က တရုတ်နိုင်ငံဟာ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နိုင်ငံတကာကို လှည့်စားအောင် တရုတ်နိုင်ငံက တွန်းအားပေးနေတယ်ဆိုပြီး စွပ်စွဲထားပေမယ့်လည်း ၎င်းရဲ့စွပ်စွဲချက်တွေအတွက် တိကျတဲ့သက်သေ အထောက်အထားတွေကို ပြသနိုင်ခြင်းမရှိသေးပါဘူး။

ဂျာမနီနဲ့ ဗြိတိန်အပါအဝင် တခြားနိုင်ငံတွေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို အမေရိကန်က ငွေကြေးထည့်ဝင်နေတာတွေ မရပ်သိမ်းစေချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုဗစ် – ၁၉တွန်းလှန်နိုင်မယ့် ကာကွယ်ဆေးထုတ်လုပ်နိုင်ဖို့ ကမ္ဘာတစ်ဝန်းရဲ့ကြိုးပမ်းမှုမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အတူတကွ ပူးပေါင်းဆောင်ရွက်နေလို့ ဖြစ်ပါတယ်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ရည်ရွယ်ချက်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ၁၉၄၈ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ဂျီနီဗာမှာ အခြေစိုက်ထားပါတယ်။ ကမ္ဘာတစ်ဝန်းက ပြည်သူလူထုရဲ့ကျန်းမာရေးအတွက် တာဝန်ရှိတဲ့ ကုလသမဂ္ဂအေဂျင်စီတစ်ရပ်အဖြစ် အသိအမှတ်ပြု တည်ထောင်ထားခြင်း ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၄ နိုင်ငံအထိပါဝင်ပြီး ကျန်းမာရေးကို မြှင့်တင်ဖို့၊ ကမ္ဘာကြီး ဘေးကင်းဖို့နဲ့ အင်အားနည်းသူတွေကို ကူညီကယ်ဆယ်ဖို့ရည်ရွယ်တဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ ကာကွယ်ဆေးတီထွင်ထုတ်လုပ်ရေးလှုပ်ရှားမှုတွေ၊ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတွေမှာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှုလိုအပ်တဲ့ နိုင်ငံတွေကို အကူအညီပေးနေပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေရဲ့ လူဦးရေနဲ့ ချမ်းသာကြွယ်ဝမှု အနေအထားအပေါ် မူတည်ပြီးထည့်ဝင်တဲ့ စုပေါင်းရန်ပုံငွေနဲ့ စေတနာအလျောက် ပူးပေါင်းပါဝင်မှုအားဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပါတယ်။ **ကိုးကား – အေအက်ဖ်ပီ၊ ဘီဘီစီ**

**"အခုဆိုရင် သမ္မတက ၎င်းရဲ့သဘောထားဆန္ဒကို ကုလသမဂ္ဂနဲ့ အထက်လွှတ်တော်ကိုပါ အသိပေးအကြောင်းကြားလိုက်ပြီ ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေ တကယ်တမ်း နုတ်ထွက်မယ်ဆိုရင် အဲဒီဖြစ်စဉ်က တစ်နှစ်ထက်မနည်း အချိန်ကြာမြင့်နိုင်ပါတယ်။"**

## နိုင်ငံတကာသတင်းတိုထွာ

### တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံ ကူးစက်ခံရသူ ၆၃ ဦးတွေ့ရှိ

**ဆိုးလ် ဇူလိုင် ၈**

တောင်ကိုရီးယားနိုင်ငံ၌ ဇူလိုင် ၈ ရက် ညသန်းခေါင်အချိန်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၃ ဦးကို တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ယခုအခါ တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၁၃၂၄၄ ဦးအထိ ရှိလာပြီဖြစ်သည်။ အသစ်ထပ်မံကူးစက်ခံရသူများအနက် ၃၃ဦးမှာ ပင်လယ်ရပ်ခြားမှ ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ရောဂါကူးစက်မှုသည် သုံးရက်အတွင်း တစ်နေ့တည်း အယောက် ၆၀အထိ ကူးစက်မှုမြင့်တက်လာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံရှိ ချပ်ကျောင်းများနှင့် ဘုရားကျောင်းများတွင် ဘာသာရေးဆိုင်ရာ စုဝေးမှုများနှင့် ဆက်နွှယ်သည့် စုလိုက်ရောဂါကူးစက်ခံရမှုများကို ဆက်လက်တွေ့ရှိရဆဲဖြစ်သည်။

လတ်တလောတွင် ရောဂါကူးစက်မှုကြောင့် ထပ်မံသေဆုံးသူ ထွက်ပေါ်လာခြင်းမရှိသေးပေ။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ၂၈၅ ဦးတွင်ရပ်တန့်လျက်ရှိပြီး စုစုပေါင်းသေဆုံးမှုနှုန်းသည် ရောဂါဖြစ်ပွားသူအရေအတွက်၏ ၂ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း အစိုးရက သတင်းထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

### ဗြိတိန်၌ ဆေးလိပ်သောက်သုံးသူ ဆက်တိုက်လျော့ကျလာကြောင်း လေ့လာမှုအသစ်တစ်ရပ်က ဖော်ပြ

**လန်ဒန် ဇူလိုင် ၈**

ဗြိတိန်နိုင်ငံ၌ ပြည်သူလူထုအတွင်း ဆေးလိပ်သောက်သုံးသူ အရေအတွက် ဆက်တိုက်လျော့ကျလာသည်ကို တွေ့ရှိရကြောင်း စစ်တမ်းကောက်ယူမှုအသစ်တစ်ရပ်တွင် ဖော်ပြထားသည်။ ဗြိတိန်ပြည်သူများအတွင်း ဆေးလိပ်သောက်သုံးမှုသည် ခုနစ်ဦးလျှင် တစ်ဦးနှုန်းဖြင့် လျော့ကျလာခဲ့ကြောင်း အဆိုပါစစ်တမ်း၌ ဆိုထားသည်။

အမျိုးသား စာရင်းအင်းရုံးမှ စစ်တမ်းကောက်ယူခဲ့မှုအရ အသက် ၁၈ နှစ်နှင့် အထက် ပြည်သူများ စီးကရက်သောက်သုံးမှုသည် ၂၀၁၉ခုနှစ်တွင် ၁၄ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ယင်းပမာဏသည် ဗြိတိန်လူဦးရေ၏ ခြောက်ဒသမကိုးသန်းလောက်အထိ ရှိကြောင်း သိရသည်။

ဗြိတိန်၌ လက်ရှိဆေးလိပ်သောက်သုံးနေသူအချိုးအစားသည် ၂၀၁၈ခုနှစ်က ၁၄ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ သိသိသာသာကျဆင်းလာခြင်းဖြစ်ကြောင်း လေ့လာမှုစစ်တမ်းဖော်ပြချက်အရ သိရသည်။

ဂရိတ်ဗြိတိန်၌ လက်ရှိဆေးလိပ်သောက်သုံးနေကြသည့် အသက် ၁၆နှစ်နှင့်အထက် လူငယ်များအနက် ၆၂ ဒသမ ၅ရာခိုင်နှုန်းက ဆေးလိပ်ဖြတ်ပြီးပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# Covid ကနေ ရတဲ့ တန်ဖိုးအရှိဆုံး သင်ခန်းစာ

Covid ကြောင့် စဉ်းစားသင်ယူစရာတွေကို နေ့စဉ်နဲ့အမျှ တွေ့နေရပါတယ်။ လွန်ကဲတယ်လို့ မရှိနိုင်တဲ့ 'သတိ' အားကောင်းအောင်လေ့ကျင့်ရခြင်းကတော့ Covid ကနေရတဲ့ တန်ဖိုးအရှိဆုံး သင်ခန်းစာပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၀-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)



## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုအား ပြည်ထောင်စုဝန်ကြီး လက်ခံ

**နေပြည်တော် ဇူလိုင် ၈**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄)၌ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လာရောက်လှူဒါန်းမှုများအား လက်ခံသည်။

**အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထား**

ရှေးဦးစွာ လှူဒါန်းမှုများနှင့်ပတ်သက်၍ အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင်က မိမိတို့နိုင်ငံတွင် လက်ရှိ၌ ကိုဗစ်–၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားလျက်ရှိပြီး ထိုသို့ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုလှူဒါန်းမှုများသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများ၊ မြန်မာကောင်စစ် ဝန်ချုပ်ရုံး (၉) ရုံးနှင့် ပြည်ပရှိ ကုမ္ပဏီများနှင့် အဖွဲ့ အစည်းများက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းလာသည့် အလှူငွေများနှင့် လှူဒါန်းမှုပစ္စည်းများ ဖြစ်ပါကြောင်း။

**အကြိမ်ကြိမ်အကျိုးရှိနေမည်**

ဆက်လက်၍ ယခုအချိန်၌ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့ပေါင်းစုံနှင့် ပြည်သူ များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် အတိုင်း အတာတစ်ခုအထိ ရောဂါထိန်းချုပ်ထားနိုင်သော်လည်း ပေါ့ဆ၍ မရပါကြောင်း၊ ယခုကဲ့သို့လှူဒါန်းမှုများသည် ယခု ကိုဗစ်–၁၉ ဖြစ်စဉ်တွင် လူနာများအတွက် အသုံးပြုနိုင် မည်သာမက ရေရှည်တွင် ကျန်းမာရေးစနစ်ပိုမိုကောင်းမွန် စေမည့် အရင်းအနှီး အထောက်အပံ့များဖြစ်သဖြင့် အကြိမ်ကြိမ်အကျိုးရှိနေမည်ဖြစ်ပါကြောင်း။

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ တွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ပံ့ပိုးမှုများရယူခြင်းတို့အတွက် နိုင်ငံခြား ရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းကူညီဆောင်ရွက်ခဲ့မှုများ အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

လှူဒါန်းပွဲတွင် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး (၉) ရုံးတို့က အလှူငွေကျပ် ၁၅ သိန်းနှင့် အမေရိကန်ဒေါ်လာ ၆၇၀၀၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ N 95 Mask ၃၀၀၀ နှင့် Surgical Mask ၁၀၀၀၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့အခြေစိုက် ရွှေချိုက်ကုမ္ပဏီ (Kunming Cuicai Trading Co.Ltd) က အလှူငွေ ကျပ် ၁၈၅၈၇၀၀၀၊ ထိုင်းနိုင်ငံအခြေစိုက် ZMW Solution မှ အမှုဆောင်အရာရှိချုပ် ဦးဇော်မိုးဝင်းက တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံ ၃၀ နှင့် Face shield ၃၀၀၊ ဂျပန်နိုင်ငံရှိ Japan YUAI Foundation၊ Amazing Asia Association နှင့် Saitama ပြည်နယ်မှ Yoshinosato (Health and Welfare) Group တို့မှ Mask ၁၄၉၀၀ တို့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လွှဲပြောင်းပေးအပ် ခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်နှင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းတို့က လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



## ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယအကြိမ် စစ်ဆေးရာ COVID-19 ရောဂါပိုးတွေ့ရှိမှု မရှိ(မရှိ)၍ လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်

**နေပြည်တော် ဇူလိုင် ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယအကြိမ် စစ်ဆေးရာ COVID–19 ရောဂါပိုးတွေ့ရှိမှု မရှိ(မရှိ)၍ ကိုယ်စားလှယ်အဖွဲ့ဝင်များက လုပ်ငန်းတာဝန်များ ကို ပြန်လည်ထမ်းဆောင်နေကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေး အဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပ ပြုလုပ်သည့် Victory Day of Great Patriotic War (၇၅)နှစ်မြောက် အထိမ်း အမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့ တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၂၅ ရက် ညပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး သတ်မှတ် ထားသည့်နေရာများ၌ Home Quarantine, Facilities Quarantine စနစ်တကျ နေထိုင်ခဲ့ကြောင်း။

ယင်းမြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များကို ဇွန် ၃၀ ရက်တွင် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇူလိုင် ၇ ရက်တွင်လည်းကောင်း နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်များရယူ၍ Polymerase Chain Reaction (PCR) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ရာ COVID–19 ရောဂါပိုးတွေ့ရှိမှု မရှိ(မရှိ) ကြောင်း အတည်ပြုသိရှိရပြီး ယနေ့မှစ၍ လုပ်ငန်းတာဝန်များကို ပြန်လည် ထမ်းဆောင်လျက်ရှိကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၈၁)ခုတွင်-
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၆၈၄) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၄၉) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၂၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု၊
  စုစုပေါင်း (၁,၄၅၉) ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၃။ (၈-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၁၆)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၇-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၂၈၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၈-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၅၅) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၈၄) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၆၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၁၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု
  စုစုပေါင်း (၁,၄၀၃)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦးတွေ့ရှိရပါသည်။

၂။ (၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၁၇) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၅) ဦး (C-221, 252, 267, 283, 286) ရှိသဖြင့် စုစုပေါင်း (၂၅၀) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၃၃) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၇-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၈-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၆) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၈-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည် ဓာတ်ခွဲနမူနာ | (၆၅၅) ခု |
| (၈-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည် ဓာတ်ခွဲနမူနာ | (၁၈၄) ခု |
| (၈-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည် ဓာတ်ခွဲနမူနာ | (၁၆၀) ခု |
| (၈-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည် ဓာတ်ခွဲနမူနာ | (၂၁၆) ခု |
| (၈-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၁၇) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၂၅၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၈-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 317 | ၂၅ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် | မရှိ | ရှိ (အင်္ဂလန်) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |

# ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) မှ ထောက်ပံ့ပေးသော ဆန်နှင့် စားသောက်ဖွယ်ရာများ ပလက်ဝမြို့သို့ ဒုတိယအကြိမ်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၈**

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) မှ ထောက်ပံ့သော ဆန်နှင့် စားသောက်ဖွယ်ရာများ ယမန်နေ့က ပလက်ဝမြို့သို့ ရောက်ရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် WFP မှ ပလက်ဝတာဝန်ခံ ဦးခင်မောင်ကြည် ဦးဆောင်သော အဖွဲ့သည် ၆ ဘီးယာဉ် ၁၄ စီးဖြင့် ဆန် ၁၄၆၅ အိတ်၊ ဆီ ၃၆၀ ဖာ၊ ပဲအိတ် ၃၆၀၊ ဆား ၁၅ အိတ်နှင့် အာဟာရအမှုန့် ၅၂ ဖာတို့အား တင်ဆောင်လျက် ဇူလိုင် ၆ ရက်တွင် ဆမီးမြို့မှ ထွက်ခွာလာရာ ရက်ဒိန်ရွာတွင် ညအိပ်ရပ်နား၍ နောက်တစ်နေ့ ဇူလိုင် ၇ ရက်တွင် ပလက်ဝမြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ယင်းထောက်ပံ့ပစ္စည်းများကို တိုက်ပွဲရှောင်စာရင်းဝင်များအား ထောက်ပံ့နိုင်ရေးအတွက် ပလက်ဝမြို့ရှိ အားကစားခန်းမတွင် ခေတ္တသိုလှောင်ထားကာ ထောက်ပံ့ပစ္စည်းများ နောက်ထပ်တစ်ကြိမ် ရောက်ရှိမှသာ ပူးပေါင်းဖြန့်ဝေသွားမည် ဖြစ်ကြောင်း၊ WFP သည် ဆန်အိတ် ၂၀၀၀ နှင့် အသုံးအဆောင်ပစ္စည်းများအား ဇွန် ၂၈ ရက်တွင် တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးမှုဖြင့် ပထမအကြိမ် ပလက်ဝမြို့သို့ ပေးပို့လှူဒါန်းပြီးဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ပလက်ဝမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တိုက်ပွဲရှောင်ပြည်သူများ အတွက် တပ်မတော်မှ မတ် ၁၄ ရက်တွင် ဆန်အိတ် ၁၀၀ နှင့် မတ် ၁၅ ရက်တွင် ဆန်အိတ် ၁၀၀ အား လည်းကောင်း၊ ဇွန် ၃ ရက်တွင် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြု ဆေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား လည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ဇွန် ၂၁ ရက်တွင် ဆန် ၃၅၂၈ အိတ်၊ ပဲ ၈၃ အိတ်၊ ဆား ၁၀၂ အိတ်၊ ဆီ ၂၅ ပေပါ၊ ကြက်သွန်နီ ၂၁ အိတ် နှင့် COVID-19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများအား လည်းကောင်း ပို့ဆောင်လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ကိုဗစ် –၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ စုစုပေါင်း ၃၁၇ ဦး ရှိသွားပြီ

နေပြည်တော် ဇူလိုင် ၈

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူတစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၁၇ ဦးရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူတစ်ဦးမှာ အင်္ဂလန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၁၇ ဦး အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်းဦးရေ ၂၅၀ ရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၃၃ ဦး ရှိကြောင်းနှင့် ဇူလိုင် ၇ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၈ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၄၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၆၈၂၁ | ၃၁၇ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၅၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၁၈၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၃၃ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၄၅ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၁၇ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၈-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၈-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၉၈၉၅၉ | ၁၃၅၅၆၇၅ | ၁၃၄၀၃၀ |
| ၂။ | ဘရာဇီး | ၁၆၇၄၆၅၅ | ၁၁၁၇၉၂၂ | ၆၆၈၆၈ |
| ၃။ | အိန္ဒိယ | ၇၅၃၃၅၄ | ၄၆၄၁၇၁ | ၂၀၈၀၃ |
| ၄။ | ရုရှား | ၇၀၀၇၉၂ | ၄၇၂၅၁၁ | ၁၀၆၆၇ |
| ၅။ | ပီရူး | ၃၀၉၂၇၈ | ၂၀၀၉၃၈ | ၁၀၉၅၂ |
| ၆။ | စပိန် | ၂၉၉၂၁၀ | စိစစ်ဆဲ | ၂၈၃၉၂ |
| ၇။ | ချီလီ | ၃၀၁၀၁၉ | ၂၆၈၂၄၅ | ၆၄၃၄ |
| ၈။ | ဗြိတိန် | ၂၈၆၃၄၉ | စိစစ်ဆဲ | ၄၄၃၉၁ |
| ၉။ | မက္ကဆီကို | ၂၆၈၀၀၈ | ၁၆၃၆၄၆ | ၃၂၀၁၄ |
| ၁၀။ | အီရန် | ၂၄၈၃၇၉ | ၂၀၉၄၆၃ | ၁၂၀၈၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၈- ၇ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၈၀၇၉ | ၃၁၅၈၅ | ၃၃၅၉ |
| ဖိလစ်ပိုင် | ၅၀၃၅၉ | ၁၂၅၈၈ | ၁၃၁၄ |
| စင်ကာပူ | ၄၅၂၉၈ | ၄၁၀၀၂ | ၂၆ |
| မလေးရှား | ၈၆၇၇ | ၈၄၈၆ | ၁၂၁ |
| ထိုင်း | ၃၁၉၇ | ၃၀၇၄ | ၅၈ |
| ဗီယက်နမ် | ၃၆၉ | ၃၄၇ | ၀ |
| မြန်မာ | ၃၁၇ | ၂၅၀ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၁ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# ရန်ကုန် – ပဲခူး လော်ကယ်ရထားပြန်လည်ပြေးဆွဲ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်နှင့် ပဲခူးသို့ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရန် မြန်မာ့မီးရထားမှ လော်ကယ်ရထားပြေးဆွဲပေးလျက်ရှိရာ ကိုဗစ်–၁၉ ကြောင့် ဧပြီ ၁၀ ရက်မှစတင်၍ ထိုခရီးစဉ်ကို ရပ်နားခဲ့ပြီး သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ပြန်လည်ခွင့်ပြုမှုဖြင့် ဇူလိုင် ၆ ရက်မှ စတင်၍ ပုံမှန်ခရီးစဉ်အတိုင်း ပြန်လည်ပြေးဆွဲကြောင်း သိရသည်။

### ပြန်လည်ရောက်ရှိ

ခရီးသွား ၁၀၀၀ ခန့် ပို့ဆောင်နိုင်သော လော်ကယ်ရထားမှာ ပဲခူးဘူတာမှ နံနက် ၅ နာရီ ၄၅ မိနစ်တွင် စတင်ထွက်ခွာပြီး ရန်ကုန်ဘူတာကြီးသို့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရောက်ရှိ၍ ညနေ ၅ နာရီ ၅ မိနစ်တွင် ရန်ကုန်ဘူတာကြီးမှ ပြန်လည်ထွက်ခွာကာ ပဲခူးဘူတာသို့ ည ၇ နာရီ ၅၅ မိနစ်တွင် ပြန်လည်ရောက်ရှိသည်။

ထိုလော်ကယ်ရထားဖြင့် နံနက်ပိုင်းတွင် ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိပြီး ၄၆ မိုင် ၄ ဖာလုံ ဝေးကွာသော ရန်ကုန်–ပဲခူးခရီးကို RBE တွဲဆိုင်း ၅ တွဲဖြင့် ပြေးဆွဲလျက်ရှိရာ ပြန်လည်ပြေးဆွဲမှုနှင့် စပ်လျဉ်း၍ မြန်မာ့မီးရထား အမှတ် ၇ တိုင်း(ရန်ကုန်)မှ လက်ထောက်တိုင်းမန်နေဂျာ ဦးကျော်မျိုးလွင်က "ပြန်ဖွင့်နိုင်တာက ဒေသဆိုင်ရာအာဏာပိုင်တွေရဲ့ ဆောင်ရွက်မှုနဲ့ ခရီးသည်တွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်တာဖြစ်ပါတယ်။ ကိုဗစ်–၁၉ ကာလမှာ ရထားစီး ခရီးသွားတွေအနေနဲ့ နှာခေါင်းစည်းတပ်ပြီး လက်ဆေးတာကို ဘူတာတွေမှာ ညွှန်ကြားထားပါတယ်။ ဒီကာလမှာ သတ်မှတ်ထားတဲ့ ညွှန်ကြားချက်အောက်မှာ ခရီးသွားလုပ်ငန်းကို အဆင်ပြေချောမွေ့စွာ ပို့ဆောင်ပေးနိုင်တာဟာ ဝန်ဆောင်မှုအောင်မြင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်"ဟု ပြောသည်။

### သွားလာရေး အဆင်ပြေလျက်ရှိ

ရန်ကုန်–ပဲခူးလော်ကယ်ရထား ပြန်လည်ပြေးဆွဲရာ၌ ယခင်စီးနင်းမှုကဲ့သို့ ခရီးသွားဦးရေ ပုံမှန်မရောက်ရှိသေးသော်လည်း ရပ်နားထားသော ခရီးစဉ်ပြန်လည်ပြေးဆွဲမှုအပေါ် ထိုလမ်းပိုင်းကို အားပြုနေသော ခရီးသွားများ ကျေနပ်လျက်ရှိပြီး ဇူလိုင် ၆ ရက်တွင် ပြန်လည်ပြေးဆွဲသော ရန်ကုန်– ပဲခူး လော်ကယ်ရထားခရီးစဉ်တွင် ခရီးသွားများ သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သစ္စာ**

# လောင်းလုံးမြို့နယ်ရှိ ကျေးရွာငါးရွာမှ ရေလုပ်သားများ၊ ဝင်ငွေနည်းပြည်သူများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ စားသောက်ကုန်နှင့် ငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၈

**ကိုဗစ်–၁၉ ကာလတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ ကူညီသည့်အနေဖြင့် စားဝတ်နေရေး အခက်အခဲဖြစ်နေသော တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ရှိ ကျေးရွာငါးရွာမှ ရေလုပ်သားများနှင့် ဝင်ငွေနည်း လက်လုပ်လက်စား ဒေသခံပြည်သူများအား စားသောက်ကုန်နှင့် အလှူငွေများကို ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ Excellent Fortune Foundation(EFF)ဖောင်ဒေးရှင်းက အဆိုပါကျေးရွာများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။**

ယခုလှူဒါန်းမှုမှာ လောင်းလုံးမြို့နယ် အတွင်းရှိ တီဇစ်၊ ရှမ်းမော်၊ ကျုံးဂဏန်း၊ ပညစ်နှင့် စမ်းလှမ်းကျေးရွာ ငါးရွာမှ ရေလုပ်သားများနှင့် ဝင်ငွေနည်းပါးပြီး အခက်အခဲဖြစ်နေသော လက်လုပ်လက်စား အိမ်ထောင်စု ၄၅၀ ကျော်နှင့် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများသို့ အခြေခံစားသောက်ကုန် ပစ္စည်းများဖြစ်သည့် ဆီ၊ ဆန်၊ ကြက်သွန်၊ အာလူးနှင့် အလှူငွေများကို အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိ ဓေါတရေ ဦးစိုင်းမျိုးဝင်း မိသားစု EFF ဖောင်ဒေးရှင်းက လှူဒါန်းခဲ့သည်။

အဆိုပါ ဖောင်ဒေးရှင်းသည် နိုင်ငံတော်က ဦးဆောင်၍ ဆောင်ရွက်နေသော ကိုဗစ်– ၁၉ ကာကွယ်၊ တားဆီး၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများနှင့် ကိုဗစ်ကာကွယ်ရေး လုပ်ငန်းသုံးပစ္စည်းများ ဆေးဝါးနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်းခဲ့ရာ ယနေ့အချိန်အထိ ငွေကျပ်သိန်း ၇၀၀၀ ကျော်ဖိုးခန့်အထိ ရှိပြီဖြစ်ကြောင်း သိရသည်။

**ရွှေအင်းသားခင်မောင်ဝင်း**

# Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

**သတင်းထုတ်ပြန်ချက် (၈/၂၀၂၀)**

**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်**

၁။ Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီသည် COVID–19 ကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးနိုင်ရေးအတွက် COVID–19 Fund ထူထောင်ကာ စီးပွားရေးထိခိုက်မှု အများဆုံးခံခဲ့ရသည့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၉ ရက်နေ့မှစတင်၍ ချေးငွေများ ထုတ်ပေးခဲ့ပါသည်။

၂။ လုပ်ငန်းကော်မတီ၏ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၉ ရက်နေ့ ရက်စွဲပါ ကြေညာချက်တွင် ဖော်ပြပါရှိသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်း (၃၃၉၃) ခုကို ချေးငွေ (၇) ကြိမ်ခွဲ၍ အောက်ပါအတိုင်း ထုတ်ပေးခဲ့ပါသည် –

| စဉ် | လုပ်ငန်း | အရေအတွက် | ပမာဏ (ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | အထည်ချုပ် CMP | ၄၅ | ၆၃၁၂.၀၀ | ၆.၂၄ % |
| (ခ) | အခြား CMP | ၂ | ၇၅.၀၀ | ၀.၀၇ % |
| (ဂ) | ဟိုတယ် | ၃၄၀ | ၁၅၇၂၀.၇၄ | ၁၅.၅၅ % |
| (ဃ) | ခရီးသွားလုပ်ငန်း | ၂၃၆ | ၃၇၅၇.၄၆ | ၃.၇၂ % |
| (င) | စားသောက်ဆိုင် | ၂၂၀ | ၅၁၈၂.၀၀ | ၅.၁၂ % |
| (စ) | စားသောက်ကုန်၊ လူသုံးကုန်၊ အထွေထွေကုန်ပစ္စည်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာMSME များ | ၂၅၅၀ | ၇၀၀၈၁.၁၀ | ၆၉.၃၀ % |
| | **စုစုပေါင်း** | **၃၃၉၃** | **၁၀၁၁၂၈.၃၀** | **၁၀၀.၀၀ %** |

၃။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက်အမှတ် ၂/၂၀၂၀ နှင့်အညီ စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

နေပြည်တော် ဇူလိုင် ၈

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇူလိုင် ၃ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၂၀ မြို့နယ်ရှိ နေရာ ၄၂ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၃၂ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၅ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၄ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၂၁ မြို့နယ်ရှိ နေရာ ၄၂ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၃၆ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၇ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဇူလိုင် ၃ ရက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျန်းမာရေးဝန်ထမ်း အိမ်ရာသစ်တွင် ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။ သတင်းစဉ်



ဇူလိုင် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။ သတင်းစဉ်



ဇူလိုင် ၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မြို့မဈေးအား ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။ သတင်းစဉ်



ဇူလိုင် ၄ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်အား ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။ သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၀-၂၀၂၁ ပညာသင်နှစ်"
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- **ငွေကြေး/လက်ဆောင်ပစ္စည်း**တစ်စုံတစ်ရာလက်ခံခြင်းမပြုရ။
- ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ**ရောင်းချခြင်းမပြုရ။
- အခြား**မည်သည့်ပစ္စည်းကိုမျှ** ရောင်းချခြင်းမပြုရ။
- ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်းပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်း (၄)ကြိမ် စစ်ဆေးရန်ဖြစ်ပြီး နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၂၁ ခုနှစ်၊ မတ်လတွင် ဆောင်ရွက်ရန်။
- ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသောကျောင်းသား၊ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Teaching)ကို နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးကို မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ (TV,Video,Phone,Computer) ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်။
- လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
- နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန် နှင့် ဆေးကုသမှုခံယူရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe.edu.mm သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။




# မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၆၈ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၈

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၆၈ ဦး မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ဇူလိုင် ၈ ရက်အထိ ၆၆၈ ဦး စုစုပေါင်း ၄၃၇၄၉ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၄၀၃ ဦး ၊ အမျိုးသမီး ၂၆၅ ဦး စုစုပေါင်း ၆၆၈ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၇ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၄၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၅၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၅၂၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၅/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၅ | ကျပ် | ၅၈၀/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၆ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၂ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၉ . ၄၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၂ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၀ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၄၉ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၃၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၇၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၅၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၁၆၂၃ | ၁၇၀၄၁၅၀၀ |
| MTSH | ၃၇၅၀ | ၃၈၀၀ | ၃၈၂၈ | ၁၄၅၀၉၀၅၀ |
| MCB | ၈၂၀၀ | ၈၁၀၀ | ၂ | ၁၆၃၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၉၇၄ | ၂၁၄၃၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၅၈၅ | ၁၆၀၈၇၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၉၀၆ | ၂၄၄၆၁၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၃၄။ ဒါရိုက်တာအဖွဲ့သည် –

(က) အောက်ပါရန်ပုံငွေစာရင်းများကို ဖွင့်လှစ်နိုင်သည် –

(၁) ဗဟိုရန်ပုံငွေစာရင်း၊

(၂) နိုင်ငံတော်ထည့်ဝင်ကြေးဖြင့် တည်ထောင်သည့် အငြိမ်းစား ရန်ပုံငွေစာရင်း၊

(၃) ရင်းနှီးမြှုပ်နှံမှုငွေစာရင်း၊

(၄) ရင်းနှီးမြှုပ်နှံမှုများမှရရှိသည့် ဝင်ငွေစာရင်း၊

(၅) ဝန်ထမ်းတစ်ဦးချင်းစီ၏ ဝန်ထမ်းထည့်ဝင်ကြေးစာရင်း၊

(၆) လစဉ်အငြိမ်းစား ရန်ပုံငွေစာရင်း၊

(၇) လုပ်သက်ဆုငွေ ရန်ပုံငွေစာရင်း၊

(၈) တစ်လုံးတစ်ခဲတည်းသော အငြိမ်းစားအကျိုးခံစားခွင့် ရန်ပုံငွေစာရင်း၊

(၉) အထွေထွေစာရင်း၊

(၁၀) အခြားလိုအပ်သောစာရင်း။

(ခ) ပုဒ်မခွဲ (က) ပါ ရန်ပုံငွေစာရင်းများကို နိုင်ငံပိုင်ဘဏ်တစ်ခုခုတွင်ဖြစ်စေ၊ ဝန်ကြီးဌာနက ခွင့်ပြုသည့် အခြားဘဏ်တစ်ခုခုတွင်ဖြစ်စေ ဘဏ်စာရင်း ဖွင့်လှစ်၍ အပ်နှံရမည်။

၃၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ)အရ တင်ပြတောင်းခံချက်ကို စိစစ်၍ သင့်လျော်သော ငွေပမာဏကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်း ပြုရမည်။

၃၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၅ အရ ထည့်ဝင်ငွေ၊ ထောက်ပံ့ငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းရမည်။

၃၇။ ပင်စင်ဦးစီးဌာနသည် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံး၍ စာရင်းစစ်ဆေးမှုခံယူပြီးသည့်အခါ ရင်းနှီးမြှုပ်နှံမှုမှရရှိသည့် ဝင်ငွေစာရင်းရှိ ရငွေများကို ဗဟိုရန်ပုံငွေစာရင်းသို့ ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထည့်သွင်းရမည်။

၃၈။ ပင်စင်ဦးစီးဌာနသည် နှစ်စဉ်ကျခံရမည့် လစဉ်အငြိမ်းစားအကျိုးခံစားခွင့်ကို လျာထား တွက်ချက်၍ ဗဟိုရန်ပုံငွေစာရင်းမှ ပုဒ်မ ၃၄(က) အရ ဖွင့်လှစ်ထားသည့် သက်ဆိုင်ရာ ငွေစာရင်းသို့ ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထည့်သွင်းရမည်။

၃၉။ ဒါရိုက်တာအဖွဲ့သည် –

(က) ဗဟိုရန်ပုံငွေ ထိန်းသိမ်းခြင်းဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရေးဆွဲရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရေးဆွဲသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဗဟိုရန်ပုံငွေ ထိန်းသိမ်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဗဟိုရန်ပုံငွေအဖွဲ့ဝင်၏ အကျိုးခံစားခွင့်အတွက် အသုံးစရိတ်ကျခံခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း(၁၀)
## ဗဟိုရန်ပုံငွေအဖွဲ့ဝင်၏ တာဝန်နှင့် အခွင့်အရေးများ

၄၀။ ဗဟိုရန်ပုံငွေအဖွဲ့ဝင်သည် –

(က) နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ထမ်းဆောင်သည့် ကာလပတ်လုံး ဝန်ထမ်း ထည့်ဝင်ကြေးကို လစဉ်ထည့်ဝင်ရမည်၊

(ခ) အငြိမ်းစားအကျိုးခံစားခွင့် အပြည့်အဝရရှိရန် ဝန်ထမ်းထည့်ဝင်ကြေးကို အနည်းဆုံး ၁၅ နှစ် ထည့်ဝင်ရမည်။

(ဂ) မိမိ၏ အငြိမ်းစားအကျိုးခံစားခွင့်ကို ဆက်ခံခွင့်ရှိသူအား ဦးစားပေးအစီအစဉ်အလိုက် အတွင်းရေးမှူးရုံးတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ရမည်။ ဦးစားပေးအစီအစဉ် ပြောင်းလဲလိုပါက သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ပြောင်းလဲနိုင်သည်။

၄၁။ ပြင်ပဝန်ထမ်းစည်းကမ်းချက်များဖြင့် တာဝန်ထမ်းဆောင်သည့် ဗဟိုရန်ပုံငွေအဖွဲ့ဝင်နှင့် စပ်လျဉ်း၍ –

(က) ဝန်ထမ်းကို ခေါ်ယူသည့် သက်ဆိုင်ရာအဖွဲ့အစည်းက နိုင်ငံတော်ထည့်ဝင်ကြေးကို သတ်မှတ်ချက်အတိုင်း ဗဟိုရန်ပုံငွေသို့ ထည့်ဝင်ရမည်၊

(ခ) ဝန်ထမ်းကို ခေါ်ယူသည့် သက်ဆိုင်ရာအဖွဲ့အစည်းက ထည့်ဝင်ခြင်းမရှိလျှင် သက်ဆိုင်ရာဝန်ထမ်းသည် ဝန်ထမ်းထည့်ဝင်ကြေးအပြင် နိုင်ငံတော်ထည့်ဝင်ကြေးကိုလည်း ဗဟိုရန်ပုံငွေသို့ ထည့်ဝင်ရမည်၊

(ဂ) နိုင်ငံတော်ထည့်ဝင်ကြေးနှင့် ဝန်ထမ်းထည့်ဝင်ကြေး ပေးသွင်းရန် ပျက်ကွက်သော သက်ဆိုင်ရာဝန်ထမ်းသည် သတ်မှတ်ချက်နှင့်အညီ ဒဏ်ကြေး ပေးဆောင်ရမည်။

၄၂။ ဗဟိုရန်ပုံငွေအဖွဲ့ဝင်သည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဒါရိုက်တာအဖွဲ့က ထူထောင်သော သီးခြားရန်ပုံငွေများသို့ ထည့်ဝင်ကြေးများ ထည့်ဝင်နိုင်သည်။

၄၃။ ဗဟိုရန်ပုံငွေအဖွဲ့ဝင်သည် အငြိမ်းစားအကျိုးခံစားခွင့်နှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြခွင့်ရှိသည်။

၄၄။ ဗဟိုရန်ပုံငွေအဖွဲ့ဝင်၏ အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) အငြိမ်းစားအကျိုးခံစားခွင့်ကို ဝန်ထမ်းထည့်ဝင်ကြေးကာလအလိုက် ငွေသား၊ ချက်၊ အီလက်ထရောနစ်ငွေပို့လွှာ အစရှိသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိခြင်း၊

(ခ) အငြိမ်းစားအကျိုးခံစားခွင့်ကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများပါ ပင်စင်အမျိုး အစားများနှင့်အညီ ခံစားခွင့်ရှိခြင်း၊

(ဂ) ဗဟိုရန်ပုံငွေ အဖွဲ့ဝင်သက်တမ်း ၁၅ နှစ်ပြည့်ပါက ပင်စင်အမျိုးအစားများနှင့်အညီ အငြိမ်းစားအကျိုးခံစားခွင့် အပြည့်အဝရရှိခြင်း၊

(ဃ) မိမိဆန္ဒအရ ရာထူးမှ နုတ်ထွက်လျှင်ဖြစ်စေ၊ ရာထူးမှထုတ်ပယ်ခြင်းခံရလျှင် ဖြစ်စေ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရလျှင်ဖြစ်စေ ဝန်ထမ်းထည့်ဝင်ကြေးကို သတ်မှတ်ချက်နှင့်အညီ ပြန်လည်တောင်းခံခွင့်ရှိခြင်း၊

(င) အငြိမ်းစားအကျိုးခံစားခွင့်အပြင် ပုဒ်မ ၄၂ အရ ထည့်ဝင်ထားသည့် ရန်ပုံငွေမှ ရရှိမည့် အခြားအကျိုးခံစားခွင့်ကို ခံစားခွင့်ရှိခြင်း။

## အခန်း(၁၁)
## စာရင်းစစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်း

၄၅။ ဗဟိုရန်ပုံငွေစာရင်းများနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးနှစ်သည် နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်သည်။

၄၆။ (က) ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက ဦးဆောင်သည့် ဌာနတွင်းစာရင်းစစ်အဖွဲ့ကို ဖွဲ့စည်း၍ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) ပါ ရန်ပုံငွေစာရင်းများကို သုံးလတစ်ကြိမ် စစ်ဆေးရန် တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသော ဌာနတွင်း စာရင်းစစ်အဖွဲ့သည် မိမိ၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့နှင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၄၇။ ပင်စင်ဦးစီးဌာနသည် ဗဟိုရန်ပုံငွေစာရင်းများနှင့် စပ်လျဉ်းသည့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များအတွက် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ဝန်ကြီးဌာနမှ ခွင့်ပြုသည့် ပြင်ပစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

၄၈။ ပင်စင်ဦးစီးဌာနသည် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း၊ နှစ်ချုပ်အစီရင်ခံစာတို့အား စာရင်းစစ်တွေ့ရှိချက် အစီရင်ခံစာနှင့်အတူ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၄၉။ ပင်စင်ဦးစီးဌာနသည် နှစ်ချုပ်အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသို့ သင့်လျော်သည့် နည်းလမ်းအတိုင်း ဖြန့်ဝေရမည်။

၅၀။ ဒါရိုက်တာအဖွဲ့သည် တိုးတက်မှုအစီရင်ခံစာအား သုံးလတစ်ကြိမ် ပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း(၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၁။ မည်သူမဆို ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်မရဘဲ အငြိမ်းစားအကျိုးခံစားခွင့်အား လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၂။ မည်သူမဆို ဤဥပဒေအရ ခွင့်ပြုသည့် အငြိမ်းစားအကျိုးခံစားခွင့်ကို မရိုးမဖြောင့်သော သဘောဖြင့် ထုတ်ယူခြင်း၊ ထုတ်ယူရန် အားထုတ်ခြင်း၊ ထုတ်ယူရန် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၃။ မည်သူမဆို ဗဟိုရန်ပုံငွေကို ဤဥပဒေအရ ခွင့်ပြုသည့် ကိစ္စရပ်များမှ တစ်ပါး အခြားကိစ္စရပ်များအတွက် အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆယ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)
## ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်

၅၄။ အစိုးရအဖွဲ့သည် –

(က) ဗဟိုရန်ပုံငွေဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန် သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်မီကာလအတွင်း ကူးပြောင်းရေးကာလတစ်ခုကို သတ်မှတ်ပေးရမည်။ လိုအပ်ပါက ယင်းကူးပြောင်းရေးကာလကို တိုးမြှင့်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရသတ်မှတ်သည့် ကူးပြောင်းရေးကာလအတွင်း ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန် ဝန်ကြီးဌာနကို တာဝန်ပေးရမည်။

## အခန်း (၁၄)
## အထွေထွေ

၅၅။ ဒါရိုက်တာအဖွဲ့သည် ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ဗဟိုရန်ပုံငွေအဖွဲ့ဝင် ကျူးလွန်သော ပြစ်မှုမှာ နိုင်ငံတော် လုံခြုံရေးနှင့် ငြိမ်ဝပ်ရေးကို ထိခိုက်သော ပြစ်မှုဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါက ယင်းဗဟိုရန်ပုံငွေအဖွဲ့ဝင် ခံစားခွင့်ရှိသည့် လစဉ်အငြိမ်းစား အကျိုးခံစားခွင့်၏ ၅၀ ရာခိုင်နှုန်းကို လျှော့ချပိုင်ခွင့် ရှိသည်။

၅၆။ ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ဒါရိုက်တာအဖွဲ့ဝင်၊ ဒါရိုက်တာအဖွဲ့က ခန့်အပ်သည့် ကော်မတီဝင်နှင့် ပြင်ပကျွမ်းကျင်ပညာရှင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်ကိုလည်းကောင်း၊ ဒါရိုက်တာအဖွဲ့၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်ကိုလည်းကောင်း ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မိမိ၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၅၇။ ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းသည်–

(က) ဝန်ထမ်းထည့်ဝင်ကြေးကို သက်ဆိုင်ရာငွေထုတ်သူအရာရှိက ဝန်ထမ်း ၏ မူရင်းလစာမှ သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်စေရေး ကြီးကြပ်ရမည်။

(ခ) နှစ်စဉ်အသစ်ခန့်ထားမည့် ဝန်ထမ်းအင်အားလျာထားချက်ကို ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်း မရေးဆွဲမီ အတွင်းရေးမှူးရုံးသို့ ကြိုတင်ပေးပို့ရမည်။

(ဂ) အမှန်ခန့်ထားမည့် ဝန်ထမ်းအင်အားစာရင်းကို အတွင်းရေးမှူးရုံးသို့ သတ်မှတ်ချက်နှင့်အညီ ပေးပို့ရမည်။

၅၈။ ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းလက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းသည် ဗဟိုရန်ပုံငွေအဖွဲ့ဝင်နှင့် စပ်လျဉ်း၍ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက အတွင်းရေးမှူးရုံးသို့ သတ်မှတ်ချက်နှင့်အညီ အကြောင်းကြားရမည် –

(က) ရာထူးတိုးမြှင့်ခြင်း၊

(ခ) ရာထူးအဆင့်လျှော့ချခြင်း၊

(ဂ) ဌာနပြောင်းရွှေ့ခြင်း၊

(ဃ) ရာထူးမှ နုတ်ထွက်ခြင်း၊

(င) အငြိမ်းစားယူခြင်း၊

(စ) ရာထူးမှ ထုတ်ပယ်ခြင်း၊

(ဆ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊

(ဇ) ကွယ်လွန်ခြင်း။

၅၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဒါရိုက်တာအဖွဲ့ဝင်နှင့် ဒါရိုက်တာအဖွဲ့က ဖွဲ့စည်းသည့်ကော်မတီဝင်သည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၆၀။ ဒါရိုက်တာအဖွဲ့သည် အငြိမ်းစား မယူမီဖြစ်စေ၊ အငြိမ်းစားယူပြီးနောက်ဖြစ်စေ ကွယ်လွန် သည့် ဗဟိုရန်ပုံငွေအဖွဲ့ဝင်၏ အငြိမ်းစားအကျိုးခံစားခွင့်ကို အတွင်းရေးမှူးရုံးတွင် မှတ်ပုံတင်ထားသည့် ဆက်ခံခွင့် ဦးစားပေးအစီအစဉ်နှင့်အညီ ခံစားခွင့်ပြုရမည်။

၆၁။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် ဝန်ထမ်းခံစားခွင့်ရှိသည့် အငြိမ်းစားအကျိုးခံစားခွင့်ကို ခွင့်ပြုပြီးနောက် ယင်းဝန်ထမ်း၏လုပ်သက်ကျေနပ်ဖွယ် မရှိခြင်းကြောင့် ခွင့်ပြုပြီး အငြိမ်းစား အကျိုးခံစားခွင့်ကို လျှော့ချခြင်းကို လည်းကောင်း၊ အငြိမ်းစား မယူမီက ကျူးလွန်ခဲ့သော ပြစ်မှု တစ်ရပ်ရပ်ကို အကြောင်းပြု၍ အငြိမ်းစားအကျိုးခံစားခွင့်ကို လျှော့ချခြင်း၊ ရပ်ဆိုင်းခြင်း၊ သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ပြုလုပ်ခွင့်မရှိ။

၆၂။ ဤဥပဒေအရ ခွင့်ပြုသည့် အငြိမ်းစားအကျိုးခံစားခွင့်ကို ဝရမ်းကပ်ခွင့်မရှိ။

၆၃။ (က) ဤဥပဒေအရ ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့်အမြတ်ကို နိုင်ငံတော်သို့ ဥပဒေနှင့်အညီ အခွန်ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ အခွန်ပေးဆောင်ပြီးဖြစ်သည့် ရန်ပုံငွေသို့ ထည့်ဝင်ငွေများနှင့် အငြိမ်းစားအကျိုးခံစားခွင့်များအပေါ် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်များ စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့် ရှိစေရမည်။

၆၄။ ဤဥပဒေ ပုဒ်မ ၅၁ နှင့် ပုဒ်မ ၅၂ တို့ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၅။ ဤဥပဒေပါ ပြစ်မှုကို ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ မည်သည့်တရားရုံးတွင်မျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရ။

၆၆။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည့် ပြင်ပကျွမ်းကျင်ပညာရှင်သည် မိမိနှင့် မိသားစုဝင်များ၏ ငွေကြေး သို့မဟုတ် စီးပွားရေးလုပ်ငန်း စသည့် ပိုင်ဆိုင်မှုစာရင်းကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

၆၇။ ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင် အကျုံးမဝင်သည့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများသည် ဤဥပဒေပါ အငြိမ်းစားအကျိုးခံစားခွင့်ကို ဝန်ထမ်း၏ ဆန္ဒအလျောက် ပြောင်းလဲခံစားလိုပါက နိုင်ငံတော်ထည့်ဝင်ကြေးနှင့် ဝန်ထမ်းထည့်ဝင်ကြေးတို့ကို တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအလိုက် ထည့်ဝင်၍ သတ်မှတ်ချက်နှင့်အညီ ကူးပြောင်းနိုင်သည်။

၆၈။ (က) ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် အငြိမ်းစားအကျိုးခံစားခွင့်ကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ခံစားခွင့်ရှိသည်။

(ခ) အငြိမ်းစားအကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့် သက်ဆိုင်သည့် ဗဟိုရန်ပုံငွေ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသာ အငြိမ်းစား အကျိုးခံစားခွင့် ရှိသည်။

၆၉။ ဒါရိုက်တာအဖွဲ့သည် ဗဟိုရန်ပုံငွေဆိုင်ရာ လုပ်ငန်းများ အောင်မြင်စေရေးအတွက် ဤဥပဒေနှင့် သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ အကူအညီကို ရယူနိုင်သည်။

၇၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် ဒါရိုက်တာအဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/5926 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/4395 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/1764 Suzuki Carry DA63T Pick UP (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွန်း ၉/အမတ(နိုင်)၀၀၈၉၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/50434 HONDA CLICK 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ထွန်း ၉/မရမ(နိုင်)၀၁၅၈၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၈၅၆၂ Honda Scoopy 110 MC ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင် ၉/ခအဇ(နိုင်)၀၃၄၁၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆/သမိုင်း)၊ လူနေရပ်ကွက်အမှတ်(ကုန်းမြင့်သာ)၊ (၆)ရပ်ကွက်၊ ဓေယျာခေမာလမ်း၊ မြေကွက်အမှတ် (၄၅/၁ + ၄၅/၂)၊ စုစုပေါင်းမြေကွက်(၂)ကွက်၊ အကျယ်အဝန်း (၈၅၈၂-စတုရန်းပေ) ရှိ ဦးမျိုးဝင်းကျော် (၁၂/မရက (နိုင်) ၁၀၉၈၉၈) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးမျိုးဝင်းကျော် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်မျိုးနိုင်** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၂၅၀ ၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## "ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၆/ဒီ ၂၊ (၇) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်- ၄၈၈၊ ၄၉၀၊ ၄၉၂ ဟူ၍ခေါ်တွင်သော အုတ်နှစ်ထပ်တိုက် အောက်ထပ် (၃) ခန်း၊ အပေါ်ထပ် (၂) ခန်းရှိ အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်တို့အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူ ဒေါ်သီတာ [၁၂/ပဘတ (နိုင်) ၀၁၄၂၅၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ အဆောက်အအုံနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ (၃၀. ၆. ၂၀၂၀) ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ဖော်ပြပါအဆောက်အအုံကို အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ (၇. ၇. ၂၀၂၀) ရက်စွဲပါ စာအမှတ်- ၄၆၄၃/ပြင်ပ/စည်ပင်-ယာ/အုံ (စီမံချက်) ဖြင့် အန္တရာယ်ရှိအဆောက်အအုံဖြစ်သည့်အတွက် ဆက်လက်နေထိုင်ခြင်းမပြုရန် အသိပေးအကြောင်းကြားစာထုတ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအဆောက်အအုံအတွင်း နေထိုင်သူများသည် အခန်းများအား အသေးစား/အကြီးစားပြုပြင် ပြင်ဆင်ခြင်းများမပြုလုပ်ကြရန်နှင့် အဆောက်အအုံမှာ အန္တရာယ်ရှိအဆောက်အအုံဖြစ်နေသည့်အတွက် အဆောက်အအုံ၏ ပျက်စီးယိုယွင်းမှုကြောင့် ကျရောက်လာမည့် အန္တရာယ်အားလုံးသည် ပိုင်ရှင်၏တာဝန်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သီတာ၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်စင်မျိုးကြည် (စဉ်- ၁၀၇၁၂)** | **ဦးအိုအို (စဉ်- ၁၀၆၆၄)** |
| LL.B, D.B.L, D.I.L, D.M.L | B.sc (Geol), M.P.A, M.A (Business Law),H.G.P, |
| **တရားလွှတ်တော်ရှေ့နေ** | PG.D.L, LL.B, D.M.A, D.A Psy, D.A.E, D.B.L, D.M.L, |
| | D.I.L, D.I.R, DLP, (WIPO) (101,201,301,302,317,450) |
| | **တရားလွှတ်တော်ရှေ့နေ** |

FAME MYANMAR LAW FIRM

အမှတ်- ၂၈၊ အခန်း- ၅၀၂၊ (၅- လွှာ)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
Ph: 09-5148942, 01-378683

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၃၈)အခန်း၏ အမည်ပေါက်မှ အနောက်ပိုင်းခရိုင်တရားရုံး၏ ၁၁-၃-၂၀၂၀ ရက်တွင် အနိုင်ဒီကရီချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီအထောက်အထားများတင်ပြ၍ ၎င်း၏အမည်ပေါက် နေထိုင်ခွင့်စာချုပ် ပြန်လည်ထုတ်ပေးရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အကြောင်းအရာ | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်သီတာထွဋ်မှူ ၁၂/လမတ(နိုင်)၀၁၆၇၀၂ | အဆောက်အအုံနေထိုင်ခွင့် စာချုပ်ပြန်လည်ထုတ်ပေးရန်ကိစ္စ | တိုက်(၄)၊ အခန်းအမှတ်(၃၈) ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ် |

**အဆောက်အအုံဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၉၄

၁။ ဒေါ်နန်းကိန်ခမ်း နှင့် ဒေါ်ဝင့်ရွှေဇင်အိ
၂။ ဒေါ်နန်းစံမွဏ်း

**တရားလိုများ** **တရားပြိုင်**

ဒေါ်ဝင့်ရွှေဇင်အိ၊ အမှတ် (၅)၊ စူဠာမုနိရပ်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့နှင့် အရှေ့ရွာရပ်၊ ရှောလီဝိုင်းအုပ်စု၊ မိုးကုတ်မြို့ (ယခုနေရပ်လိပ်စာမသိသူ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးယူထားသောငွေကျပ်စုစုပေါင်း (၂၅၀၀၀၀၀၀/-) (ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)နှင့် နိုင်ငံတော်က သတ်မှတ်ထားသော အတိုးနှုန်းဖြင့် လျော်ကြေးငွေရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၃ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စန်းမြင့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

လှိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ အုပ်စု (၁၂)၊ မင်း/၂၉၆ နေ ဒေါ်ခင်မီမီအောင် ၂/လကန(နိုင်)၀၀၀၅၅၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

၁။ လှိုင်ကော်မြို့၊ မြေနီကုန်းရပ်ကွက်၊ မြေကွက်အမှတ်-၅၉၊ အကျယ်အဝန်း (၈၀x၈၀)ပေရှိ မြေကွက်သည် ၁၆-၈-၂၀၀၆ ရက်စွဲပါ မြေပေးမိန့်အမှတ်-၁၆၀ အရ ဦးအောင်သန်း ၂/လကန(နိုင်)၀၁၃၉၆၃ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ကြောင်း သိရပါသည်။

၂။ အဆိုပါမြေကွက်တွင် ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း၊ နေအိမ်တည်ဆောက်ခြင်းတို့အား ပြုလုပ်ပြီးနောက် ၃၁-၁၂-၂၀၁၈ ရက်တွင် အဆိုပါမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တန်ဖိုးငွေကျပ်(၁၀၁)သိန်းဖြင့် ဦးအောင်သန်းမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မီမီအောင်သို့ လွှဲပြောင်းရောင်းချခဲ့ကြောင်း သိရပါသည်။

၃။ ထိုသို့လွှဲပြောင်းရောင်းချရာတွင် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုခြင်း၊ ဝယ်သူ ဒေါ်ခင်မီမီအောင်မှ ရောင်းသူ ဦးအောင်သန်းသို့ အရောင်းအဝယ်၏ ကျသင့်ငွေကျပ်(၁၀၁)သိန်းကို ပေးချေခြင်းတို့ ပြုလုပ်ခဲ့ကြသည့်အပြင် အရောင်းအဝယ်နှင့်သက်ဆိုင်သော ၁၆-၈-၂၀၁၆ ရက်စွဲပါ မြေပေးမိန့်အမှတ်-၁၆၀ မူရင်းကို ဦးအောင်သန်းမှ ဒေါ်ခင်မီမီအောင်သို့ လွှဲပြောင်းအပ်နှံခဲ့သည့်နည်းတူ အရောင်းအဝယ်၏ မြေကွက်နှင့်နေအိမ်ကိုလည်း ဒေါ်ခင်မီမီအောင်သို့ လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရပါသည်။

၄။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မီမီအောင်သည် အဆိုပါမြေကွက်နှင့်နေအိမ်အား လက်ရောက်လွှဲပြောင်းရရှိခဲ့ပြီးသည့်နောက် လက်ရှိထားခြင်းဖြင့် အစဉ်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြောင်း သိရပါသည်။

၅။ ဤသို့ အစဉ်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရာမှ ၁-၇-၂၀၂၀ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မီမီအောင်၏ သဘောတူခွင့်ပြုချက်မရဘဲ ဒေါ်ခင်မီမီအောင် ဝယ်ယူခြင်းဖြင့် လက်ရှိထားလာခဲ့သည့် အဆိုပါမြေကွက်အတွင်း ဝင်ရောက်ခြင်းဖြင့် ဒေါ်ခင်မီမီအောင်၏အစီအစဉ်ဖြင့် နေအိမ်အားခတ်ထားသည့် သော့နှင့်ခြံဝင်းတံခါး၌ ခတ်ထားသောသော့တို့ကို ဖျက်ဆီးခြင်းဖြင့် အဆိုပါခြံဝင်းအတွင်းနှင့် နေအိမ်အတွင်း လူမဝင်ရောက်နိုင်အောင် သော့ခတ်ထားရှိခဲ့ကြောင်း သိရပါသည်။

၆။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မီမီအောင်၏ သဘောတူခွင့်ပြုချက်မရဘဲ ထိုသို့လုပ်ဆောင်ခံရသည့်ကိစ္စကို ဒေါ်ခင်မီမီအောင်မှ ဥပဒေနှင့်အညီ ဆက်လက်အရေးဆိုဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်ပေးသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်မီမီအောင် ၂/လကန(နိုင်)၀၀၀၅၅၇** | **ဦးမြစံ B.Sc-Phy;HGP** |
| | **အထက်တန်းရှေ့နေ (၁၉၁၁၀)** |
| | **(၂၂-၂-၁၉၉၁)** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ် (၇၆၃)၊ မြေကွက်တည်နေရာ၊ အမှတ် (၇၆၃) သန္တာ(၁)လမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးသီဟန် (SDG-၀၁၉၆၁၁)၊ အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးသီဟန်(SDG-၀၁၉၆၁၁) ကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်အုံးမြင့် ၁၂/ဥကတ(နိုင်) ၀၈၀၆၆၉ မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း ဦးသီဟန်၏သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်၍ မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်တွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၈၄၂/ခ၊ ဧရိယာ ပေ(၂၀ x ၆၀) မြေကွက်တည်နေရာအမှတ် ၈၄၂/ခ၊ အောင်သစ္စာ(၃)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးအောင်စိန် ၁၂/သကတ(နိုင်) ၀၇၅၉၈၅ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်စိန်ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8810 Mitsubishi Canter, Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း ၁၂/သဃက(နိုင်)၁၈၂၄၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄ စက်မှုဇုန်၊ မြေကွက်အမှတ် ၂၉၆၉/ခ၊ မြေကွက်တည်နေရာအမှတ် (၂၉၆၉/ခ)၊ အင်းလေးလမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ဦးသန်းဌေးဇော် ၉/ညဥန(နိုင်)၀၃၆၅၇၆၊ ဒေါ်မိုးမိုးသူ ၉/မနမ(နိုင်)၀၄၀၉၁၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်မိုးမိုးသူ၊ ဦးသန်းဌေးဇော်တို့အနက်မှ ခင်ပွန်း ဦးသန်းဌေးဇော် ကွယ်လွန်သွားပါသဖြင့် ဇနီးဒေါ်မိုးမိုးသူ ၉/မနမ(နိုင်)၀၄၀၉၁၂ မှ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ (၀၉/၁၄၁၁/၂၀-၉-၁၉) ထောက်ခံကျမ်းကျိန်လွှာများဖြင့်ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်မိုးမိုးသူထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ (၂၅၉၂၁/၁၂-၉-၁၉) ဖြင့်ရရှိသူ ဒေါ်ဇာခြည်နွယ် ၁၂/စခန(နိုင်)၀၅၆၁၃၄ မှ ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ (၀၉/၁၄၀၈/၂၀-၉-၁၉)၊ သေစာရင်း (၂၃-၈-၂၀၁၈) အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ် ၆၀ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဈ၊ မြေကွက်အမှတ် ၅၈၁/က၊ မြေကွက်တည်နေရာအမှတ် (၅၈၁/က)၊ မေခါဝီလမ်း၊ (ဈ)ရပ်ကွက် ၊ ဒေါ်ခင်လှဝင်း (ခ) ဒေါ်ရှုလွမ် ၁၂/ဥကမ(နိုင်)၁၅၁၀၅၂ အမည်ပေါက် နှစ်(၆၀)ဂရန် အမည်ပေါက်သူ (မိခင်) ဒေါ်ခင်လှဝင်း(ခ)ဒေါ်ရှုလွမ်သည် ၈-၄-၂၀၁၆ ရက်တွင်လည်းကောင်း၊ (ဖခင်)ဦးမျိုးအောင်သည် ၆-၁-၂၀၀၉ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးအောင်ဇော်မြင့် ၁၂/ဥကမ(နိုင်) ၀၂၂၇၀၉၊ ဦးကျော်စိုးလင်း ၁၂/ဥကမ(နိုင်)၀၀၀၃၄၆၊ ဒေါ်နီလာခိုင် ၁၂/ဥကမ(နိုင်) ၀၀၀၃၄၇၊ ဦးစိုးမင်းဟန် ၁၂/ဥကမ(နိုင်)၁၆၆၈၀၄၊ ဒေါ်စုစုပိုင် ၁၂/ဥကမ(နိုင်)၀၁၅၈၀၂၊ ဦးကျော်စွာဟိန်း ၁၂/ဥကမ(နိုင်)၁၉၁၁၀၈ တို့မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ် ၁၇၃၂/၂၀၂၀၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ ဦးကျော်စိုးလင်း၊ ဦးစိုးမင်းဟန်၊ ဒေါ်စုစုပိုင်၊ ဦးကျော်စွာဟိန်းတို့ထံမှ GP No(၃၁၃၄၁/၁၉) (၃၁၃၄၂/၁၉) ဖြင့်ရရှိသူ ဦးဟုတ်လင်း (ခ) ဦးဝင်းသိန်း ၁၂/ဥကမ(နိုင်)၁၅၁၀၅၃ နှင့် ဒေါ်နီလာခိုင်၊ ဦးအောင်ဇော်မြင့်တို့မှ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၂၆၄၊ မြေကွက်တည်နေရာအမှတ် ၂၆၄၊ မော်လမြိုင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဦးမောင်မောင်စန်း) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းသင်း ၉/မထလ(နိုင်) ၀၄၄၇၇၀ မှ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တစ်ထပ်အုတ်ညှပ်အဆောက်အအုံတစ်လုံးနှင့် တစ်ထပ်ပျဉ်ထောင်အဆောက်အအုံတစ်လုံးတွေ့ရှိရ၍ ကာယကံရှင်မှ မြေပြင်လက်ရောက်ရယူထားခြင်းမရှိသဖြင့် မြေပြင်လက်ရောက်ရယူပြီးမှသာ ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့ရာ ဒေါ်စန်းစန်းသင်းမှ ၁၁-၃-၂၀၂၀ ရက်စွဲပါစာဖြင့် အဆိုပါမြေကွက်အား ဦးမောင်မောင်စန်းထံမှ ၁၀-၉-၂၀၀၇ ရက်တွင် အရောင်းစာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး ဦးတင်ဝင်းမိသားစုအား အစောင့်ထားရှိကာ ဦးတင်ဝင်းမိသားစု ပြောင်းရွှေ့ခဲ့ချိန် ၂၀၁၄ ခုနှစ်၌ ဦးမြင့်လွင်နှင့် ဦးထွန်းဝင်းတို့မှ ကျူးကျော်နေထိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၎င်းကျူးကျော်နေထိုင်သူများအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ၁၄-၃-၂၀၁၉ ရက်တွင် တရားမကြီးမှုအမှတ် ၁၀၀/၂၀၁၉ ဖြင့် အမှုစွဲဆိုထားပါကြောင်း ထိုသို့ဥပဒေနှင့်အညီ တရားစွဲဆိုခဲ့ပြီး ၎င်းအမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်အား တရားရုံးတော်သို့တင်ပြမှသာ တရားရုံးတော်မှ ကျူးကျော်သူများကို ဖယ်ရှားနိုင်မည်ဖြစ်ပါသဖြင့် တရားရုံးသို့ တင်ပြနိုင်ရန်အတွက် အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းသင်းမှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆)၊ မြေကွက်အမှတ် ၄၇/၅၁-က/၆ နှင့် ၄၇/၅၁-က/၅၊ မြေကွက်တည်နေရာအမှတ် (၅)၊ သုမင်္ဂလာ (၁) လမ်း၊ ၈/သုမင်္ဂလာရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဒေါ်နော်အတင် ISN-၂၀၅၀၇၉) အမည်ပေါက်ပါမစ်မြေအား ဒေါ်နော်အတင်ထံမှ ၇-၅-၁၉၉၅ ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်ဘက်တီ ၁၂/သဃက(နိုင်)၀၂၇၃၁၈ က ဒေါ်နော်အတင် အမည်ဖြင့်ချထားသော မြေချပါမစ်ပိုင်ရှင်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ၎င်း၏မိခင် ဒေါ်နော်အတင်သည် ၂၁-၆-၁၉၉၉ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ၎င်းမကွယ်လွန်မီက နှစ်(၆၀)မြေငှားဂရန် လျှောက်ထားခဲ့ခြင်းမရှိကြောင်းနှင့် မြေချပါမစ်နှင့် မြေကွက်ကို အခြားသူတစ်ဦးဦးသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်းနှင့် အာမခံပစ္စည်းအဖြစ် တင်သွင်းထားခြင်းမရှိကြောင်း၊ ၎င်း၏လက်ဝယ်တွင် သိမ်းဆည်းထားစဉ် ပျောက်ဆုံးသွားပါကြောင်း မြောက်ဥက္ကလာပမြို့နယ် တရားရုံးမှတ်ပုံတင်အမှတ်စဉ် ၉/၁၄၆/၁၇(၆-၉-၂၀၁၇) ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ မိခင်ထံမှ ဝယ်ယူထားခြင်းဖြစ်ပါသဖြင့် ဖခင်ကွယ်လွန်ကြောင်း ရပ်ကွက်အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကျန်မောင်နှမများမှ သိရှိသဘောတူပါကြောင်း၊ ကန့်ကွက်ရန်မရှိပါကြောင်း ထောက်ခံချက်တို့ဖြင့် ဒေါ်ဘက်တီ၏ ကိုယ်စားလှယ်လွှဲစာ (G-P)/၅၃၆၇/၁၇(၆-၆-၂၀၁၇)ရသူ ဒေါ်မေသဇင် ၁၂/သဃက(နိုင်) ၁၄၅၈၃၄ က ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကုန်အမှတ်တံဆိပ်နှင့် လမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်များ သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၂၃၇) ရှိ United Paints Group Co.,ltd. က အောက်ဖော်ပြပါ UNITEX EMULSION PAINT ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

## ကုန်အမှတ်တံဆိပ်

မှတ်ပုံတင်အမှတ် - ၄ပို/၇၀၉၅/၂၀၁၇

**လက်ရှိဆေးပုံး**




အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် UNITEX EMULSION PAINT သဘော်ဆေး(ရေဆေး)ကို ၁၉.၆.၁၉၉၆ ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်- ၄/၂၅၈၀/၁၉၉၆မှတ်ပုံတင်ခဲ့ပြီး ၁၅.၆.၂၀၁၇ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်- ၄ပို/၇၀၉၅/၂၀၁၇ ဖြင့် သက်တမ်းတိုး မှတ်ပုံတင်ခဲ့ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အလှဆင်ရေဆေးအမျိုးမျိုးကို ထုတ်လုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချ လျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆိုပါ ကုန်အမှတ်တံဆိပ်အား အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး တို့ဖြင့် ဖန်တီးပြုလုပ်ပြီး အလှဆင်ရေဆေးထုတ်ကုန်ပစ္စည်းများပေါ်တွင်ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်လုပ်၍ မိမိတို့ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်အဖြစ် သုံးစွဲလျက်ရှိပါသည်။ UNITEX EMULSION PAINT ကုန်အမှတ်တံဆိပ်ဖြင့် အရောင်အမျိုးမျိုးဖန်တီးပြုလုပ်၍ အရောင်များနှင့် လိုက်လျောညီထွေသည့် ကုတ်နံပါတ်များကို အောက်ပါအတိုင်းသတ်မှတ်အသုံးပြုထားပါသည်။




ထိုလမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်တို့ကို UNITEX EMULSION PAINT ဆေးအရောင်များနှင့်ယှဉ်တွဲ၍ ယခင်နှစ်များစွာကတည်းကပင် ယနေ့ထိတိုင် UPG ကုမ္ပဏီနှင့် သုံးစွဲသူများအကြား မှတ်သားခေါ်ဝေါ်သုံးစွဲလျက်ရှိပါသည်။ ယခုအခါ မသမာသူအချို့က အထက်ပါ UNITEX EMULSION PAINT နာမည်ကောင်းသတင်းကို အမှီပြုလျက် ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်းပုံစံ၊ အရောင်များနှင့် အရောင်ကုတ်နံပါတ်များအား ဆင်တူယိုမှားတုပအသုံးပြု၍ United Paints Group Co.,ltd.မှ တရားဝင်ထုတ်လုပ်ရောင်းချသည့် ကုန်ပစ္စည်းများအတိုင်း ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိကြောင်း တွေ့မြင်ကြားသိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ UNITEX EMULSION PAINT ကုန်အမှတ်တံဆိပ်နှင့် လမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်များကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပပြုလုပ်သုံးစွဲ၍ ထုတ်လုပ်ဖြန့်ချိရောင်းချခြင်း၊ မပြုလုပ်ကြပါရန် နှင့်လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။


လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြင့်ကြိုင်
B.A (Law)., LL.B., Diploma in English.
တရားလွှတ်တော်ရှေ့နေ (စဉ် –၂၁၅၆ /၂၆.၁၁.၁၉၈၁)
ဖုန်း- 09 89 8444577

ဒေါ်စုမွန်သန်း
LL.B.
အထက်တန်းရှေ့နေ (စဉ် –၄၇၈၅၄ /၃၁.၈.၂၀၁၆)
ဖုန်း- 09 45100 6856

အမှတ် (A-8/202)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၂၁**

ဦးသန်းဝင်း နှင့် ၁။ ဦးကျော်မျိုးဦး
၂။ ဦးဝင်းဗိုလ်

တရားလို တရားပြိုင်များ

(၁) တရားပြိုင် ဦးကျော်မျိုးဦး၊ ဘောက်သောကပ်ရွာ၊ ကုန်းကြီးရပ်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ထီလက်မှတ်ဖိုးငွေ (၂၄၅၀၀၀၀၀/-)ကျပ်နှင့် ဆုမဲပေါက်ဂဏန်းများတန်ဖိုးငွေ (၁၉၉၅၀၀၀၀/-)ကျပ်နှင့် နစ်နာကြေးငွေ (၅၅၅၀၀၀၀/-) ကျပ်စုစုပေါင်းငွေကျပ် (၅၀၀၀၀၀၀၀/-) (ကျပ်သိန်း ၅၀၀) ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၂၇ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မာလာထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ကလေးခရိုင်တရားရုံးတော်၌**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၃၀**

ဦးစောထိုက်အေး နှင့် ၁။ ဦးငြိမ်းမျိုးလတ်
၂။ ဒေါ်မြင့်သန္တာ

တရားလို တရားပြိုင်များ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ နယ်မြေ(၁/၃၉)၊ ဗိုလ်ချုပ်လမ်း၊ အောင်မြေမာန်ရပ်ကွက်၊ (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင်များဖြစ်ကြသော (၁)ဦးငြိမ်းမျိုးလတ်၊ (၂)ဒေါ်မြင့်သန္တာတို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစောထိုက်အေးက ချေးငွေ(၃၅,၀၀၀,၀၀၀/-) ကျပ် (သိန်းသုံးရာ့ငါးဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၂ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၂၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းထိုက်ဦး)**
**ခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၃) လမ်း၊ အမှတ် (၂၂)၊ ၄ လွှာ(ဘီ)၊ ခြေရင်းခန်း၊ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ခင်မျိုးစု ၁၂/ပဘတ(နိုင်) ၀၂၅၇၃၀ သို့ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးလှကြည် ၁၂/ကမတ(နိုင်)၀၀၀၉၅၁ ဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်သူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲအောင်နိုင်ထူး**
**အထက်တန်းရှေ့နေ LL.B (စဉ်-၃၃၀၄၆)**
**ဖုန်း-၀၉-၇၉၁၆၈၆၃၃၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေရေယာ ၀ ဒသမ ၀၈၂ဧက၊ မြေကွက်အမှတ် (ဒ-၄၁၂၀)၊ ဦးဝင်းအောင် (ဘ)ဦးစံရွှေ LWE-၁၅၇၀၉၃ အမည်ပေါက် ပါမစ်မြေကွက်အား လယ်ဝေးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာ (၆၀/၂၀၁၃) ရရှိထားသူ ဒေါ်ရွှေမိ(ဘ)ဦးစိန်မောင် ၉/ရမသ(နိုင်)၀၀၈၈၀၆ မှ မြေပေးစာလစ်၊ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာ (၆၀/၂၀၁၃)မူရင်းများ တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်အား ဒေါ်ရွှေမိ(ဘ)ဦးစိန်မောင် ၉/ရမသ(နိုင်)၀၀၈၈၀၆ ကို ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)**

**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၄**

ဦးသန်းဆွေ နှင့် ဒေါ်မြတ်နွယ်

တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ မေမြို့သစ်တောကျောင်းနေသူ ဒေါ်မြတ်နွယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသန်းဆွေက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၇ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ နံနက် ၉:၃၀ နာရီတွင်အထက်အမည်ပါသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်ကိုယ်တိုင် မလာမရောက်ပျက်ကွက်ခဲ့လျှင်သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရ မည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**

**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၅**

ဦးသန်းဆွေ နှင့် ဦးမောင်မောင်

တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မနော်ဟရီလမ်းတောင်ဘက်၊ (၅၆x၅၇)လမ်းကြား၊ လေးမျက်နှာတိုက်ခန်း၊ ရတနာမြိုင်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ အခန်းအမှတ် (၃၉/၄၀)နေသူ ဦးမောင်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသန်းဆွေက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၇ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ နံနက် ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်ကိုယ်တိုင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁၀)၊ ဦးပိုင်အမှတ် (၆၀)၊ ၆၃x၆၄ လမ်းကြား၊ ပျူစောထီးနှင့် ကျန်စစ်သားလမ်းကြားရှိ ဒေါ်စိန်စိန်အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးဘရင်၊ မိခင် ဒေါ်မြစိန်တို့ အသီးသီးကွယ်လွန်ပြီး (သမီး၊ အစ်မ) ဖြစ်သူ ဒေါ်စိန်စိန် (အပျိုကြီးဘဝ) ကွယ်လွန်သဖြင့် ကျန်ရစ်သောဝမ်းကွဲညီမဖြစ်သူ ဒေါ်ကျင်စိန် ၉/ခမစ(နိုင်)၀၅၁၆၀၅ က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ စာချုပ်ချုပ်ဆိုခြင်းမရှိဘဲ လက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် ထပ်မံ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/1939 Forland Dump Truck(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောကွဲထော ၁၀/ပမန(နိုင်)၂၀၆၄၅ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် SHN-7304 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးလေး ၁၃/ကတန(နိုင်)၁၅၃၆၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## အမည်မှန်

မိုင်းဆတ်မြို့၊ မယ်ဆွမ်တောင်ရပ်ကွက် (နောင်ဟီး)နေ ဦးအောင်မျိုးသူ၏သမီး မမြတ်နိုးသူ ၁၃/မဆန(နိုင်)၀၆၀၄၆၁ ၏အမည်မှန်မှာ မမေမြတ်နိုးသူ ဖြစ်ပါကြောင်း။ **မမေမြတ်နိုးသူ**

## ကန့်ကွက်နိုင်ပါသည်

ကျိုင်းတုံမြို့၊ အမှတ် (၂)ရပ်ကွက်၊ နမ့်ချက်ရပ်နေ ဦးစိုင်းဆမ် ၁၃/ကတန(နိုင်)၀၀၉၅၈၃ (ဘ) ဦးနန်ယီ အမည်ပေါက်ပိုင်ဆိုင်သော အကွက်(၄၂)၊ ဦးပိုင်အမှတ် (၁၀C)၊ မြေရေယာ ၀ ဒသမ ၁၇၃ ဧက (ခရိုင်အုပ်ချုပ်ရေးမှူးရုံး၏ ၂၈-၁-၂၀၂၀ ရက်စွဲပါ အမှုတွဲအမှတ်-၇၅/၉၈) မြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူပြန်လည်လျှောက်ထားမည်ဖြစ်၍ ယခုကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးရုံး(ကျိုင်းတုံခရိုင်)သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးစိုင်းဆမ်**
**၁၃/ကတန(နိုင်)၀၀၉၅၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/တောင်) ရပ်ကွက်၊ မြင်တော်သာလမ်း၊ တိုက်အမှတ်(၁၁၂၂/က)၊ အခန်းအမှတ်-စတုတ္ထထပ်(၅လွှာ)(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ ပေ × ၅၀ပေ) ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးရှုရှုပ်(၁၂/ဒပန (ပြု)၀၀၀၀၄၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**Hein Htet San Law Firm**

**ဦးဇော်ထွန်းအောင်**
**LL.B, D.M.L,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)
၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ် ၊ ရန်ကုန်မြို့သစ်စီမံကိန်းပြန်လည်နေရာချထားသည့် အုပ်စု (RA) (RA-1)၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၄၆၁) နှင့် မြေကွက်အမှတ်(၀၄၇၁)တစ်ကွက်လျှင် အကျယ်အဝန်း (၁၀၀ပေ× ၁၀၀ပေ)စီရှိ ဦးစန်းလွင် (၁၂/တတန(နိုင်)၁၁၀၉၈၈) အမည်ပေါက် ပါမစ်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးစန်းလွင်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**Hein Htet San Law Firm**

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/6738 TOYOTA DYNA XZU 307, LIGHT TRUCK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၉/စကတ(နိုင်)၀၈၁၅၇၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/68236 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စောရီ ၇/ဝမန(နိုင်)၀၇၃၈၅၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/5257 Shwe Myine Light Truck Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းခင် ၁၀/မလမ(နိုင်)၀၇၂၇၃၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၅၇၄၄၄ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၁၀/မလမ(နိုင်)၂၇၃၄၇၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## အမည်မှန်

မြောက်ဦးမြို့၊ ကျောက်ရာဇ်ကေ ရပ်ကွက်နေ ဦးမောင်တင်ဦး၏သား မောင်လှိုင်ကို ၁၁/မဥန(နိုင်)၀၉၇၉၁၁ ၏ အမည်မှန်မှာ ကျောင်းထောက်ခံချက်အရ မောင်နိုင်ကို ဖြစ်ပါကြောင်း။

**မောင်နိုင်ကို**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ငရွှေပြင်ကျေးရွာနေ ဦးမောင်သိန်းနု ၏သား မောင်မျိုးမင်းအောင် ၁၁/မပတ (နိုင်)၀၅၆၈၁၇၏ မွေးသက္ကရာဇ်အမှန်မှာ (၁၆-၈-၁၉၉၃) ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၁၀၅၉၃ M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်တင့် ၁၄/ကခန(နိုင်)၀၀၉၉၅၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

